ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 25 March 2021 ၁၀၃၂၇

# (၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်ချီတက် စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မတ် ၂၄

မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။

**လေ့ကျင့်ဆောင်ရွက်**

ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုတွင် စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် စိုးမင်းဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့ ပါဝင်ကြပြီး စစ်ရေးပြကွင်းအတွင်းသို့ တပ်မတော် စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများ သီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနား အစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

## မီးလောင်မှုဖြစ်ပွားပြီး အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် နောက်ဆုံးပေးသွင်းခဲ့သော ထည့်ဝင်ကြေး လုပ်ခလစာ၏ ၄၀ % ကို ထောက်ပံ့ပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် ( ၁၆၄ / ၂၀၂၁ )**
**နေပြည်တော် ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**
**၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်လူမှုဖူလုံရေးရုံးခွဲများဖြစ်သည့် လှိုင်သာယာရုံးခွဲ၊ ရွှေလင်ပန်း စက်မှုဇုန်ရုံးခွဲနှင့် ရွှေပြည်သာရုံးခွဲတို့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ(၁၈)ရုံသည် ၁၄-၃-၂၀၂၁ ရက်နေ့ (၁၃:၃၀) နာရီတွင်လည်းကောင်း၊ ၁၅-၃-၂၀၂၁ ရက်နေ့ (၁၄:၀၀) နာရီတွင်လည်းကောင်း၊ ၁၉-၃-၂၀၂၁ ရက်နေ့ (၁၅:၀၀) နာရီတွင်လည်းကောင်း၊ ရှို့မီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အဆောက်အဦများပျက်စီးခြင်း၊ စက်ရုံရှိပစ္စည်းများ မီးလောင်ကျွမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အဆိုပါစက်ရုံများတွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ကျား (၂,၂၂၉) ဦး၊ မ (၁၃,၄၂၈) ဦး၊ စုစုပေါင်း (၁၅,၆၅၇) ဦးအား ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၃၁ (ခ)(၂)နှင့် နည်းဥပဒေ ၁၃၆ (ခ)တို့နှင့်အညီ ဥပဒေပုဒ်မ ၁၀၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မီးလောင်မှုဖြစ်ပွားပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် နောက်ဆုံးပေးသွင်းခဲ့သော ထည့်ဝင်ကြေးလုပ်ခလစာ၏ ၄၀% ကို လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်အဖြစ် ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

၃။ အပိုဒ် ၂ ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စားတာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေများကို ရရှိနိုင်ရေး သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ လျှောက်ထားရမည်ဖြစ်သည်။

၄။ အထက်ပါ ထုတ်ပြန်ချက်များသည် ဤအမိန့်ကြော်ငြာစာပါ ထုတ်ပြန်သည့်နေ့မှ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

ဦးမြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး

## (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

(၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက်တွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၅ နာရီခွဲအချိန်မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

# ဒို့တာဝန်အရေး(၃)ပါးကို အစဉ်ထာဝရဦးထိပ်ပန်ဆင်

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သော တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အစဉ်တစိုက် ထမ်းဆောင်လျက်ရှိပါသည်။ ထို့ကြောင့် တပ်မတော်သည် အဓိကတာဝန်ဖြစ်သည့် ကာကွယ်ရေးတာဝန်အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထာဝရဦးထိပ်ပန်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဗမာ့တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် လွတ်လပ်ရေးကို ရရှိခဲ့သည်။ တစ်ဆက်တည်းတွင် တပ်မတော်သည် ပြည်တွင်း၊ ပြည်ပ အဖျက်အန္တရာယ်အမျိုးမျိုးကြားမှ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ ထူးခြားချက်မှာ တပ်မတော်သည် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေ့ဆောင်လမ်းခင်းပေးခဲ့ခြင်းဖြစ်သည်။ လူ့ဘောင်လောကသစ် ထူထောင်မှုသည် ၁၉၄၇ ခုနှစ်က အမျိုးသားခေါင်းဆောင်များ၏ မျှော်မှန်းချက်ဖြစ်သည်။

ဤလုပ်ငန်းစဉ်ကြီး၏ သမိုင်းသည် မြန်မာနိုင်ငံအတွက် အရေးကြီးလှပေသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်ဆိုသော်လည်း အယူဝါဒအမျိုးမျိုး၊ အဖျက်အမှောင့်မျိုးစုံတို့ကြောင့် ရှင်ကြီးဝမ်းထဲဝင်လိုက်၊ ရှင်ငယ်ဝမ်းထဲဝင်လိုက်နှင့် နာလန်မထူနိုင်အောင် ဖြစ်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးသည့်နောက် ကာလတစ်လျှောက်လုံး မြန်မာ့သမိုင်း၏ ဟာကွက်၊ ပျော့ကွက်သဖွယ်ဖြစ်ခဲ့ရသည့် အန္တရာယ်အမျိုးမျိုးရှိခဲ့ပေသည်။ အကယ်၍သာ လွတ်လပ်ရေးရပြီးသည်မှစ၍ မြန်မာ့လူ့ဘောင်ကို ဖြောင့်ဖြူးချောမွေ့ အဆင်ပြေစွာ လျှောက်လှမ်းနေရပါလျှင် တပ်မတော်သည် ကာကွယ်ရေးတာဝန်မှအပ တိုင်းပြည်အရေးတွင် ပါဝင်လာစရာအကြောင်းမရှိပေ။

တပ်မတော်သည် မြန်မာ့နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နေရခြင်းသည် ကြုံတွေ့ခဲ့ရသည့် အကြောင်းပေါင်းများစွာတို့ကြောင့်ဖြစ်သည်။ ပြည်ပအန္တရာယ်သည် တပ်မတော်၏ အဓိကထမ်းဆောင်ရမည့် တာဝန်ဖြစ်သော်လည်း အကြောင်းတစ်ခုမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများပင်ဖြစ်သည်။ နောက်အကြောင်းတစ်ခုမှာ တိုင်းပြည်နှင့်ပြည်သူလူထုမျက်နှာကို မထောက်ရှုဘဲ ကိုယ့်ခံယူချက်၊ ကိုယ့်ရှုထောင့်မှကြည့်၍ သရုပ်ဖော်ဖန်တီးမှုများဖြစ်သည်။ အခြားအကြောင်းကို ပြောပါဆိုလျှင် ၁၉၈၈ ကဲ့သို့ အရေးအခင်းကြီးကြောင့် လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်ကဲ့သို့ ပြဿနာများကြောင့်လည်းကောင်း ဆောင်ရွက်နေရခြင်းဖြစ်သည်။

ပြည်သူများသည် မျက်မှောက်မြန်မာ့နိုင်ငံရေးသမိုင်းဟု ခေါ်ဆိုရမည့် လွတ်လပ်ရေးခေတ်၊ တစ်နည်းအားဖြင့် စစ်ပြီးခေတ်ကို သိရှိနိုင်ကြမည်မဟုတ်ပေ။ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်က ဦးဆောင်လုပ်ကိုင်ခဲ့သည့် ခေတ်ကာလနှင့် အကြောင်းများကိုသာ အမျိုးမျိုးမြင်နေကြမည်ဖြစ်သည်။ ခေတ်ကာလများအတွင်း ပေါ်ပေါက်လာခဲ့သည့် အကြောင်းတရားများကိုမမြင်ဘဲ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့သည်ကိုသာမြင်နေသည်။ တပ်မတော်သည် လွတ်လပ်ရေးကို ရယူခြင်း၊ လွတ်လပ်ရေးကိုကာကွယ်ခြင်းနှင့် နိုင်ငံတော်အတွက် ရပ်တည်၍ ပြည်သူတို့အတွက် တရားမျှတသည့်အေးချမ်းသာယာဝပြောသောလူ့ဘောင်ထူထောင်ခြင်းတွင် အဓိကအားဖြင့်ဆောင်ရွက်၍ မြန်မာ့သမိုင်းကြောင်းကို မှန်မှန်ကန်ကန် ရေးထိုးသွားမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် နိုင်ငံတော်နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကို သွေဖည်စေသည့် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည်မှာလည်း သမိုင်းပေးတာဝန်ဖြစ်ပေသည်။ (၇၆) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်တွင် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး ဦးတည်ချက်ချမှတ်ထားသည်။

သို့ဖြစ်ရာ တပ်မတော်သည် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိခဲ့သည်နှင့်အညီ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်တွင်ပါရှိသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၄-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၉ | ၈၄,၆၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၂၇၈ | ၉၈၆,၉၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၄ | ၃၂,၀၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၃၀၃ | ၆,၅၁၄,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၁၅ | ၄၉,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၅.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၉.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၁.၇၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၅၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၀.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၁၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၀.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၇၄.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၈၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

## ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

**ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သား ညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။**

*[ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက် ]*



* ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အပါအဝင် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။ စစ်ရေးပြလေ့ကျင့်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ခေတ်သုံးခေတ်ကို ထင်ဟပ်ပုံဖော်

အဆိုပါစစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ (NavySEALs)၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း) ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ရေ)ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ခဲ့ကြပြီး တပ်မတော် စတင်ဖွဲ့စည်းသည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ၁၉၇၀ ပြည့်နှစ်ထိ ငွေရတုကာလ၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်ထိ ရွှေရတုကာလ၊ ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စိန်ရတုကာလအတွင်း မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲဝတ်ဆင်ခဲ့သည့် တံဆိပ်၊ ယူနီဖောင်းများဝတ်ဆင်ကာ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် စစ်လက်နက်ပစ္စည်းများမှသည် ယနေ့ခေတ် ခေတ်မီတပ်မတော် တည်ဆောက်ရေးအတွက် ပြောင်းလဲဆန်းသစ်လာသည့် စစ်လက်နက်ပစ္စည်းများနှင့်အတူ ခေတ်သုံးခေတ်ကို ထင်ဟပ်ပုံဖော်ကာ လေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## (၇၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ ၆၆ ခုမြောက်ဘဏ်ခွဲ ဖွင့်လှစ်

**နေပြည်တော် မတ် ၂၄**

(၇၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ ၆၆ ခုမြောက် ဘဏ်ခွဲဖြစ်သော မြဝတီဘဏ်(မြစ်ကြီးနား) ဘဏ်ခွဲဖွင့်လှစ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် ကွင်းအမှတ်(၁၆ က/၃က)၊ ဦးပိုင်အမှတ်(၂၀/၂-ခ) ပြည်ထောင်စုလမ်းမကြီး၊ အမှတ် (၉/၃၉၄)ရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်ရာ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က မြဝတီဘဏ်(မြစ်ကြီးနား)ဘဏ်ခွဲအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မြဝတီဘဏ်(မြစ်ကြီးနား) ဘဏ်ခွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သော မြေနှင့်အဆောက်အအုံများကို အာမခံအဖြစ် ရယူ၍ ချေးငွေများထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking နှင့် Internet Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း ပျဉ်းမနားမြို့နယ် ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀:၀၅)အချိန်မှ (၁၀:၀၀)အချိန်ထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ် ပန်းခင်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန် - မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၄**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ၂၀၂၁ ခုနှစ် မတ် ၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၂၁ အရ အဖွဲ့ဝင် ၉ ဦးဖြင့် ပြင်ဆင် ဖွဲ့စည်းခဲ့သည်။

ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေး ဖြစ်သည့် (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၈၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းစသည့် လုပ်ငန်းသစ် (၁၀)ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၅၇၉ ဒသမ ၀၁၉ သန်းနှင့် ငွေကျပ် ၃၆ ဒသမ ၇၈၁ ဘီလီယံရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၄၅ နေရာကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ယခုအစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများကိုလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြန်လည် ဖွဲ့စည်းပေးခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၈၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီး မြှုပ်နှံထားကြသည်။

**သတင်းစဉ်**

# ရန်ကုန်နှင့် နေပြည်တော်ရှိ ဗဟိုအဆင့်ဆေးရုံများ၌ ဆေးရုံလုပ်ငန်း ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၄**
ရန်ကုန်နှင့်နေပြည်တော်ရှိဗဟိုအဆင့်ဆေးရုံများတွင် ဆေးရုံလုပ်ငန်း ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID–19 Central Command Centre ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုများ အတွက် ပြည်သူအများစုအနေဖြင့် ပြည်သူ့ဆေးရုံ များကို အဓိကအားထားနေရပါကြောင်း၊ ဆေးရုံ အုပ်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ အားလုံး သည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက် ရှိပါကြောင်း၊ ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး ရမည့်တာဝန်ကို ခေတ်အဆက်ဆက်က ဆေးပညာရှင် ကောင်း ပီသစွာ တာဝန်ကျေပွန်အောင် ဆောင်ရွက် ပေးခဲ့ကြပါကြောင်း၊ ယခု ကြုံတွေ့နေရသည့် အခက်အခဲကာလတွင်လည်း မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ မွန်မြတ်သည့် ဆေးပညာရှင်များ၏ ဂုဏ်ကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ် ပါကြောင်း၊ ကိုဗစ်–၁၉ ပထမလှိုင်း၊ ဒုတိယလှိုင်း တို့တွင်လည်း အခက်အခဲများကြားမှ အောင်မြင်စွာ ကျော်ဖြတ်လာခဲ့ကြပြီး ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ "ကျန်းမာရေး ဝန်ထမ်းများအား ပန်ကြားချက်"ဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများအကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် အလေး အနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားလျက် ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ကာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာ ဆေးရုံများ၊ ရုံး/ဌာနများသို့ ပြန်လည် ဝင်ရောက် တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက ဆက်သွယ်နိုင်ရန် ဝန်ကြီးဌာန Call Centre တယ်လီဖုန်း နံပါတ် /အီးမေးလ် လိပ်စာများကိုလည်း အသိပေးပန်ကြားလျက်ရှိပါကြောင်း။

ဆေးကုသရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက် နိုင်ရေး လိုအပ်မည့် ဆေးရုံစီမံခန့်ခွဲမှုများကို ဆေးရုံ အုပ်ကြီးများအနေဖြင့် စနစ်တကျ ဆောင်ရွက်ကြ ရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများနှင့် ဆေးကုသမှု အထောက်အကူပြု စက်ပစ္စည်းများသည် နိုင်ငံတော် ပိုင်ပစ္စည်းများဖြစ်သဖြင့် ထိန်းသိမ်းစောင့်ရှောက် ရမည့် တာဝန်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများ၌ ကုသရေးနှင့် ရောဂါရှာဖွေရေးအတွက် လိုအပ်သော အဆင့်မြင့်စက်ပစ္စည်းများကိုလည်း ယခုဘဏ္ဍာနှစ် အတွင်း၌ ဝယ်ယူတပ်ဆင်နိုင်ရေး ဆောင်ရွက် ထားပါကြောင်း၊ လိုအပ်သောဆေးဝါးများ ပြတ်လပ်မှု မရှိစေရေးနှင့် ပိုလျှံဆေးဝါးများ/ သက်တမ်းလွန် ဆေးဝါးများ မဖြစ်ပေါ်ရအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ပေးအပ်ထားသော ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှု မရှိစေဘဲ ကျန်းမာရေးအတွက် ငွေကြေးစိုက်ထုတ် သုံးစွဲနေရသော ပြည်သူများအတွက် တစ်ဖက် တစ်လမ်းက အထောက်အကူဖြစ်စေရန် အကျိုးရှိစွာ အသုံးပြုနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်း ခွင်ဝင်ရောက်နိုင်ခြင်းမရှိသော ကျန်းမာရေးဝန်ထမ်း များ ပြန်လည်ဝင်ရောက်နိုင်ရေး အားပေးကူညီကြ ရမည်ဖြစ်ပါကြောင်း။

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ဆောင်ရွက် လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံခြင်း လွှမ်းခြုံမှု ကောင်းမွန်မှသာ ကိုဗစ်–၁၉ တတိယလှိုင်း ကာကွယ် နိုင်မည်ဖြစ်သည့်အတွက် ဆက်လက်ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံ များ၌ ညတာဝန်ကျဝန်ထမ်းများအတွက် ညစာ စားစရိတ် ထောက်ပံ့နိုင်ရေးအပါအဝင် ဝန်ထမ်းများ ရသင့်ရထိုက်သော ထောက်ပံ့ကြေးများရရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးရုံအုပ်ကြီး များအပါအဝင် ဘာသာရပ်တာဝန်ခံဆရာဝန်ကြီး များအနေဖြင့် တာဝန်ရှိသည်နှင့်အညီ မိမိအုပ်ချုပ်မှု အောက်ရှိ ဝန်ထမ်းများ လမ်းမှားမရောက်စေရန် လမ်းမှန်ကို ညွှန်ပြပေးပါရန်၊ ဆေးရုံစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးများ ပြုလုပ်ကာ ဆေးရုံ လုပ်ငန်း ပုံမှန်ဆောင်ရွက်နိုင်ရေး တိုင်ပင်ဆောင်ရွက် ရန်၊ ဝန်ထမ်းရေးရာကိစ္စများ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ပင်မတာဝန် ဖြစ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းကြိုးစားပေးကြ ပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ဘဏ္ဍာရေး/ဝန်ထမ်းရေးရာကိစ္စရပ်များ ကိုလည်းကောင်း၊ ကုသရေးဦးစီးဌာန ဒေတ္တာညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆေးကုသရေး လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး၊ ဆေးရုံစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ဆေးရုံသုံးစက်ပစ္စည်းများ ထိန်းသိမ်း ခြင်းတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကုသရေးဦးစီးဌာနမှ တာဝန် ရှိသူများနှင့် ရန်ကုန်နှင့် နေပြည်တော်ရှိ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး

**လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများအားလုံး သုံးစွဲသည်ကို တွေ့ရှိရသဖြင့် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေသည်ဟု သုံးသပ်ရကြောင်း၊ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်တွင် Smokeless Industries စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းလောင်းရေအားလျှပ်စစ်ထုတ်လုပ်ရေးအား အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများနှင့် အခြားလျှပ်စစ်ဓာတ်အား အသုံးပြုလည်ပတ်ရသည့် စက်ရုံ၊ အလုပ်ရုံများနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၃-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## လူ့အခွင့်အရေးကောင်စီ၏ (၄၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အီးယူမှ တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမပြုဘဲ ပယ်ချ



**နေပြည်တော် မတ် ၂၄**

လူ့အခွင့်အရေးကောင်စီ၏ (၄၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဥရောပသမဂ္ဂ (အီးယူ) မှ တင်သွင်းသည့် "မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ"ဆိုင်ရာ ဆုံးဖြတ်ချက်အဆို (Resolution) အပေါ် ဆွေးနွေးခြင်းကို ယနေ့တွင် ဂျီနီဗာမြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က ကြိုတင်ရိုက်ကူးထားသော ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားသည်။

အဆိုမူကြမ်းတင်သွင်းစဉ် ဒုတိယဝန်ကြီးက အဆိုမူကြမ်းပါ အကြောင်းအရာနှင့် အချက်အလက်လွဲမှားနေသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ သက်သေအထောက်အထားခိုင်လုံမှုမရှိသည့် အစီရင်ခံစာများအပေါ် ကိုးကားချက်များနှင့်တည်ရှိပြီး ပြည်တွင်းတရားစီရင်ရေးယန္တရားများကို သွေဖည်စေပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို တိုက်ရိုက်ခြိမ်းခြောက်ရာရောက်စေသည့် ဖော်ပြချက်များအပေါ် ထောက်ပြပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် အဆိုမူကြမ်းကို အစဉ်တစိုက် လက်မခံကြောင်း၊ အဆိုပါ ဖိအားပေးမှုများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၏ မြေပြင်အခြေအနေကို တိုးတက်စေရမည့်အစား ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း၊ ယခုအီးယူ၏ အဆိုမူကြမ်းမှာ မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားရေးအတွက် အဖြေရှာဖွေရာတွင် အထောက်အကူပြုလိမ့်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကြိုးပမ်းမှုများအပေါ် အဟန့်အတားများသာ ဖြစ်စေမည်ဖြစ်ကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်မှုမပြုဘဲ လေးစားသင့်ကြောင်း ထောက်ပြကာ အဆိုမူကြမ်းအား လက်မခံကြောင်းနှင့် ပါဝင်ပတ်သက်ခြင်းမပြုကြောင်း ရပ်တည်ပြောကြားကာ အဆိုမူကြမ်းအား ပယ်ချခဲ့သည်။ ဆုံးဖြတ်ချက် အဆိုမူကြမ်းကို တရုတ်၊ ဗင်နီဇွဲလားနှင့် ရုရှားနိုင်ငံတို့ကလည်း အလားတူ သဘောမတူ၊ မထောက်ခံကြောင်း (Dissociate) ပြောကြားသည်။

**သတင်းစဉ်**

## ကိုရီးယားသမ္မတနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၄**

ကိုရီးယားသမ္မတနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီ၊ ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဆဲ စီမံကိန်းများ၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ အဆိုပြုထားဆဲ စီမံကိန်းများ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးမည့်ကိစ္စရပ်များကို စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်ပေးနေပါကြောင်း၊ စီမံကိန်းများနှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေရသည့်ကိစ္စရပ်များကို သတ်မှတ်ပုံစံဖြင့် ဖြည့်စွက်၍ အမြန်ဆုံးပေးပို့ရန် လိုအပ်ပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲနေသောပြည်သူ့တပ်မတော်

**အောင်ဇေယျ**



(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

(ယမန်နေ့မှအဆက်)

**ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)**

တနင်္သာရီတိုင်းကို သိမ်းပိုက်ပြီးသောအခါ မြန်မာနိုင်ငံကို လွတ်လပ်ရေးကြေညာပေးရန်ဟု မီနာမီအဖွဲ့၏ လုပ်ငန်းတာဝန်တွင် ပါရှိသည်။ မော်လမြိုင်ကို သိမ်းပိုက်ပြီးသောအခါ မြန်မာ့လွတ်လပ်ရေးကိုကြေညာပြီး ယာယီအစိုးရဖွဲ့ပေးရန် မီနာမီအဖွဲ့က အလိုရှိခဲ့သော်လည်း ဂျပန် အမှတ် - ၁၅ တပ်တော်က စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည်။ ထိုအချိန်မှစတင်၍ မြန်မာနိုင်ငံကို လွတ်လပ်ရေး ချက်ချင်းပေးလိုသော မီနာမီအဖွဲ့နှင့် အမှတ်- ၁၅ တပ်တော်ကြားတွင် သဘောထားစတင်ကွဲလာသည်။

**အခြေအနေမရှိသေး**

ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသောအခါတွင်လည်း ဗိုလ်မိုးကြိုး (ဗိုလ်မှူးကြီးဆူဇူကီး)က မြန်မာပြည်ကို လွတ်လပ်ရေးကြေညာပေးရန် အမှတ် - ၁၅ တပ်တော် ဒုတိယတပ်တော်မှူး ဗိုလ်မှူးကြီးနာဆူထံ တင်ပြခဲ့သည်။ ဗိုလ်မှူးကြီးနာဆူက ရန်ကုန်မြို့ကိုသာ သိမ်းပိုက်မိသေးကြောင်း တစ်နိုင်ငံလုံးကို မရသေးကြောင်း၊ မြန်မာပြည်သည် သီးခြားလွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်ရန် အင်အားနှင့် အခြေအနေမရှိသေးကြောင်း အကြောင်းပြသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံအထက်ပိုင်း၌ ဗြိတိသျှတပ်များနှင့် ၎င်းတို့အောင်မြင်စွာ ဆုတ်ခွာနိုင်ရေးအတွက် အကူအညီပေးရန် ချန်ကေရှိတ်အစိုးရ၏ တရုတ်တပ်များရှိနေသေးသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအထက်ပိုင်းကို သိမ်းပိုက်ရန် အမှတ်- ၁၅ တပ်တော်က 'မြောက်ပိုင်းစစ်ဆင်ရေး' ကို စီမံချက်ရေးဆွဲသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်လည်း ဤစစ်ဆင်ရေးတွင်ပါဝင်သည်။ ဧရာဝတီမြစ်ကို တပ်နယ်နိမိတ်သတ်မှတ်၍ အရှေ့ဘက်ခြမ်းကို ဂျပန်တပ်တော်ကလည်းကောင်း၊ အနောက်ဘက်အခြမ်းကို ဗမာ့လွတ်လပ်ရေးတပ်မတော်ကလည်းကောင်း တာဝန်ယူ၍ ထိုးစစ်ဆင်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် တာဝန်ယူသော မြစ်အနောက်ဘက်ခြမ်းမှာ ရန်သူ့ဆုတ်လမ်းဖြစ်သည်။

ဤစစ်ဆင်ရေးတွင် ဗိုလ်မိုးကြိုးက ဗိုလ်တေဇအား ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိချုပ်နှင့် ဗိုလ်လက်ျာအား စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ဗမာ့တပ်မတော်ကို မြန်မာအရာရှိများက ဦးစီးကွပ်ကဲခွင့် ရရှိခြင်းဖြစ်သည်။

အထက်မြန်မာပြည်ကို စစ်ကြောင်းသုံးကြောင်းဖြင့် ချီတက်တိုက်ခိုက်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တပ်မ (၁)နှင့် တပ်မ (၂)ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

**ဆက်လက်ချီတက်**

ဗိုလ်မှူးမင်းခေါင်ဦးစီးသော ရေကြောင်းချီတပ်ဖွဲ့သည် ၁၉၄၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ စတင်ထွက်ခွာသည်။ မြစ်ဝကျွန်းပေါ်မှတစ်ဆင့် ရခိုင်တိုင်းတောင်ပိုင်းကို ချီတက်၍ ဂွမြို့နှင့် သံတွဲမြို့ကို သိမ်းပိုက်သည်။ ထို့နောက် သံတွဲမှတစ်ဆင့် တောင်ကုတ်ကိုဖြတ်ကာ ပြည်သို့ဆင်းသည်။ မြင်းခြံ၊ မန္တလေးမြို့များသို့ ဆက်လက်ချီတက်သည်။

တပ်မ(၁) စစ်ကြောင်းတွင် ဒုတိယဗိုလ်မှူးကြီးရန်အောင် ဦးစီးသော တပ်မဟာ(၁)၊ ဒုတိယဗိုလ်မှူးကြီးမြင့်အောင် ဦးစီးသော တပ်မဟာ(၂)နှင့် ဗိုလ်မှူးရဲထွဋ် ဦးစီးသော တပ်မဟာ(၃)တို့ ပါဝင်ကာ ဗိုလ်မှူးကြီးဇေယျက တပ်မမှူးဖြစ်သည်။ ၎င်းတပ်မသည် ဧပြီလ ၅ ရက်နေ့တွင် ရခိုင်သို့ချီတက်ရန်ဖြစ်သော်လည်း ဒုတိယဗိုလ်မှူးကြီးရန်အောင် ဦးစီးသော တပ်မဟာ (၁)ကိုသာ ရခိုင်စစ်ကြောင်း ချီစေပြီး ကျန်တပ်များသည် ပြည်မြို့တွင် တပ်မ(၂)နှင့်ပေါင်းကာ မြန်မာနိုင်ငံအထက်ပိုင်းသို့ ချီတက်ခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးရန်အောင်၏ တပ်များက ရခိုင်တိုင်းအတွင်းရှိ မြို့ရွာများကို ဗြိတိသျှလက်မှ ပြန်လည်တိုက်ခိုက်သိမ်းယူသည်။

ဗိုလ်တေဇဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်တပ်များနှင့် ဗိုလ်မှူးကြီးနေဝင်း ကွပ်ကဲသော တပ်မ(၂)သည် ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်မှစတင်ထွက်ခွာ၍ ပြည်မှတစ်ဆင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းအတိုင်း အထက်မြန်မာနိုင်ငံသို့ ချီတက်ကာ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့သည်။ တပ်မ(၂)တွင် ဗိုလ်မှူးရန်နိုင်ဦးစီးသော တပ်မဟာ(၄)၊ ဗိုလ်မှူးဗလဦးစီးသော တပ်မဟာ(၅)၊ ဗိုလ်မှူးဘုန်းမြင့်ဦးစီးသော တပ်မဟာ (၆)နှင့် ဗိုလ်မှူးမင်းရောင်ဦးစီးသော တပ်မဟာ (၇) တို့ပါဝင်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မေလ ၂၆ ရက်နေ့တွင် မြစ်ကြီးနားကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်တော် ၁၅ တို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်မိလေသည်။

**ထုတ်ပြန်ကြေညာ**

မီနာမီအဖွဲ့သည် ၎င်းတို့ပေးခဲ့သည့် ကတိအတိုင်း မြန်မာ့လွတ်လပ်ရေးကို ကြေညာပေးလိုသော်လည်း ဂျပန်စစ်ဦးစီးဌာနကို ကျော်လွန်၍ လုပ်ဆောင်ရန်ကား မဖြစ်နိုင်ပေ။ အမှတ်- ၁၅ တပ်တော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအိဒါးသည် 'ဗမာပြည် ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့ ထူထောင်ခြင်းကိစ္စ' ဟူသော အမိန့်ကိုလည်းကောင်း၊ 'စစ်အုပ်ချုပ်ရေးဆောင်ရွက်ခြင်း'နှင့် 'ဗမာပြည် ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့ထူထောင်ခြင်း'နှင့် စပ်လျဉ်းသော အမိန့်ပြန်တမ်းများကိုလည်းကောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ဇွန်လ ၃ ရက်နေ့တွင် မီနာမီအဖွဲ့ကို တရားဝင်ဖျက်သိမ်းလိုက်သောကြောင့် ဗိုလ်မိုးကြိုးလည်း ဂျပန်နိုင်ငံသို့ ပြန်သွားရသည်။

**အမှတ်-၁၅ တပ်တော်သည် အင်အား ၂၃၀၀၀ ရှိသော (မူကွဲအင်အား ၅၀၀၀၀) ဗမာ့လွတ်လပ်ရေး တပ်မတော်က ၎င်းတို့အား တော်လှန်တိုက်ခိုက်မည်ကိုစိုးရိမ်သည်။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်အင်အားကို လျှော့ချရန်စီစဉ်သည်။ မြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် စနစ်ကျသော တပ်မတော်တစ်ခု ပြန်လည်ဖွဲ့စည်းမည်ဟု အကြောင်းပြ၍ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် အင်အား ၃၀၀၀ သာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) အဖြစ် ပြန်လည်ဖွဲ့စည်း။ ဘီဒီအေသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် လွတ်လပ်ရေးမရမီအတောအတွင်း ဒုတိယအကြိမ် ပေါ်ပေါက်လာသော တပ်မတော်ဖြစ်။**

ဗြိတိသျှတို့ မရှိတော့သော မြန်မာပြည်တွင် ဂျပန်တပ်တော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့သာ ရှိလေတော့သည်။

အမှတ် -၁၅ တပ်တော်သည် အင်အား ၂၃၀၀၀ ရှိသော (မူကွဲအင်အား ၅၀၀၀၀) ဗမာ့လွတ်လပ်ရေး တပ်မတော်က ၎င်းတို့အား တော်လှန်တိုက်ခိုက်မည်ကိုစိုးရိမ်သည်။ ထို့ကြောင့်ဗမာ့လွတ်လပ်ရေး တပ်မတော်အင်အားကို လျှော့ချရန်စီစဉ်သည်။ မြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် စနစ်ကျသော တပ်မတော်တစ်ခု ပြန်လည်ဖွဲ့စည်းမည်ဟု အကြောင်းပြ၍ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင်အင်အား ၃၀၀၀ သာရှိသော ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့မှ ၁၉၄၃ ခုနှစ် မတ်လ ၂၆ ရက်နေ့အထိ သက်တမ်းရှိခဲ့သည်။ **ဘီဒီအေသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် လွတ်လပ်ရေးမရမီအတောအတွင်း ဒုတိယအကြိမ် ပေါ်ပေါက်လာသော တပ်မတော်ဖြစ်သည်။**

**ပူးပေါင်းကူညီ**

၁၉၄၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဂျပန်တို့က "(က)မြန်မာ့ကာကွယ်ရေးတပ်မတော်သည် ဂျပန်တပ်တော်မှူး၏ ကွပ်ကဲမှုအောက်တွင်ရှိသည်။ (ခ) လောလောဆယ်တွင် စစ်ရေးလေ့ကျင့်မှုနှင့် လက်နက်တပ်ဆင်မှုကိုသာ ပြုလုပ်ရမည်။ (ဂ) ဘီဒီအေအင်အားကို ၁၄၀၀၀ လျာထားသော်လည်း လတ်တလောတွင် ဘီအိုင်အေမှ အင်အား ၃၀၀၀ ထုတ်နုတ်ပြီး ဖွဲ့စည်းမည်။ (ဃ) ဂျပန်တပ်များကို သစ္စာရှိစွာ ပူးပေါင်းကူညီဆောင်ရွက်ရမည်"ဟု ထုတ်ပြန်ခဲ့သည်။

သို့ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကို ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မှ လက်ရွေးစင်အင်အား ၃၀၀၀ ထုတ်နုတ်၍ တပ်ရင်းသုံးရင်း ဖွဲ့စည်းခြင်းဖြင့် စတင်ခဲ့သည်။ ၁၉၄၃ ခုနှစ် ဧပြီလမှစတင်၍ ထုတ်ပြန်ချက်အပိုဒ် (ဂ)အရ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် အင်အား ၈၅၀၀ ခန့်အထိ ရှိလာသည်။

စက်တင်ဘာလ ၁၅ ရက်နေ့တွင် စစ်ဝန်ကြီးရုံး၌ကျင်းပသော ကာကွယ်ရေးကောင်စီအစည်းအဝေးက ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကို ဗမာ့အမျိုးသားတပ်မတော် (ဘီအင်န်အေ) (Burma National Army) ဟု အမည်ပြောင်းလဲခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့်အမှာစကားများ၊ အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း (၂၁) ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) တွင် “ဝန်ထမ်းများအနေဖြင့် သတင်းပို့ရုံးတက်ခြင်းမရှိပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်များနှင့်ပတ်သက်ပြီး ရရှိသည့်ဘွဲ့အဆင့်အလိုက် ချီးမြှင့်ငွေပေးအပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ သင်ကြားရေးအပိုင်း အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများမှာ တိုင်းပြည်အတွက် အရေးကြီးကြောင်း၊ တိုင်းပြည်တွင် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးသူများမှာ ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် အရည်အသွေးမြှင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင်လည်း ဘွဲ့အဆင့်အလိုက်မူတည်ပြီး ချီးမြှင့်ရန် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ထဲတွင် အရေးကြီးသည့်အချက်နှစ်ချက်မှာ ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ တက္ကသိုလ်များတွင် B.A(Law) သင်တန်းများဖွင့်လှစ်ရန်နှင့် ဒေသအလိုက် စီးပွားရေး နားလည်တတ်ကျွမ်းမှု အခြေခံရှိရေးအတွက် B.A(Eco) ဘာသာရပ်ဖွင့်လှစ်သင်ကြားရန် ဆွေးနွေးလျက်ရှိကြောင်း။ ပညာရေးဝန်းကျင်ကောင်းမွန်ရေး ဆောင်ရွက်နိုင်မှသာလျှင် ကျောင်းသားများအနေဖြင့် စာသင်ချင်စိတ် တိုးပွားလာမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း” ပြောကြားသည့် အမှာစကား၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ ၅ ခုဖွဲ့စည်းထားကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှာ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက်ဆိုသော်လည်း စီမံခန့်ခွဲမှုအပိုင်းများ ပိုများသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ခေတ်ကာလနှင့်လျော်ညီသည့် အသုံးအနှုန်းများ နိုင်ငံတော်၏ပကတိအခြေအနေနှင့် ကိုက်ညီသည့်အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးမူဝါဒအပေါ် ရိုက်ခတ်မှု ရှိ/မရှိ သေချာစိစစ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေသည် ရှင်းလင်းလွယ်ကူပြီး ပြည်သူများနားလည်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာချက်များထုတ်ပြန်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ဆွေးနွေးပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြဆွေးနွေးရန် လိုကြောင်း။ မြို့ရွာများ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ သဘောထားအမှန်ကို အနီးစပ်ဆုံးသိရှိရန် ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း” စသည့် အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြောကြားခဲ့သည့် အမှာစကား၊ မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။




ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စွမ်းရည်မြှင့်သင်တန်းတက်ရောက်နေသော အခြေခံပညာမူလတန်းကျောင်းအုပ်များအား တွေ့ဆုံအားပေး



**မြစ်ကြီးနား မတ် ၂၄**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီအဖွဲ့ဝင်များက မြစ်ကြီးနားမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်ပညာရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံပညာ မူလတန်းကျောင်းအုပ်များ စွမ်းရည်မြှင့်သင်တန်းသို့ တက်ရောက်သင်ကြားနေသော ကျောင်းအုပ်များအား မတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် သွားရောက်တွေ့ဆုံ အားပေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များကို အခြေခံပညာမူလတန်းကျောင်းအုပ်များအား သင်တန်းဖွင့်လှစ်မှု၊ သင်တန်းတက်ရောက်မှုအခြေအနေနှင့်ပတ်သက်၍ ပြည်နယ်ပညာရေးမှူး ဦးကျော်မိုးထွန်းနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးတိန့်ဆောင်က ဆရာ ဆရာမများအား အားပေးစကား ပြောကြားပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းတက်ရောက်လာကြသည့် မြစ်ကြီးနားမြို့နယ်၊ အင်ဂျန်းယန်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်တို့မှ အခြေခံပညာမူလတန်းကျောင်းအုပ် ၇၆ ဦးအပါအဝင် မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင်များအတွင်း မြို့နယ်များအလိုက် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် သင်တန်းတက်ရောက်သူ ၈၅၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၂၅၀၀၀၀ နှင့် စားသောက်ဖွယ်ရာများကို ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကာ မူလတန်းကျောင်းအုပ်ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘားအံစက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံများ၊ ဘိုးဘွားရိပ်သာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၂၄**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် မတ် ၂၃ ရက်က ဘားအံစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ဘိုးဘွားရိပ်သာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ) တည်ဆောက်ရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ရှေးဦးစွာ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံစက်မှုဇုန်ရှိ မဟာဘားအံ အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ Precision Auto သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ BAJAJ အမှတ်တံဆိပ် Maxima သုံးဘီးဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်မှု၊ အရည်အသွေးစစ်ဆေး စမ်းသပ်မှု၊ ဈေးကွက်သို့တင်ပို့ရန် ထုပ်ပိုးပြင်ဆင်ထားမှုများကိုလည်းကောင်း၊ SKK ကာလာအမိုးပြားစက်ရုံ၌ ကာလာအမိုးပြားအမျိုးမျိုး ထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံစက်မှုဇုန်အနီးရှိ ဘိုးဘွားရိပ်သာသို့သွားရောက်ပြီး ဘိုးဘွားရိပ်သာတွင် နေထိုင်လျက်ရှိသော အဘိုး အဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကာ ဘိုးဘွားရိပ်သာအတွက် သန့်ရှင်းသော သောက်ရေသုံးရေရရှိရေး ဆောင်ရွက်ထားမှုအခြေအနေနှင့် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ စံဖရီးကျေးရွာအုပ်စု စက်မှုဇုန်အနီးတွင် ကျောင်းသား ကျောင်းသူဦးရေ ၁၀၀၀ ခန့် တက်ရောက်ပညာသင်ကြားနိုင်သော အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပင်မဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း၊ အလုပ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လွမ်းသဝဏ်ထက်က တပ်နှင့်ပြည်သူ တွဲလက်ညီသည့် သာဓကမှအစပြု၍ ....

နေခြည်သွေး

"တပ်နှင့်ပြည်သူ လက်တွဲကူမှ
ပြည်သူ့ရှင်လန်း ပြည်ငြိမ်းချမ်းမည်
စိမ်းလန်းသာယာ တိုးတက်လာဖို့
ညီညာစည်းလုံး သိဥာဏ်သုံး၍
အပြုံးကိုယ်စီ လက်တွဲညီစို့။
ကျေးလက်ဖွံ့ဖြိုး ပြည်အကျိုးဟု
တန်ဖိုးထားကာ ဆောင်ရွက်ပါမှ
ပြည်ရွာတိုးတက် ဂုဏ်ရောင်လက်မည်
တွဲလက်ခိုင်ကျည် အသိညီစို့။
ကျေးရွာချင်းဆက် လမ်းချင်းယှက်သော်
သက်သာလွယ်ကူ ပြည်သူအကျိုး
တိုးတက်မည်သာ မလွဲပါတည့်....."

ကဗျာလေးရဲ့ အမည်က "ဂုဏ်ပြုမော်ကွန်း" တဲ့။ ၂၀၁၄ ခုနှစ်တုန်းက (၆၉) နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုတဲ့အနေနဲ့ အလှူရှင်တွေရဲ့ စုပေါင်းသဒ္ဓါအား၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်က တပ်မတော်သားတွေရဲ့ စေတနာလုပ်အားတွေကို စုစည်းကုသိုလ်ပေါင်းစည်းပြီး ကျေးရွာချင်းဆက်လမ်းလေး ပေါ်ထွက်လာတဲ့အခါ ကမကထပြုလုပ်သူ ဗိုလ်ချုပ်သန်းတင်(ငြိမ်း)တို့ ဇနီးမောင်နှံက ရေးစပ်ခဲ့တဲ့ ဂုဏ်ပြုကဗျာလေးထဲက စာသားတွေဖြစ်ပါတယ်။



၂၀၁၉ ခုနှစ် မေလက စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်ရှိ မန်ကျည်းဇောက်ချောင်း ကွန်ကရစ်ရေကျော်တံတား ရေတိုက်စားပျက်စီးမှုအား နယ်မြေခံ တပ်မတော်သားများက သဲအိတ်များချထားခြင်း၊ ပိတ်ဆို့နေသောအမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။



ဗိုလ်ချုပ်သန်းတင်နှင့် ဇနီးငယ်စဉ်က....

လုပ်အားပေးခေတ် မဟုတ်တော့ဘူး။ လူ့အခွင့်အရေးချိုးဖောက်မှု၊ အတင်းအဓမ္မခိုင်းစေမှု စတဲ့ စကားလုံးတွေ တွင်တွင်သုံးလာခဲ့ချိန်မှာ တပ်မတော်နဲ့ပြည်သူလက်တွဲပြီး တည်ဆောက်ခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝက်ထိုး-ညောင်ကုန်းသွား မြေသားလမ်းကလေးဟာ ပြုံးပြီးကြည့်နေပါလိမ့်မယ်။

လမ်းဖွင့်ပွဲပြီးလို့ တပ်မတော်သားတွေ ပုသိမ်တပ်ကိုပြန်တဲ့အခါ ကလေးတွေကအစ ကျေးရွာက မိသားစုတွေအကုန် ဝမ်းသာဝမ်းနည်း ငိုပွဲဆင်ကြရတယ်လို့ ဝန်ကြီးဗိုလ်ချုပ်သန်းတင် တစ်လပြည့် လွမ်းသဝဏ်ကို ရေးသားခဲ့တဲ့ ဇနီးဒေါ်နန်းခင်ထွေးက အမှတ်တရစာစုထဲမှာ ဖော်ပြထားခဲ့ပါတယ်။

မတ်လ ၂၇ ရက်နေ့မှာ (၇၆) နှစ်မြောက် တပ်မတော်နေ့ဖြစ်တာကြောင့် မှတ်မှတ်ရရ ဂုဏ်ပြုဆောင်းပါးတစ်ပုဒ်ကို ရေးသားလိုခဲ့တာပါ။ စာရေးသူအနေနဲ့ ပြီးခဲ့တဲ့ရက်ပိုင်းက ဗိုလ်ချုပ်သန်းတင်ရဲ့ ဇနီးဖြစ်သူက ရေးသားထားတဲ့ လွမ်းသဝဏ်ဆိုတဲ့ကဗျာလေးနဲ့အတူ စာစုလေးတစ်ခုကို ဖတ်ရှုခွင့်ရခဲ့ပါတယ်။ ခင်ပွန်းဖြစ်သူအပေါ် လွမ်းဆွတ်တမ်းတရင်း ရေးဖွဲ့ထားတဲ့အထဲ တပ်မတော်သားတွေရဲ့ စိတ်ဓာတ်၊ တပ်မတော်သားတွေရဲ့ခံယူချက်နဲ့ ကျင့်ဝတ်စောင့်စည်းမှု၊ ရိုးသားမှု၊ နိုင်ငံနှင့်ပြည်သူအပေါ်သစ္စာရှိမှု၊ နွေးထွေးကြင်နာမှု စတဲ့ အနီးကပ်မြင်ကွင်းအချို့ကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရခဲ့ပါတယ်။

ဗိုလ်ချုပ်သန်းတင်ဆိုတာနဲ့ ရှေ့မီနောက်မီ အချို့ သိရှိပြီးသားဖြစ်နိုင်ပေမယ့် မသိရှိသူတွေအတွက် အနည်းငယ်မိတ်ဆက်ပေးရရင် သူဟာ ဇီးကုန်းဇာတိဖြစ်ပြီး ဆယ်တန်းမှာ BIA ထဲဝင်ရောက်ခဲ့သူပါ။ မင်္ဂလာဒုံပထမပတ် ဗိုလ်သင်တန်းဆင်းတစ်ဦးလည်း ဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးကာလမှာ ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရရှိတဲ့အခါမှာတော့ ရဲဘော်ဖြူခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပါတယ်။ တပ်မတော်ကို သံယောဇဉ်ကြီးတဲ့သူဟာ ရဲဘော်ဘဝနဲ့ တပ်မတော်ကို ပြန်လည်ဝင်ရောက်လာခဲ့သူပါ။ ၁၉၄၉ ခုနှစ်မှာတော့ ပြန်တမ်းဝင်အရာရှိ ပြန်ဖြစ်လာခဲ့ပါတယ်။ ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ပြီး တပ်မမှူးဘဝ ၁၉၆၇ ခုနှစ်မှာ ပေါင်းလောင်းဂွင်က ဗကပဗဟိုကော်မတီဝင်တွေ အကျအဆုံးများခဲ့တာကနေ အစပြုပြီး ပဲခူးရိုးမမှာ နှစ်ပေါင်းများစွာ ခြေကုပ်ယူခဲ့တဲ့ ဗကပဗဟိုအထိ ဖြတ်လေးဖြတ် စစ်နည်းဗျူဟာနဲ့ အမြစ်ပြတ်ချေမှုန်းလို့ ပဲခူးရိုးမတစ်ခုလုံးနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်တစ်ခုလုံးကို အဖြူရောင်နယ်မြေအဖြစ် ပြောင်းပေးခဲ့သူလည်း ဖြစ်ပါတယ်။

လမ်းစဉ်ပါတီခေတ်မှာ ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်စတဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့ပါတယ်။ ဗိုလ်ချုပ်သန်းတင်ဟာ စစ်ဆင်ရေးပြီးစစ်ဆင်ရေးဆိုတဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်နဲ့ အမျိုးသားစာပေဆုကိုရရှိခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှာ မင်္ဂလာဒုံစစ်ဆေးရုံကြီးမှာ ကွယ်လွန်ခဲ့ပါတယ်။ မကွယ်လွန်မီမှာ တပ်မတော်အပေါ် သံယောဇဉ်ကြီးတဲ့ ဗိုလ်ချုပ်သန်းတင်ဟာ တပ်မတော်သားတွေနဲ့အတူတူ နိုင်ငံနဲ့လူမျိုးအတွက် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးနဲ့ စီးပွားရေးလိုအပ်ချက်တွေကို သူစွမ်းသလောက် နေရာအတော်များများမှာ ဖြည့်ဆည်းပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်နေစဉ် ပြည်သူဘက်ကလည်း တပ်မတော်သားတွေရဲ့ ကူညီပေးမှုတွေကို တန်ဖိုးထားတုံ့ပြန်တယ်ဆိုတာတွေကိုလည်း များစွာမြင်တွေ့ကြားသိခဲ့ရပါတယ်။

နွေရာသီ နေကပူ၊ ဖုန်တလူးလူးဖြင့် မြေသားလမ်း ညီညွတ်သိပ်သည်းအောင် ဖောက်လုပ်ပေးကြတဲ့ တပ်မတော်သားများ၏မြင်ကွင်း၊ ထိုမှသည် ရွာသူရွာသားများက အမောပြေတိုက်ကျွေးခဲ့ကြသည့် ရေချိုအေးနှင့် ပြန့်ပြူးသွားသော ကျေးရွာချင်းဆက် သုံးမိုင်မြေသားလမ်းကလေးကို ကြည့်ရင်း တပ်မတော်သားများနှင့်ပြည်သူများ အတူတကွ ပျော်ရွှင်ရယ်မောကြပုံများက နွေအပူရှိန်ကြားက အေးမြသည့် အိုအေစစ်ကလေးပမာဟု တွေးမိရင်း ဂုဏ်ယူစိတ်တို့ပေါ်ပေါက်လာမိပါတယ်။

လမ်းတွေဖောက်ခဲ့တာအပြင် ရေကာတာတွေ အဆင့်မြှင့်တင်၊ ချောင်းကော၊ မြောင်းကောတွေကို တပ်မတော်သားတွေရဲ့ လုပ်အားဒါနအကူအညီတောင်းပေးနိုင်ခဲ့တာတွေ၊ စာသင်ကျောင်းမရှိတဲ့ ကျေးရွာတွေအတွက် စာသင်ကျောင်းဆောက်လုပ်ပေးခဲ့တာတွေမှာ တပ်နဲ့ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့ကြတာတွေ၊ တပ်မတော်သားတွေနဲ့ပြည်သူ အတူတကွရေစက်ချလှူဒါန်းခွင့်ရခဲ့တဲ့ ဓမ္မာရုံတွေ၊ ကျောင်းဆောင်ကြီးတွေဟာ ဗိုလ်ချုပ်သန်းတင်ရဲ့ ကမကထပြုမှု၊ တပ်မတော်သားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ရုပ်လုံးပေါ်ခဲ့တာတွေ မြင်တွေ့ရပါတယ်။

တပ်မတော်သားတွေကနေ ပြည်သူအတွက် လမ်းတွေဖောက်၊ တံတားတွေဆောက်၊ ကယ်ဆယ်ရေးတွေလုပ်ဆောင်၊ ဘာသာရေး၊ လူမှုရေး၊ ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ ဒေသဖွံ့ဖြိုးမှုတွေမှာ ပူးပေါင်းဆောင်ရွက်ပေးခဲ့၊ စွန့်လွှတ်အနစ်နာခံကူညီပေးခဲ့တဲ့ သာဓကတွေအများကြီးရှိပါတယ်။ ဒါတွေဟာ တပ်မတော်အတွက် ဆောင်ရွက်တာမဟုတ်ပါဘူး။ ပြည်သူ့အကျိုးအတွက် တပ်မတော်သားတွေရဲ့ စေတနာ၊ ပြည်သူအတွက် တပ်မတော်သားတွေရဲ့ ဖြည့်ဆည်းပေးလိုတဲ့ဆန္ဒတွေပဲဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ■

**လမ်းတွေဖောက်ခဲ့တာအပြင် ရေကာတာတွေ အဆင့်မြှင့်တင်၊ ချောင်းကော၊ မြောင်းကောတွေကို တပ်မတော်သားတွေရဲ့ လုပ်အားဒါနအကူအညီတောင်းပေးနိုင်ခဲ့တာတွေ၊ စာသင်ကျောင်းမရှိတဲ့ကျေးရွာတွေအတွက် စာသင်ကျောင်းဆောက်လုပ်ပေးခဲ့တာတွေမှာ တပ်နဲ့ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့ကြတာတွေ၊ တပ်မတော်သားတွေနဲ့ပြည်သူ အတူတကွရေစက်ချလှူဒါန်းခွင့်ရခဲ့တဲ့ ဓမ္မာရုံတွေ၊ ကျောင်းဆောင်ကြီးတွေဟာ ဗိုလ်ချုပ်သန်းတင်ရဲ့ ကမကထပြုမှု၊ တပ်မတော်သားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ရုပ်လုံးပေါ်ခဲ့တာတွေ မြင်တွေ့ရပါတယ်။**

## သာသနာတော်နှစ် ၂၅၆၄ - ၂၅၆၅ ခုနှစ် သက္ကရာဇ် ၁၃၈၂ - ၁၃၈၃ ခုနှစ် မဟာသင်္ကြန် အကျ- အကြတ်- အတက်- နှစ်ဆန်း(၁)ရက်နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ မဟာသင်္ကြန် အကျရက်
- ဇေယတု - မြန်မာသက္ကရာဇ် - ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက်
- ရခိုင်သက္ကရာဇ် - ၁၃၈၂ ခုနှစ် တာကူးလဆန်း (၃)ရက်
- ခရစ်နှစ် ၂၀၂၁၊ ဧပြီလ (၁၄) ရက် ဗုဒ္ဓဟူးနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် နံနက်စက် ၅-နာရီ၊ ၄၆-မိနစ်၊ ၅၅-စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ မဟာသင်္ကြန် အကြတ်ရက်
- မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တာကူးလဆန်း (၄)ရက်
- ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၅)ရက် ကြာသပတေးနေ့ မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ မဟာသင်္ကြန် အတက်ရက်
- မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တာကူးလဆန်း (၅)ရက်
- ခရစ်နှစ် ၂၀၂၁ ၊ ဧပြီလ (၁၆) ရက် သောကြာနေ့ မြန်မာစံတော်ချိန် နံနက်စက် ၉-နာရီ၊ ၅၁-မိနစ်၊ ၃၆-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်
- မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ဦးတန်ခူးလဆန်း (၆)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တာကူးလဆန်း (၆)ရက်
- ခရစ်နှစ် ၂၀၂၁ ခုနှစ် ၊ ဧပြီလ (၁၇)ရက် စနေနေ့သည် မြန်မာ - ရခိုင် နှစ်ဆန်း (၁)ရက်နေ့ဖြစ်ပါသည်။

၅။ ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ - ရက်များ

ဤ ၁၃၈၃ ခုနှစ်တွင် လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်-ဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ်-၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်၊ စနေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော်(၁)ရက်-၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက် တနင်္လာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ဦးပညိန္ဒ | ဦးအောင်ချစ် | ဦးပြေငြိမ်း |
| ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၁) | ဒုတိယဥက္ကဋ္ဌ(၂) |

■ စာမျက်နှာ ၈ မှ

တပ်မတော်ကို သိပ်ပြီး လေးစား ယုံကြည်သစ္စာရှိတဲ့ ဗိုလ်ချုပ်သန်းတင်ဟာ ကာကွယ်ရေးဦးစီးချုပ်ရဲ့ မိန့်ခွန်းတွေ ရုပ်သံမှာလာတဲ့အခါ ဗိုးချဲလ်ကလေးကို တွန်းပြီး ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံအားပေးတတ်တဲ့အကြောင်း၊ သူမသေဆုံးခင် NLD အစိုးရလက်ထက်မှာ သတင်းတွေ ဖတ်ပြီးတဲ့အခါ နိုင်ငံခြားသား ကလေးသူငယ် မွေးစားခွင့် ဥပဒေ၊ ဈေးစာရင်းပယ်ဖျက်ခြင်း ဥပဒေတွေကို တွေ့ရတဲ့အခါ၊ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး တောင်းဆိုချက်တွေ လွှတ်တော်မှာ ပယ်ချခံရတဲ့အခါ၊ နိုင်ငံခြားသားအကြံပေးတွေ ခန့်အပ်တာ၊ ရခိုင်ကိစ္စမှာ နိုင်ငံခြားသားတွေ ပါဝင်ငှားရမ်းစေခိုင်းတာမျိုးတွေကို ကြားရတဲ့အခါတွေမှာ တိုင်းပြည်အတွက် ရင်လေးခဲ့တယ်လို့ ရင်ဖွင့်တဲ့အကြောင်းကို ဇနီးဖြစ်သူထံမှ သိခဲ့ရပါတယ်။

"တို့တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားမှုတွေမဖြစ်ရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အားထားရမှာက တပ်မတော်ပဲဖြစ်မယ်။ တိုင်းပြည်ရဲ့ အရေးကြုံလာတိုင်း တပ်မတော်ဟာ ဝင်ရောက်ထိန်းသိမ်းရတဲ့ သမိုင်းအစဉ်အလာရှိတယ်.."လို့ မျှော်လင့်တကြီးစောင့်စားခဲ့တဲ့သူပါ။ တပ်မတော်ဟာ နိုင်ငံတော်အတွက်၊ စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီလမ်းကြောင်း မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဥပဒေနဲ့အညီ ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အတွက် ခြေလှမ်းမှန်မှန်နဲ့ ရှေ့ဆက်လျှောက်လှမ်းနေပြီဖြစ်ပါတယ်။

တပ်မတော်ဟာ အမျိုးသားရေးမူဝါဒတွေဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်အတွက် မရှိမဖြစ်နိုင်ငံ့စွမ်းအားဖြစ်ပါတယ်။ နိုင်ငံတော်မှာ အရေးကိစ္စ တစ်စုံတစ်ရာကြုံလာတဲ့အခါ၊ အခြေအနေတစ်ခုခု ယိမ်းယိုင်လာတဲ့အခါ၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားတွေ ထိခိုက်လာတဲ့အရေးမြင်ရတဲ့အခါတိုင်းမှာ ရှေ့ဆုံးကနေ ကာကွယ်တားဆီးပေးခဲ့တာ တပ်မတော်ပဲ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုကနေ စတင်ခဲ့တဲ့ BIA၊ BDA စသည်ဖြင့် အမည်နာမမျိုးစုံသာ ပြောင်းလဲခဲ့ပေမယ့် တပ်မတော်ရဲ့ မူလတာဝန်တွေဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက် ဦးတည်ထမ်းဆောင်လျက်ရှိသည်ကိုလည်း ထာဝစဉ်မြင်တွေ့ရမည်သာဖြစ်ပါတယ်။

တပ်မတော်ရဲ့ဆောင်ရွက်ချက်တွေဟာ ပြည်သူတွေအတွက်သာဖြစ်ပြီး မည်သည့်အခက်အခဲ၊ မည်သည့်ပြဿနာမဆို ပြည်သူနဲ့တပ်မတော် အတူပူးပေါင်း၍ လက်တွဲညီညီဖြင့်သာ ဖြတ်ကျော်မည်ဆိုပါက မုချအောင်မြင်မှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ရဲ့ သမိုင်းဦးကာလ ဖက်ဆစ်တို့ကို ပြည်သူနဲ့တပ်မတော် အတူတကွ စတင်တွန်းလှန်ကြတဲ့ မတ်လ ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သလို မျက်မှောက်ကာလ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေဖို့၊ နိုင်ငံသားတိုင်း မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီစနစ်ကို လမ်းကြောင်းမှန်ကန်စွာ လျှောက်လှမ်းနိုင်ဖို့အတွက်လည်း တပ်နဲ့ပြည်သူ လက်တွဲညီညီနဲ့ ဖြတ်ကျော်နိုင်မှာသာ ဖြစ်ပါတယ်ဆိုတာကို ဖော်ပြရင်း (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။ ။

■

**တပ်မတော်ရဲ့ဆောင်ရွက်ချက်တွေဟာ ပြည်သူတွေအတွက်သာဖြစ်ပြီး မည်သည့်အခက်အခဲ၊ မည်သည့်ပြဿနာမဆို ပြည်သူနဲ့တပ်မတော် အတူပူးပေါင်း၍ လက်တွဲညီညီဖြင့်သာ ဖြတ်ကျော်မည်ဆိုပါက မုချအောင်မြင်မှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ရဲ့ သမိုင်းဦးကာလ ဖက်ဆစ်တို့ကို ပြည်သူနဲ့တပ်မတော် အတူတကွ စတင်တွန်းလှန်ကြတဲ့ မတ်လ ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သလို မျက်မှောက်ကာလ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေဖို့၊ နိုင်ငံသားတိုင်း မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီစနစ်ကို လမ်းကြောင်းမှန်ကန်စွာ လျှောက်လှမ်းနိုင်ဖို့အတွက်လည်း တပ်နဲ့ပြည်သူ လက်တွဲညီညီနဲ့ ဖြတ်ကျော်နိုင်မှာသာ ဖြစ်ပါတယ်ဆိုတာကို ဖော်ပြရင်း (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။**

## တပေါင်းပုံရိပ် ရဲစိတ်ထုံမွှမ်း နွေနိဒါန်း

❖ ပင်ယံထက်မှာ၊ ရော်ရွက်ဝါလည်း
ကြွေကာညွတ်ပျောင်း၊ အားသစ်လောင်း၍
တပေါင်းအလှဖွဲ့ချေပြီ။
❖ ကြင်ဖက်ကိုရှာ သာရကာလည်း
ဘာသာသီကြွေး၊ အလွမ်းတေးနှင့်
ငြိမ့်အေးသံစဉ်ဆိုချေပြီ။
❖ ရှင်သန်လျက်ပါ၊ ဂိမှာန်သာဝယ်
နီတျာရဲစို၊ သပြေညိုနှင့်
စောင့်ကြိုခဲ့ကြ၊ အောင်ပွဲရသည့်
မတ်လရက်မွန်၊ နှစ်ဆယ့်ခွန်ဝယ်
ကျေပွန်အရေး၊ နီနီစွေးသည်
ရဲသွေးလက်ာ၊ တပ်မဟာ၏
စဉ်လာမြတ်ကောင်း၊ နွေဇာတ်ကြောင်းသည်
မပြောင်းခိုင်မြဲ၊ စွဲသန္ဓေတည်
တပေါင်းတိုင်လည်း ရဲဝေနီ
ရတုဆက်ဆက်တိုင်ခဲ့ပြီ။
❖ မြူဝေ့သီချိန်၊ ရာသီမိန်ဝယ်
ချိုးနှိမ်ဖက်ဆစ်၊ တိုက်ထုတ်ပစ်ဖို့
မျိုးချစ်ဘိုးဘေး၊ ဓားကိုသွေး၍
ရှေ့ရေးမြော်လျက်ရှိခဲ့သည်။
❖ တို့လယ်သမား၊ လူညိုထွားလည်း
ထွန်နွားကိုပစ်၊ တိုးပြည်ချစ်၍
စစ်ကြီးအတွင်း ဝင်ခဲ့ပြီ။
❖ ကောက်စိုက်ငန်းထွင်၊ လုံမေခင်လည်း
အသွင်ပြောက်ကျား၊ သူစွန့်စားဖို့
ခွန်အားအပြည့်ရှိခဲ့ပြီ။
❖ ရဲစိတ်မြင့်မား၊ မောင်ပြောက်ကျားလည်း
စောင့်စားအမိန့်၊ ရင်သိမ့်သိမ့်ဖြင့်
ထိုးစိမ့်ဝင်လာ၊ တို့ပြည်ရွာတွင်
နေရာအသင့်ယူခဲ့ပြီ။
❖ စုရုံးတော်လှန်၊ ဖက်ဆစ်ရန်ကို
မကျန်အမြစ်၊ မောင်းထုတ်ပစ်ခဲ့
မျိုးစစ်ဘမွေး၊ မြန်မာ့သွေးသည်
နီစွေးခဲ့ကြောင်း သက်သေတည်
အောင်ပွဲသိမ့်သိမ့်မြေမဟည်။
❖ နွေဦးနိဒါန်း၊ တော်လှန်ခန်းကို
ဖြတ်သန်းခဲ့ပေ၊ ကြည်းရေလေဟု
ညီဆွေသုံးဖော်၊ စစ်သည်တော်တို့
ပြည်ကျော်သားကောင်း၊ အားသစ်လောင်းခဲ့
သွင်ပြောင်းစနစ်၊ ခေတ်နှင့်အညီ
ပြည်ကျိုးဆောင်လျက်သားစစ်သည်။
❖ ဩော်.. သစ်ရွက်ရော်ရီ၊ ကုက္ကိုနီနှင့်
မြရည်စိုလူး၊ ပုရစ်ဖူးတို့
နွေဦးလင်္ကာ ဖွဲ့ချေပြီ။
❖ နှစ်ရက်မျှော်ရည်၊ လရာသီတို့
လှည့်လည်ရေတွက်၊ ကြာခဲ့လျက်လည်း
သွေးစက်နီမြန်း၊ နွေဥဒါန်း၏
ရဲလျှမ်းဖိတ်ဖိတ်၊ စွန့်လိုစိတ်တို့
နိမိတ်ထင်ဆဲ၊ ဂုဏ်ပြုမြတည့်
ဝေ့ဝဲလက်ပံ၊ နီရဲလျှံသော်
တစ်ဖန်တိတ်နှောင်း၊ နွေဇာတ်ကြောင်းသည်
မဟောင်းခိုင်မြဲ၊ စွဲသန္ဓေတည်
တပေါင်းတိုင်လည်း ရဲဝေနီ
အောင်ပွဲဆက်ဆက် ရှေ့သို့ချီ။ ။

**သလ္လာ- မောင်ရင်သွေး**

# နိုင်ငံသားအခွင့်အရေးနှင့် တာဝန်

## ဦးလေးခိုင်

(ယမန်နေ့မှ အဆက်)

### နိုင်ငံသားဟုသတ်မှတ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရရှိရေးအတွက် သစ္စာစီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ လေးနှစ်တာကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ခြောက်သန်းခန့် ထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် လဝကအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့မှာ အတိုးအလျှော့၊ အရွှေ့အပြောင်းများ နိစ္စဓူဝရှိနေမည်ဖြစ်ပြီး လဝက၏ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့တွင် အချိန်ယူရသည်နှင့်အမျှ စာရင်းအမှန်နှင့် ကွာဟမှုရှိနေမည်ဖြစ်ရာ ယင်းသို့ကွာဟမှု နည်းနိုင်သမျှနည်းရန် ဆောင်ရွက်ရမည်ဟု ရှုမြင်ပါသည်။ ထို့အပြင် လက်ရှိအသုံးပြုနေသည့် စက္ကူကတ်ပြားများအစား ဒစ်ဂျစ်တယ်ကတ် (e-ID Card) များ ပြောင်းလဲပြုလုပ်မှု ပြီးပြည့်စုံလာသည်နှင့်အမျှ အခက်အခဲများလည်း ပြေလည်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံနှင့် လူပုဂ္ဂိုလ်တစ်ဦးအကြား တရားဥပဒေကြောင်းအရ တရားဝင် ဆက်နွှယ်မှုကို သိရှိစေရန်အတွက် နိုင်ငံသားဟူသည့် စကားရပ်၏ လေးနက်မှုကို သိရှိထားရန်လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စံသတ်မှတ်ချက်နှင့်ကိုက်ညီသူ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ ဓလေ့ထုံးတမ်းစဉ်လာများအရ နိုင်ငံမှ တရားဝင် စီရင်ခွင့်ရှိသူ၊ နိုင်ငံတော်မှ ပေးအပ်ထားသောတာဝန်များ၊ အခွင့်အရေးများ၊ အကာအကွယ် စောင့်ရှောက်ခံခွင့်များကို အသိအမှတ်ပြုထားသူတို့ နိုင်ငံသား ရရှိနိုင်ပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံအလိုက် နိုင်ငံသားများကို သွေးနှင့်ခွဲသောနိုင်ငံနှင့် မြေနှင့်ခွဲသောနိုင်ငံဟူ၍ အခြေခံအားဖြင့် နှစ်မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားများအား သွေးနှင့်ခွဲသော်လည်း အထောက်အထား စာရွက်စာတမ်း ရှိထားမှသာလျှင် နိုင်ငံသားဟု တရားဝင်သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

### နိုင်ငံသားအခွင့်အရေးများ

**မြန်မာနိုင်ငံတွင် နိုင်ငံသားအဖြစ် သတ်မှတ်ထားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ)ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူသည် မြန်မာနိုင်ငံသားများဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၃၊ ၃၁၊ ၅၄ အရ မြန်မာနိုင်ငံတွင် "နှစ်နိုင်ငံသား" ခံယူခွင့်မပေးထားပါ။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့တွင်နှစ်နိုင်ငံသား ခံယူခွင့်ပြုထားပါသည်။ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံကဲ့သို့ပင် နှစ်နိုင်ငံသား ခံယူခွင့်ပြုမထားပါ။**

မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်ဦးရရှိနိုင်သည့် နိုင်ငံသားအခွင့်အရေးများကို သိရှိကြမည်ဆိုပါက မြန်မာနိုင်ငံသားဖြစ်ခြင်းကို အလေးထားလာမည်ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးတွင် နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေး၊ လူမှုရေးအခွင့်အရေးတို့ကို ရရှိခံစားကြရပါသည်။ ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက်ခံပိုင်ခွင့်၊ ခုခံကာကွယ်ပိုင်ခွင့်၊ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေချိန် အကာအကွယ်ရယူပိုင်ခွင့်၊ ပြည်သူ့ရေးရာမူဝါဒကို ဆွေးနွေးခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်နှင့် ပူးပေါင်းပါဝင်ခွင့်၊ အသနားခံပိုင်ခွင့်နှင့် တရားဥပဒေအရ ဆန္ဒဖော်ထုတ်ခွင့်တို့သည် နိုင်ငံရေးအခွင့်အရေးများဖြစ်ပါသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အပြန်အလှန် သဘောတူဆောင်ရွက်ခွင့်၊ မိမိနာမည်ဖြင့် မှတ်ပုံတင်နိုင်ခွင့်၊ လိုင်စင်ပြုလုပ်ခွင့်၊ မြေယာပိုင်ဆိုင်ခွင့်၊ တရားဝင် အလုပ်သမားအဖြစ် မှတ်ပုံတင်နိုင်ခွင့်၊ ကိုယ်ပိုင်ဘဏ်စာရင်း ဖွင့်လှစ်နိုင်ခွင့်၊ ကုမ္ပဏီ စီးပွားရေးလုပ်ငန်းများ တရားဝင် ထူထောင်နိုင်ခွင့်များသည် စီးပွားရေးအခွင့်အရေးများဖြစ်ပါသည်။ ခုခံပိုင်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ မိသားစု ထူထောင်ခွင့်၊ ဘာသာစကားနှင့်ယဉ်ကျေးမှုတို့ကို လွတ်လပ်စွာလုပ်ဆောင်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားခွင့်၊ လွတ်လပ်စွာပညာသင်ခွင့်၊ တွေ့ဆုံဆွေးနွေးခွင့်၊ အသက်ရှင်သန်ပိုင်ခွင့်၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်တို့သည် လူမှုရေးအခွင့်အရေးများ ဖြစ်ပါသည်။

### နိုင်ငံသားတာဝန်များ

**ထို့ကြောင့် မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ခြင်းသည် နိုင်ငံသားအခွင့်အရေး မည်မျှရှိသည်ကို လေ့လာကြည့်လျှင် သိနိုင်ပါသည်။ ထိုသို့ နိုင်ငံသားအခွင့်အရေးများရှိသလိုနိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များကိုလည်း သိရှိနားလည်ထားလျှင် နိုင်ငံသား၏ တာဝန်နှင့်အခွင့်အရေးများကို ယှဉ်တွဲနားလည်လာမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၂ အရ နိုင်ငံသားတစ်ဦးသည် (က) နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာရမည်။ (ခ) နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။ (ဂ) နိုင်ငံတော်၏ ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ တာဝန်နှင့်အခွင့်အရေးများ ရှိပါသည်။**

ထို့အပြင် နိုင်ငံသားတိုင်းသည် (က) ပြည်ထောင်စုမပြိုကွဲရေး၊ (ခ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိပါသည်။ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်လည်း တာဝန်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိပါသည်။

### နိုင်ငံတော်ကိုကူညီရန်တာဝန်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိပါသည်။ နိုင်ငံသားတိုင်းသည် (က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ (ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိပါသည်။

နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းကို ခံယူထားခြင်းမရှိလျှင် နိုင်ငံမဲ့ဖြစ်သွားနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ နိုင်ငံမဲ့တစ်ဦးဖြစ်လျှင် ခံစားရမည့် ဒုက္ခများနှင့် ဆုံးရှုံးရမည့် နိုင်ငံသားအခွင့်အရေးတို့ကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ နိုင်ငံမဲ့ဟူသော စကားရပ်သည် မည်သည့်နိုင်ငံကမှ ၎င်း၏တည်ဆဲဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်း မခံရသူကို ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံမဲ့မှု အများဆုံးဖြစ်သောဒေသများမှာ အရှေ့တောင်အာရှ၊ ဥရောပအရှေ့ပိုင်းနှင့် အာဖရိကတိုက်တို့မှ နိုင်ငံအချို့ဖြစ်ပါသည်။ နိုင်ငံမဲ့ဆိုသည့် သဘောတရားသည် အမှုမဲ့အမှတ်မဲ့ဖြင့်လည်း ဖြစ်သွားနိုင်ခြေရှိသည်။ နိုင်ငံမဲ့ ဖြစ်ရခြင်း၏ အခြေခံသဘောတရားများကို သိနားလည်ထားခြင်းအားဖြင့် နိုင်ငံသားဖြစ်မှုကို ပိုမိုဂရုစိုက်တတ်လာပြီး မိမိတို့နှင့် သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများကို ပိုမိုတန်ဖိုးထားတတ်လာပါသည်။

### ပေါ့ပေါ့ဆဆမနေသင့်

နိုင်ငံအချို့တွင် နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းအရင်းများမှာ စစ်ဘေးရှောင်၊ ဒုက္ခသည်၊ အထောက်အထားမဲ့တို့ ဖြစ်တတ်ပါသည်။ နိုင်ငံမဲ့ဖြစ်မှုကို အဓိကဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ ဥပဒေများ ဝိရောဓိဖြစ်နေခြင်း၊ ခွဲခြားဆက်ဆံမှု၊ နိုင်ငံများ ခွဲထွက်ထူထောင်ခြင်း ကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရခြင်းကြောင့် ရရှိလာသည့် အကျိုးဆက်များ၊ အာဏာရှင်ဆန်မှုကြောင့် နိုင်ငံဖြစ်မှုဆုံးရှုံးခြင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများနှင့် စာရွက်စာတမ်း အထောက်အထား မရှိခြင်း၊ နိုင်ငံမဲ့ မိဘများထံမှ အမွေဆက်ခံခြင်း၊ ဆွေစဉ်မျိုးဆက်အလိုက် အထောက်အထား စာရွက်စာတမ်းများမရှိခြင်း၊ မွေးဖွားပြီးနောက် မှတ်ပုံတင်မထားခြင်း၊ စာရွက်စာတမ်း အထောက်အထားမရှိခြင်း၊ ပင်ရင်းနိုင်ငံ၏ မငြိမ်သက်သော စစ်မက်ရေးရာ အခြေအနေများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသဖြင့်(နိုင်ငံမဲ့)ဖြစ်နိုင်ခြေရှိခြင်းတို့ ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် UNHCR ၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံမဲ့လူဦးရေ ၁၁ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်ဟုဆိုပါသည်။ သို့ဆိုလျှင် မြန်မာနိုင်ငံမှ နိုင်ငံမဲ့ဟု ဆိုနိုင်သော လူဦးရေစာရင်းကို မေးခွန်းထုတ်ဖွယ်ရှိမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ တွေ့ရှိရသော မြန်မာနိုင်ငံရှိ ၁၁ သန်းကျော်မျှသော ပြည်သူများသည် "အထောက်အထားမဲ့သူ" များသာဖြစ်သဖြင့် "နိုင်ငံမဲ့"ဟု တပ်အပ်မဆိုနိုင်ချေ။ တပ်အပ်မဆိုနိုင်သော်ငြားလည်း နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမှာ အတူတူပင်ဖြစ်နေသောကြောင့် ပေါ့ပေါ့ဆဆ မနေသင့်ဘဲ နိုင်ငံသားဖြစ်ရေးကို ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

### သိသိသာသာလျှော့ချနိုင်

UNHCR ၏ အသိပညာပေးမှု အချက်အလက်များအနက် နိုင်ငံမဲ့ဖြစ်လျှင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များမှာ မြေယာပိုင်ဆိုင်မှု၊ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူသုံးစွဲခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရယူသုံးစွဲခြင်းတို့တွင် အခက်အခဲရှိခြင်း၊ ပညာသင်ကြားခွင့် ခွဲခြားခံရခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းတွင် ခွဲခြားခံရခြင်း၊ ပါတီထောင်ခြင်းစသည့် နိုင်ငံရေးအခွင့်အလမ်းများ မရှိခြင်း၊ အခြေချနေထိုင်ခြင်းနှင့် ပြည်တွင်း၊ပြည်ပ ခရီးသွားလာရာတွင် အခက်အခဲရှိခြင်း၊ လူကုန်ကူးခံရနိုင်ရန်အတွက် ပိုမိုလွယ်ကူခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းတို့ ဖြစ်တတ်ပါသည်။

ထို့ကြောင့် နိုင်ငံမဲ့ မဖြစ်ပေါ်စေရေးအတွက် အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်သင့် ဒေသများနှင့် ရပ်ကွက်၊ မြို့နယ်များသို့ အထူးစီမံချက်များဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ကို ဖြေလျှော့ဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးခြင်း၊ အစိုးရစာသင်ကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခြင်း၊ အထောက်အထား စာရွက်စာတမ်းများ လျှောက်ထားမှုများအတွက် လိုအပ်ချက်များကို ဖြေလျှော့ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မွေးဖွားလာသော ကလေးငယ်များအတွက် မွေးစာရင်းရရှိစေရန် ပံ့ပိုးပေးခြင်း၊ ကျူးကျော်(တိုးချဲ့နေရာများတွင် နေထိုင်ကြသူများ) များအတွက် အိမ်ထောင်စုစာရင်းနှင့်ညီမျှသော အထောက်အထား စာရွက်စာတမ်းတစ်ခုခု ဖန်တီးပေးခြင်း စသည့်လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့် သက်သေခံကတ်ပြားမှ ကိုင်ဆောင်ခြင်းမရှိသူ အရေအတွက် သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ✪

> **မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ခြင်းသည် နိုင်ငံသားအခွင့်အရေး မည်မျှ ရှိသည်ကို လေ့လာကြည့်လျှင်သိနိုင်ပါသည်။ ထိုသို့ နိုင်ငံသားအခွင့်အရေးများ ရှိသလို နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များကိုလည်း သိရှိနားလည်ထားလျှင် နိုင်ငံသား၏ တာဝန်နှင့်အခွင့်အရေးများကို ယှဉ်တွဲနားလည်လာမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၂ အရ နိုင်ငံသားတစ်ဦးသည် (က) နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာရမည်။ (ခ) နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။ (ဂ) နိုင်ငံတော်၏ ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ တာဝန်နှင့်အခွင့်အရေးများရှိ။**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ်ဆေးရုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

ပဲခူး မတ် ၂၄

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ခရိုင်ဌာနဆိုင်ရာများနှင့်အတူ မတ် ၂၄ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ကလိကျေးရွာအနီးရှိခြောက်ထပ်ဆေးရုံတည်ဆောက်နေမှုအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ်ဆေးရုံ တည်ဆောက်ရေးရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာရန်နိုင်မောင်က ခြောက်ထပ်ဆေးရုံတည်ဆောက်နေမှု၊ တည်ဆောက်ပြီးစီးပါက ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အရိုးဆေးကုဌာန၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးကုဌာနများ ထားရှိသွားမည့် အခြေအနေများကိုလည်းကောင်း၊ ခြောက်ထပ်ဆေးရုံတည်ဆောက်ရေးတာဝန်ခံက ဆေးရုံတည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေယာအမည်ပေါက်ရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ဆေးရုံဧရိယာအတွင်း ရေကြီးမှုမဖြစ်စေရေး ရေဝင်/ထွက် ကောင်းမွန်စေရေးဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း အသီးသီးတင်ပြခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ခြောက်ထပ်ဆေးရုံအတွက် လိုအပ်သော ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် Landscaping Design ရေးဆွဲရန်၊ ဆေးရုံ ဝင်/ထွက်လမ်းများ ကုန်ကျစရိတ်တွက်ချက်တင်ပြရန်၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားရန်နှင့် သောက်သုံးရေဖူလုံမှုရှိစေရေး၊ ရေအရည်အသွေးစစ်ဆေးသွားရန်နှင့် လျှပ်စစ်မီးအသုံးပြုနိုင်ရန်အတွက် ထရန်စဖော်မာ အမြန်ဆုံးတပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်တို့အား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ခြောက်ထပ်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

❂ စာမျက်နှာ ၁၀ မှ

### စိစစ်ရေးကတ်မရှိသူများ

**ယခုလက်ရှိတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ မြန်မာနိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို မြန်မာနိုင်ငံသားတိုင်း မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားဥပဒေပါ စည်းကမ်းချက်များအတိုင်း အထောက်အထား၊ အသိအမှတ်ပြုကတ်၊ လက်မှတ်များ ပြုလုပ်ထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သုံးမျိုးတို့ကို သက်ဆိုင်သူတို့အလိုက် ပြုလုပ်ထားရမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံသား အသိအမှတ်ပြုစိစစ်ရေးကတ်များကို ဦးစားပေးပြုလုပ်ပေးနေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးလက်မှတ်မရှိသူ အမြောက်အမြား မဲပေးခဲ့ကြသည်မှာ ရွေးကောက်ပွဲပုံရိပ်ကို ထိခိုက်စေခဲ့ပေသည်။**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်များစာရင်းကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းများက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ စာရင်းထက်ပိုများနေသည်ကိုတွေ့ရသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းထက် ၂၁၅၆၆၄၇ ဦး ပိုများနေသည်။

### အထောက်အထားပြုလုပ်

နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၄၇၀၉၉ ဦးရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ မဲဆန္ဒရှင်များစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများသာမက နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်နေသူများပါတွေ့ရှိရသဖြင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိပါသည်။

**စစ်မှန်သောဒီမိုကရေစီဖော်ဆောင်ရေးတွင် အဓိကကျသည့် ရွေးကောက်ပွဲများ၌ မဲပေးပိုင်ခွင့်ရှိသူများစာရင်း မှန်မှန်ကန်ကန်ဖြစ်စေရေး တိကျသောစာရင်းကောက်ယူခြင်းများနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရေးကို သက်ဆိုင်ရာဌာနများက အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် စီမံ**ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပရေးကို တိတိကျကျ မှန်မှန်ကန်ကန် ပြုလုပ်ပေးနိုင်ရန်ရည်မှန်းထားသည်။ ထို့ကြောင့် နိုင်ငံသား အသိအမှတ်ပြု စိစစ်ရေးကတ်များ မရှိသေးသူများအနေဖြင့် မိမိတို့ရပိုင်ခွင့်ရှိသည့် နိုင်ငံသား အခွင့်အရေးများ အပြည့်အဝရရှိစေရန် လိုအပ်သော နိုင်ငံသားဆိုင်ရာ အချက်အလက်များကို စုဆောင်း၍ နိုင်ငံသား အထောက်အထားများ ပြုလုပ်ထားကြ ရမည် ဖြစ်သည်။

**စစ်မှန်သောဒီမိုကရေစီဖော်ဆောင်ရေးတွင် အဓိကကျသည့် ရွေးကောက်ပွဲများ၌ မဲပေးပိုင်ခွင့်ရှိသူများစာရင်း မှန်မှန်ကန်ကန်ဖြစ်စေရေး တိကျသောစာရင်းကောက်ယူခြင်းများနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရေးကို သက်ဆိုင်ရာဌာနများက အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပရေးကို တိတိကျကျ မှန်မှန်ကန်ကန် ပြုလုပ်ပေးနိုင်ရန် ရည်မှန်းထားသည်။ ထို့ကြောင့် နိုင်ငံသားအသိအမှတ်ပြုစိစစ်ရေးကတ်များ မရှိသေးသူများအနေဖြင့် မိမိတို့ရပိုင်ခွင့်ရှိသည့် နိုင်ငံသား အခွင့်အရေးများ အပြည့်အဝရရှိစေရန် လိုအပ်သော နိုင်ငံသားဆိုင်ရာ အချက်အလက်များကို စုဆောင်း၍ နိုင်ငံသား အထောက်အထားများ ပြုလုပ်ထားကြရမည်ဖြစ်။**

### နိုင်ငံသားလျှောက်ထား

ပြန်လည်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈နှစ် ပြည့်ပြီးသူ နိုင်ငံသားအားလုံး ပါဝင်မဲဆန္ဒပေးသည့် အခွင့်အရေး ရရှိနိုင်ရန် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ နိုင်ငံသားများ ခိုင်လုံသောအကြောင်းပြ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအောက်မှ သတ်မှတ်ထားသောအဖွဲ့အစည်း (လဝက)များတွင် လျှောက်ထားရယူနိုင်ပါသည်။ အသက် ၁၀ နှစ်ပြည့် သို့မဟုတ် အသက် ၁၈ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် လျှောက်ထားမည့် (တိုင်းရင်းသားများ) အနေဖြင့် အောက်ပါအချက် ခုနစ်ချက် လိုအပ်ပါသည်။

အသက် ၁၀ နှစ်ပြည့် လျှောက်ထားခြင်းဖြစ်လျှင် ကာယကံရှင်နှင့်အတူ မိဘ သို့မဟုတ် အုပ်ထိန်းသူမှ လာရောက်ရမည်။ အသက် ၁၈ နှစ် လျှောက်ထားခြင်းဖြစ်ပါက ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်းအိမ်လက်ခံမူရင်းနှင့် မိတ္တူတစ်စောင် ပါရှိရမည်။ မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီးသော ရှေ့ပြေးလျှောက်လွှာ ပါရှိရမည်။ အသက်အတွက် ကျောင်းထောက်ခံချက် သို့မဟုတ် မွေးစာရင်းမူရင်းနှင့် မိတ္တူ ပါရှိရပါမည်။ မိဘနှစ်ပါး ကိုင်ဆောင်ထားသော အထောက်အထား လက်မှတ်မူရင်းနှင့် မိတ္တူပါရှိရမည်။ ကာယကံရှင်၏ သွေးစစ်လက်မှတ် မူရင်းပါရှိရမည်။ ရပ်ကွက်/ကျေးရွာ

**အုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။ လဝကမှ သတ်မှတ်ထားသောအရွယ် ဓာတ်ပုံလေးပုံ (မျက်မှန်မပါ) ပါရှိရမည်။ အဆိုပါ အချက်ခုနစ်ချက် ပြည့်စုံပါက နိုင်ငံသားစိစစ်ရေးကတ်ကို သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် လျှောက်ထားရယူ၍ သင်နိုင်ငံသားတစ်ယောက်အဖြစ် စိတ်ချလက်ချနေထိုင်နိုင်မည်ဖြစ်သည်။**

### ဝေဖန်ထောက်ပြခဲ့

၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခဲ့ရာမှ တွေ့ရှိခဲ့ရသော အသက် ၁၈ နှစ်ပြည့် ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသော ပြည်သူများ၏အရေးကို ဆောလျင်စွာ ဖြေရှင်းပေးဖို့ လိုအပ်လာပြီဖြစ်သည်။ အသိအမှတ်ပြု နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသော ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မပြုလုပ်ခဲ့ခြင်းဖြစ်ရာ ထိုသို့မရှိခဲ့ခြင်းအတွက် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနိုင်ရုံသာမက မဖြစ်သင့်သော ပြဿနာများနှင့် စိုးရိမ်ဖွယ်ရာဖြစ်သော နိုင်ငံမဲ့သဘောမျိုး သက်ရောက်နေသောအဖြစ်များကို သတိထားဖို့ လိုအပ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်ခွင့်ရှိသူ လူဦးရေ ၃၈ သန်းတွင် ၂၀ ရာခိုင်နှုန်းနီးပါး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ မဲပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာကြသည့် အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် အသိအမှတ်ပြုနိုင်ငံသားတစ်ဦးအဖြစ် မြန်မာနိုင်ငံတွင် ရပ်တည်နေထိုင်ခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်အခွင့်အရေးများ များစွာရရှိကြမည်ဖြစ်သလို နိုင်ငံသားတစ်ဦး၏ ထမ်းဆောင်ရမည့် တာဝန်များကိုလည်း အလေးထား လိုက်နာဆောင်ရွက်ကြရပါမည်။ ထို့ကြောင့်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်မှ အသိအမှတ်ပြုထားသည့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးနှင့် တာဝန်များကို ပြည့်ပြည့်ဝဝ ရယူနိုင်ရန်အတွက် အထောက်အထားမရှိသော ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို မဖြစ်မနေပြုလုပ်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# တရုတ်နိုင်ငံမှလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ဖိလစ်ပိုင်သို့ ထပ်မံရောက်ရှိ




**မနီလာ မတ် ၂၄**
ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်နေစဉ် တရုတ်မှ လှူဒါန်းသော Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ်ကို ယနေ့လက်ခံရရှိခဲ့သည်။

အဆိုပါ ကာကွယ်ဆေးကို ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟွန်ရှီလျန်က ဖိလစ်ပိုင်တာဝန်ရှိသူများ၏ လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး ဖရန်စစ္စကိုဒုခ်က တရုတ်နိုင်ငံမှ လှူဒါန်းထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ယခုကဲ့သို့ ထပ်မံ လက်ခံရရှိခြင်းနှင့်ပတ်သက်၍ တရုတ်အစိုးရအပေါ် အလွန်ပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၆၆၆၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၆၈၄၃၁၁ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။ ထို့အတူ ဖိလစ်ပိုင်၌ လွန်ခဲ့သည့် ၂၄ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၄၇ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိ အချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၃၀၃၉ ဦး ရှိလာကြောင်း သိရသည်။

တရုတ်နိုင်ငံမှ လှူဒါန်းထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်မံလက်ခံရရှိမှုသည် ပြည်သူတစ်ရပ်လုံး အတူတကွလုပ်ကိုင်ဆောင်ရွက်သောအခါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်သည်ဟူသော သက်သေ သာဓကတစ်ခုပင်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ဆေးဆိုင်ရာ တာဝန်ရှိသူ ကာလီတိုဂါလ်ဗက်ဇ်က ပြောကြားသည်။ ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အဆုံးသတ်သည့် အထိ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ လှူဒါန်းခဲ့ရာ ဖိလစ်ပိုင်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံး လှူဒါန်းသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ရုရှား၏ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် အတူ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်သည်။

ဖိလစ်ပိုင်အစိုးရသည် ပြည်သူများ၏ဘဝ ပုံမှန်ပြန်ဖြစ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ဝင်ငွေနည်းပါးသော ပြည်သူများအား ဦးစားပေးထိုးနှံပေးခြင်းဖြင့် နိုင်ငံ၏ လူဦးရေသန်း ၁၁၀ ရှိသည့်အနက် သန်း ၇၀ ခန့်ကို ယခုနှစ် အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

■



# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄ ဒသမ ၁၄ သန်းရှိလာ

**အဒစ်အဘာဘာ မတ် ၂၄**
အာဖရိကတိုက်၌ မတ် ၂၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်းမှာ ၄၁၄၈၈၆၆ ဦး အထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၀၅၂၄ ဦးအထိ ရှိလာချိန်တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၇၀၅၃၆၉ ဦးအထိရှိလာခဲ့ကြောင်းလည်း အာဖရိကသမဂ္ဂအဖွဲ့ဝင် ၅၅ နိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်အတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၂၂၅၁ ဦးအထိရှိလာခဲ့ပြီး သေဆုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကာ တောင်အာဖရိကနိုင်ငံနောက်တွင် အီဂျစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၆၈၀၊ မော်ရိုကိုနိုင်ငံက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၇၇၅ ဦးဖြင့် အာဖရိက၏ သေဆုံးမှုအများဆုံး နိုင်ငံများအဖြစ် အသီးသီးရပ်တည်လျက်ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် မူဝါဒနှင့်စပ်လျဉ်း၍ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ အမျိုးသားလုံခြုံရေးအကြံပေးများနှင့် ဆွေးနွေးမည်

**ဝါရှင်တန် မတ် ၂၄**
အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိသူများသည် မြောက်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် မူဝါဒနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်အတွက် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးအကြံပေးများအား လာမည့်သီတင်းပတ်တွင် ဝါရှင်တန်သို့ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် အမေရိကန်နိုင်ငံ၏ မူဝါဒကို ပြန်လည်သုံးသပ်လျက်ရှိကြောင်းနှင့် အဆိုပါ ပြန်လည်သုံးသပ်ချက်တွင် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ သုံးသပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရက ပြောကြားခဲ့သည်။

လာမည့်သီတင်းပတ်အတွင်း မြို့တော်ဝါရှင်တန်၌ ကျင်းပမည့် မြောက်ကိုရီးယားအရေးဆိုင်ရာ အမျိုးသားလုံခြုံရေးအစည်းအဝေးသို့ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်၊ ဂျပန်အမျိုးသားလုံခြုံရေးအကြီးအကဲ ကီတာမူရာရှီဂီရူနှင့် တောင်ကိုရီးယားနိုင်ငံ သမ္မတရုံးမှ အမျိုးသားလုံခြုံရေးညွှန်ကြားရေးမှူး ဆုဟွန်းတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း အမေရိကန်ထိပ်တန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ အမျိုးသားလုံခြုံရေး အကြံပေးတာဝန်ရှိသူများသည် ဂျိုးဘိုင်ဒင် အမေရိကန်သမ္မတအဖြစ် စတင် တာဝန်ယူပြီးနောက်ပိုင်း ဝါရှင်တန်သို့ လာရောက်မည့် ပြည်ပအစိုးရများ၏ အဆင့်မြင့်အရာရှိများ ဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# မွန်ဂိုလီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၈ ဦးထပ်မံတွေ့ရှိ

**အူလန်ဘာတာ မတ် ၂၄**
မွန်ဂိုလီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၈ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၅၆၁၀ ရှိလာကြောင်း အမျိုးသားကူးစက်ရောဂါဆိုင်ရာစင်တာက ယနေ့ပြောကြားသည်။

ယခုနောက်ဆုံးတွေ့ရှိခဲ့ရသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများမှာ နိုင်ငံ၏ မြို့တော် အူလန်ဘာတာမှဖြစ်ကြောင်း အဆိုပါစင်တာမှ ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှာမြင့်မားလာသောကြောင့် နိုင်ငံသားများအနေဖြင့် လူထူထပ်သောနေရာများကို ရှောင်ရှားကြရန်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ကြရန် အဆိုပါစင်တာမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဂျန်စင်စင်ဂီဘိုင်ဂေမာက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထပ်မံမြင့်တက်လာမည်ဆိုပါက တင်းကျပ်သော အသွားအလာကန့်သတ်မှုများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်စန်ဘူရန် အမာဆိုင်ကန်က ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့်သေဆုံးသူကိုးဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၉၄၇ ဦး ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၈၂ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်

**ပေကျင်း မတ် ၂၄**

တရုတ်အစိုးရသည် မတ် ၂၂ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၈၂ ဒသမ ၈၄ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ထုတ်ပြန်သည့် နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့အပြင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမှုအစီအစဉ်ကို အရှိန်တိုးမြှင့်ရန် စီစဉ်ထားသလို ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖွယ်အန္တရာယ်များသော ပြည်သူများမှ သာမန်ပြည်သူတစ်ရပ်လုံးအထိ ၎င်းအစီအစဉ်တွင် ပါဝင်နိုင်ရေးအတွက် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံ၏ သမိုင်းတစ်လျှောက် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များအနက် အကြီးမားဆုံးဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစုလိုက် အပြုံလိုက်ထိုးနှံမှုသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထိရောက်မှုရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၁ ရက်မှစ၍ တစ်နေ့လျှင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၅ သန်းမှ ငါးသန်းအထိ တိုးမြှင့်ထုတ်လုပ်လျက်ရှိပြီး ယခုအခါ ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ရှီယိုယာကန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

■



# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၄၇ သန်းကျော် ရှိလာ

**ဂျကာတာ မတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၂၂၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၄၇၆၄၅၂ ဦးရှိခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၉၉၈၃ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၆၂၂ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၃၁၂၅၄၃ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၃၄ ခုစလုံးသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းလည်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ပြည်နယ်များတွင် အနောက်ဂျာဗားတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၉ ဦး၊ ဂျကာတာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၀၊ ဗဟိုဂျာဗားတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၃ ဦး၊ အရှေ့ဂျာဗားတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၉ ဦးနှင့် အရှေ့ကာလီမန်တန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၅ ဦး အသီးသီးရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိသည့် ပြည်နယ်များမှာ မြောက်ဆူလာဝေစီပြည်နယ်နှင့် ဂိုရွန်တာလိုပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




# ဥဇဘက်ကစ္စတန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဧပြီ ၁ ရက်တွင် စတင်မည်

**တက်ရှ်ခန့် မတ် ၂၄**

ဥဇဘက်ကစ္စတန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဧပြီ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စတင်အသုံးပြုမည်ဖြစ်ကြောင်းနှင့် အသက် ၆၀ အထက်ရှိသူများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအား ကနဦးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဥဇဘက်ကစ္စတန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်မှ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်အလုံးရေ ၆၆၀၀၀၀ ကို ပြီးခဲ့သော သီတင်းပတ်အတွင်းက ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဥဇဘက်ကစ္စတန်နိုင်ငံသည် နောက်ထပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ သန်း ထပ်မံရရှိရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဥဇဘက်ကစ္စတန်နိုင်ငံက ရုရှားနိုင်ငံထုတ် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းရရှိရန် အတွက်လည်း ရုရှားနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၌ လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၁၆၇၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၂၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၄၉၄၇၃၅၄ | ဦး |
| သေဆုံးသူ | ၂၇၄၈၈၇၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၀၉၄၁၁၂၀ | ဦး |



# ကျူးဘားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဩဂုတ်လအတွင်း ကာကွယ်ဆေး ထိုးနှံပေးသွားမည်

**ဟာဗားနား မတ် ၂၄**

ကျူးဘားနိုင်ငံ၌ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြင့် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဩဂုတ်လအတွင်း ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

မိမိတို့က ဩဂုတ်လအတွင်း နိုင်ငံသား ခြောက်သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်နေကြောင်း၊ ယခုကဲ့သို့ ကာကွယ်ဆေးထိုးနှံရာတွင် ပထမဦးစားပေးအုပ်စုအဖြစ် သက်ကြီးရွယ်အို ၂ ဒသမ ၂ သန်းအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပြီး ၎င်းအုပ်စုနောက်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါအခံရှိသူများအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန နည်းပညာတီထွင်ဆန်းသစ်ရေးဌာနမှ ညွှန်ကြားရေးမှူး အိုင်လန်နာမိုရေးက ပြောကြားသည်။

နိုင်ငံအတွင်း ဆိုဘာရာနာအမှတ်-၁၊ ဆိုဘာရာနာအမှတ်-၂၊ မန်ဘီဆာနှင့် အက်ဒါလာ အစရှိသော ကိုဗစ်-၁၉ ဆေးဝါးများကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

လူဦးရေ ၁၁ သန်းကျော်ရှိသော ကျူးဘားနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ကျဆင်းရေးကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ မြို့တော် ဟာဗားနားတွင် လူဦးရေ ၁ ဒသမ ၇ သန်းခန့်မှာ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံမှုခံယူခဲ့ကြကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အင်းစိန်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးကို အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်

**နေပြည်တော် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးကို အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၄ နာရီ ၅ မိနစ်ခန့်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း အနောက်ရပ်ကွက် အင်းစိန်လမ်းမကြီးပေါ်ရှိ မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးကို အင်းစိန်လမ်းမကြီးအတိုင်း မောင်းနှင်လာသော ယာဉ်အမှတ်(စိစစ်ဆဲ) Landcruiser ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က မီးပုလင်းဖြင့် အကြောင်းမဲ့ရန်ပြုပစ်ပေါက်ကာ မရမ်းကုန်းမြို့နယ်ဘက်သို့ ပြန်လည်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း။

မီးပုလင်းဖြင့် ရန်ပြုပစ်ပေါက်မှုကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး အတွင်းရှိ လက်ဆေးဘေစင် တစ်ခု၊ ကြေ်ပြောဆိုင်းဘုတ် သုံးခု၊ ကြေ်ပြောဗီနိုင်းစ နှစ်ခုနှင့် အမှိုက်ပုံး တစ်ပုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး နံနက် ၄ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းရလျှင်ရချင်း အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ပစ်ပေါက်ရာတွင် အသုံးပြုခဲ့သည့် Myanmar Beer ပုလင်းခွံ ရှစ်လုံးနှင့် မီးစာတပ်ဆင်ထားသည့် ခါတ်ဆီပုလင်း သုံးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးကို မီးပုလင်းဖြင့် အကြောင်းမဲ့ရန်ပြုပစ်ပေါက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# မိုးညှင်း၊ တောင်ကြီးနှင့် မိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မိုးညှင်းမြို့နယ် နန်းမားကျေးရွာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်းရှိ စက်သုံးဆီအရောင်းဆိုင်အနီးတွင် မသင်္ကာဖွယ် တွေ့ရှိသူ စောလင်းထွန်းအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ ၁ ဒသမ ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀ ကို လည်းကောင်း။



စိုင်းနော်ထွန်း၊ မဇူးဇူးစံ၊ စိုင်းအောင်ကျော်ဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မတ် ၂၃ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ပန်းတင်လမ်းတွင် စိုင်းအောင်ကျော်ဝင်း မောင်းနှင်ပြီး မဇူးဇူးစံနှင့် စိုင်းနော်ထွန်းတို့ လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ မတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာနေ မနာစီး၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၆၅ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရိခေါဒါရ်မြို့၌ ဂက်စ်အိုးများ လှောင်ထားသည့်ဂိုဒေါင် မီးလောင်

**ဖလမ်း မတ် ၂၄**

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက် လျှန်နာလမ်းတွင် မတ် ၂၂ ရက် မွန်းလွဲ ၃ နာရီခန့်က ဂက်စ်အိုးများ လှောင်ထားသည့် ဂိုဒေါင် မီးလောင်ခဲ့ကြောင်း သိရသည်။

ဂက်စ်အိုးများသိုလှောင်ထားသော ဂိုဒေါင်တွင် ဂက်စ်မီးဖိုဖြင့် ရေနွေးအိုးတည်ရာ ဂက်စ်ပိုက်ပြုတ်ကာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဂက်စ်အိုးများ သိုလှောင်ထားသည့် တစ်ထပ်ဂိုဒေါင်တစ်လုံး မီးလောင်ခဲ့ကြောင်း ရိခေါဒါရ်နယ်မြေမီးသတ်စခန်း၏ ထုတ်ပြန်ချက်အရ သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ရိခေါဒါရ်နယ်မြေမီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးလာလ်ရွတ်ထီးယန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ်ဆသူ ဦးနွမ်မွေးအာကို သက်ဆိုင်ရာရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူလေး**

# ဘီးလင်းမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘီးလင်းမြို့ ဘိုးလှကြီးရပ်ကွက် နွယ်နီလမ်းနေ နိုင်ဝင်း(ခ)ကုလား (၂၈)နှစ် (ဘ) ဦးပြည်သိမ်းသည် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းရရှိသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ ဘီးလင်းမြို့ ကန်သာယာရပ်ကွက် သီတာအောက်လမ်းနေ အောင်ကိုကိုမြင့်(တိမ်းရှောင်) (၂၆)နှစ် (ဘ)ဦးသိန်းဟန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်အတွင်းမှ အရှည် ၄ ပေ ၅ လက်မခန့်ရှိ ဘောစေ့ဖြင့်ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်၊ အရှည် ၂ ပေ ၆ လက်မခန့်ရှိ သစ်သားဒင် တစ်ချောင်း၊ အလျား ၃ ဒသမ ၅ လက်မခန့်ရှိ သံစပရိန် တစ်ခု၊ အရှည် ရှစ်လက်မခန့်ရှိ သေနတ်ပြောင်းပြုလုပ်ရာတွင် အသုံးပြုသော ကော်ပိုက်တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။



ဆက်လက်၍ အဆိုပါလမ်းနေ ထွန်းဇော်ဦး (၂၈)နှစ် (ဘ) ဦးတင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ထွန်းဇော်ဦးနှင့်အတူ အရှည် ၄ ပေ ၇ လက်မခန့်ရှိ ဘောစေ့ဖြင့်ပစ်ခတ်ရသော လက်လုပ်သေနတ်တစ်လက်၊ အလုံးရေ ၆၄ လုံးပါ သံဘောစေ့ဘူးနှစ်ဘူးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

လက်လုပ်သေနတ်များ လက်ဝယ်ထားရှိသူ နိုင်ဝင်း(ခ)ကုလားနှင့် ထွန်းဇော်ဦးတို့ နှစ်ဦးကို ဖမ်းဆီးထားရှိကြောင်းနှင့် ဥပဒေအရ အမှုဖွင့် အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော အောင်ကိုကိုမြင့်အား ဖမ်းဆီးရမိနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဥတ္တရသီရိမြို့နယ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၂၄**

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာနေ ဒေါ်သန်းဌေး၏ နေအိမ်တွင် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ထင်းမီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဥတ္တရသီရိမြို့နယ်မီးသတ်စခန်း၊(ဗဟို)မီးသတ်စခန်း၊ ပန်းတင်(အမြန်လမ်း) နယ်မြေမီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ နယ်မြေခံတပ်မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ် ခုနစ်လုံးနှင့် ဆိုင်ကယ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

**အောင်မျိုး**

# တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁) ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ

## ကိုသံချောင်း – မစာဥ စကားပြောခန်း (၁၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ တတိယ အကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ်လ ၂၃ ရက်နေ့က ကျင်းပပါတယ်။ နိုင်ငံရေးကို စိတ်ဝင်စားတဲ့ ကိုသံချောင်းတို့၊ မစာဥတို့လည်း တီဗွီရှေ့ကနေ ထိုင်နားစွင့်နေကြတာပေါ့။ ဒီကနေ့ နေ့လယ်ခင်းမှာတော့ ရေနွေးကြမ်းခွက်ကိုယ်စီနဲ့ တိုင်းရေးပြည်ရေးဆွေးနွေးကြတဲ့အခါ..

“ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအကြောင်း ကိုသံချောင်းရော ဘယ်လိုထင်သလဲရှင့်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်းရဲ့ ဗီဒီယိုကိုလည်း မဟုတ်ဘူး ပြောနေကြတယ်နော်။ ကျွန်မလည်း မယုံချင်သေးဘူး”

“ဆင်ပြောင်ကြီး တည့်တည့်သွားနေတာ မြင်ရက်နဲ့ လယ်ကွင်းထဲမကြည့်ဘဲ မိုးပေါ်ကြည့်နေပြန်ပြီ မစာဥရယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့ အမြဲအားမလိုအားမရဖြစ်ခဲ့ရတဲ့ ကွီးဖြိုးလို့ ချစ်စနိုးခေါ်ခဲ့ကြတဲ့ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းရုပ်သံဖိုင်ကို ခင်ဗျားလည်းမြင်ပြီးပြီမဟုတ်လား။ မျက်စိမှိတ်ပြီး မမြင်ရဘူး၊ မဟုတ်ဘူး အော်နေတာတော့ မကောင်းပါဘူးဗျာ။ သူကိုယ်တိုင်ဝန်ခံနေတာတောင် မယုံဘူးဆိုရင်တော့ ခင်ဗျားတို့ဟာ တစ်ဖက်ပိတ်ဖြစ်သွားပြီဗျ”

“အမလေးရှင် ဒါလေးပြောတာကို ကိုသံချောင်းကလည်း စိတ်တိုနေလိုက်တာ။ ကျွန်မပြောတာ မဟုတ်ပါဘူးရှင်။ ဖေ့စ်ဘွတ်က ဂုရုကြီးတွေ ပြောတာကို ပြန်ပြောရတာပါရှင့်”

“အဲဒါပေါ့ဗျာ။ ရှင်းပြရင်လည်း နားမဝင်၊ နားအဝအထိ လာပြောပြလည်း နားထဲမထည့်၊ မျက်စိရော၊ နားရောကို တစ်ဖက်ပိတ်ထားကြတယ်။ မဟုတ်တမ်းတရားတွေကျရင်တော့ နားရည်ကို ဝနေလိုက်တာ။ အဲဒါကြောင့်ပြောတာပေါ့ မစာဥရဲ့ အမှန်တရားက ဖိနပ်စီးတုန်းမှာ မုသာဝါဒက ကမ္ဘာတစ်ပတ်ပတ်နေပြီဆိုတာပေါ့။ လက်ရှိအစိုးရ ဘာတွေဆောင်ရွက်နေသလဲ။ အဖြစ်မှန်က ဘာတွေလဲဆိုတာကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ရေးသားတဲ့ မီဒီယာတွေမှာ ကြည့်ပါ။ အွန်လိုင်းပေါ်က အရည်မရ၊ အဖတ်မရ နာမည်ကြီးဖို့နဲ့ လူကြိုက်များဖို့ပဲ ကြိုးစားနေတဲ့ မီဒီယာအယောင်ဆောင်တွေကို အားကိုးနေလို့ကတော့ အမှန်တရားနဲ့ ခင်ဗျားဝေးပြီ သာမှတ်ပေတော့ဗျာ”

“အဲဒီလိုတော့မပြောပါနဲ့ရှင်။ ကျွန်မတို့လို လူတွေက ဖေ့စ်ဘွတ်ထဲမှာတွေ့တဲ့ အကြောင်းအရာဆိုရင် လွှတ်ယုံတတ်တာရှင့်။ အဲဒီမှာ ပြောဆိုနေကြရင် အဟုတ်ပဲမှတ်တာပေါ့”

“ဒါပေါ့ဗျာ။ လွန်ခဲ့တဲ့ငါးနှစ်မှာ ဖေ့စ်ဘွတ်သုံးရင်း ပျက်စီးဆုံးရှုံးသွားရတဲ့အရာတွေ အများကြီးရှိတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်လေးစားမှု၊ မျှတတဲ့ အတွေးအခေါ်တွေနဲ့ ယဉ်ကျေးမှုတွေ အဲဒီအထဲပါသွားတာတော့ စိတ်မကောင်းဘူး။ လစ်ဘရယ်ဆိုပြီး အော်နေကြတဲ့ အနီရောင်လူအုပ်စုကြီးဟာ မင်္ဂလာတရားတော်ဆိုတာကို မေ့ပစ်လိုက်ကြတယ်။ ဖေ့စ်ဘွတ်ကို ပိုက်ဆံပေးပြီး အစိုးရဟောင်းက နိုင်ငံရေးထဲကိုဆွဲသွင်းပြီး လူထုကို အဆိပ်ကျွေးလိုက်တာလို့ပဲ ကျွန်တော်ကတော့ စွပ်စွဲချင်တယ် မစာဥရယ်”

“လူမှုကွန်ရက်ဟာ လူတွေအတွက် အသုံးချရမယ့်အရာ ဖြစ်မလာဘဲ ကျွန်မတို့ကိုအသုံးချသွား၊ နင်းချေသွားတဲ့အရာ ဖြစ်လာခဲ့တာပေါ့နော် ကိုသံချောင်း။ ကျွန်မဖြင့် လိုင်းပေါ်တက်ရမှာကို ကြောက်နေမိတာ။ ခြိမ်းခြောက်တာတွေမြင်ရတယ်။ တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြဖို့ မြှောက်ပင့်ပေးနေတာမြင်ရတယ်။ အဆိုးဆုံးက ကိုယ်တိုင်ခံစားပြီး လိုက်လုပ်ကြတာပေါ့ရှင်။ ရှင်ပြောမှ သတိထားပြီး ဆင်ခြင်ရတော့မယ်။ ဘာမြင်မြင် ချင့်ယုံရတော့မှာပဲ”

“ဟုတ်တာပေါ့ဗျာ။ ဒီကာလမှာ အချို့မြို့ကြီးတွေမှာ အေးအေးချမ်းချမ်း ဆန္ဒပြတာမဟုတ်တော့ဘူးဗျ။ အကြမ်းဖက်တာ၊ လူအုပ်စုလက်နက်ကိုင် အကြမ်းဖက်တာမျိုးတွေကို မြင်ရတယ်။ မြို့နယ် ၃၀ လောက်က ပြည်သူပိုင်ရုံးတွေ၊ ရဲစခန်းတွေ၊ ရဲကင်းစတဲ့ ဌာနဆိုင်ရာ အဆောက်အအုံ ၅၀ ကျော်လောက် ဖျက်ဆီးခံရတယ်ဗျာ။ စာသင်ကျောင်းနဲ့ တံတားလိုအများနဲ့ဆိုင်တာတွေ မီးရှို့တယ်ဗျာ။ ဆက်သွယ်ရေးတာဝါတိုင်၊ မီးသတ်စခန်းတွေ၊ ငွေထုတ်စက်တွေ ဖျက်ဆီးခံရတယ်ဗျာ။ မီးရထားသံလမ်းတွေ ဖျက်ဆီးတယ်ဗျာ။ အလုပ်ရုံ၊ စက်ရုံတွေ မီးရှို့တယ်ဗျာ။ အဲဒါ နွေဦးတော်လှန်ရေးလားဗျာ”

“ဆန္ဒပြနေတဲ့ လူတွေနဲ့ အရာဝတ္ထုတွေလည်း ပျက်စီးပါတယ်ရှင်။ ဟိုရက်ကတောင် ကျဆုံးသွားတဲ့ အာဇာနည်လေးတွေအတွက် ကျွန်မဆုတောင်း အမျှဝေပွဲ သွားလိုက်သေးတယ်”

> “ဖက်ဒရယ်အာမီဆိုလည်း ယုံလိုက်၊ ရန်ကုန်ဝန်ကြီးချုပ်ဟောင်း ဗီဒီယိုအတုကြီးပြောလည်း ယုံလိုက်နဲ့တော့ မလုပ်သင့်တော့ဘူးဗျ။ ရန်ကုန်ဝန်ကြီးချုပ် သတင်းဆိုရင် နိုင်ငံတကာသတင်းဌာနကြီးတွေကတောင် ကိုးကားဖော်ပြနေကြပြီဗျ။ ခင်ဗျားတို့က အတုဆိုပြီး အော်လို့မပြီးသေးဘူး။ ဖက်ဒရယ်အာမီဆိုလည်း ကျွန်တော်ဖြင့် ရယ်ချင်လိုက်တာ။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ ငြိမ်းချမ်းရေးရဖို့ အစိုးရအဆက်ဆက် အာပေါက်အောင် ပြောရတယ်။ ဆွေးနွေးပွဲတွေကို နာမည်တန်းစီရွတ်ရင်တောင် ရန်ကုန်နဲ့ နေပြည်တော် ကားလမ်းလောက်ရှည်မယ်။ လိုအပ်ချက်တွေက အများကြီးကို ဒေါက်တာဆာဆာတို့၊ တရားမဝင် ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ-CRPH တို့က ရက်ပိုင်းနဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ အကုန်အဆင်ပြေတယ်ဆိုတော့ ပြောမဆုံးပေါင်တောသုံးတောင်ပေါ့ဗျာ”

### ဒေါင်

> “လူမှုကွန်ရက်ဟာ လူတွေအတွက် အသုံးချရမယ့်အရာ ဖြစ်မလာဘဲ ကျွန်မတို့ကိုအသုံးချသွား၊ နင်းချေသွားတဲ့အရာ ဖြစ်လာခဲ့တာပေါ့နော် ကိုသံချောင်း။ ကျွန်မဖြင့် လိုင်းပေါ်တက်ရမှာကို ကြောက်နေမိတာ။ ခြိမ်းခြောက်တာတွေ မြင်ရတယ်။ တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြဖို့မြှောက်ပင့်ပေးနေတာ မြင်ရတယ်။ အဆိုးဆုံးက ကိုယ်တိုင်ခံစားပြီး လိုက်လုပ်ကြတာပေါ့ရှင်။ ရှင်ပြောမှ သတိထားပြီး ဆင်ခြင်ရတော့မယ်။ ဘာမြင်မြင် ချင့်ယုံရတော့မှာပဲ”

“အမလေးအပျိုကြီးရယ်၊ ခင်ဗျားဟာက သူခိုးဓားရိုးကမ်းလုပ်သလို ဖြစ်မနေဘူးလားဗျ။ အဲဒီလိုပြောရရင် ဒီကာလမှာ နောက်ကွယ်က မြှောက်ပေးသမျှ ရှေ့ထွက်ပြီး ဖျက်ဆီးကြလို့ ရဲတပ်ဖွဲ့ဝင်ငါးဦး ကျဆုံးတယ်ဗျာ။ တပ်မတော်သားလေးဦး ကျဆုံးတယ်ဗျာ။ ဒလန်၊ သတင်းပေးဆိုပြီး ကိုယ့်မြို့ကိုယ့်ရွာထဲက အေးအေးနေလိုတဲ့ အမျိုးသား ၃၃ ဦး၊ အမျိုးသမီးနှစ်ဦးကို ရက်ရက်စက်စက်သတ်ပစ်လိုက်ကြတယ်ဗျာ။ ဒဏ်ရာရတဲ့ ရဲတပ်ဖွဲ့ဝင် ၁၆၃ ဦး၊ တပ်မတော်သားမိသားစုဝင်တစ်ဦးနဲ့ သတင်းပေးဆိုပြီး ရက်ရက်စက်စက်ပြုမူခံရသူ ၁၆၀ ကျော်ရှိသေးတယ်ဗျ။ မျက်နှာမှာ ငါးထောင်စားဆိုပြီး တက်တူးထိုးပစ်တာ၊ အငြိမ်းစားဝန်ထမ်းကြီးကို ကတုံးတုံးပစ်တာမျိုးတွေနဲ့ သက်ကြီးရွယ်အိုတွေကိုမထောက် ရပ်ကွက်ထဲက အတင်းဆွဲထုတ်တာတွေက လူပီသတဲ့လုပ်ရပ်လားဗျာ။ သေဆုံးသွားတဲ့ ရဲနဲ့တပ်မတော်သားတွေက တာဝန်ကို ထမ်းဆောင်ရင်း အသက်ပေးကြရတာလေဗျာ။ အာဇာနည်လို့ဆိုလိုက်ရင် သူတို့ကမှ အာဇာနည်အစစ်ပေါ့ဗျ။ ဒီမိုကရေစီရရှိရေးဆိုပြီး ရှိထားတဲ့ ဒီမိုကရေစီလမ်းကြောင်းက ဘာမှန်းတောင်မသိတဲ့ လူငယ်တွေ၊ သူများထွက်ထွက်ဆိုတိုင်း လမ်းပေါ်ထွက်ပြီး ရည်ရွယ်ချက်မဲ့ အသေခံတဲ့လူငယ်တွေကို အာဇာနည်ဆိုပြီး မြှောက်မပေးပါနဲ့ မစာဥရယ်။ အဲဒီလိုသာဆိုရင် ခင်ဗျားဟာ ဒေဝဒတ်နဲ့ အတူတူဖြစ်သွားမှာပေါ့”

“အဲဒီလိုတော့မဟုတ်ပါဘူး ကိုသံချောင်းရဲ့။ ကျွန်မတို့က မြန်မာဆိုတဲ့ အလံတော်တစ်ခုအောက်က မိသားစုတွေပဲမဟုတ်လား။ ဘယ်သူပဲထိထိ ခံစားရတာတော့အတူတူပါပဲ။ ဘယ်သူ့ကိုမှလည်း မထိခိုက်စေချင်ပါဘူး။ အမြန်ဆုံး အေးချမ်းပါစေလို့ပဲ ဆုတောင်းတော့မယ်”

“ဒါပေါ့ မစာဥရယ်။ ကလေးတွေကို လမ်းပေါ်အသေခံထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့ သူတွေက (၂၁) ရာစုရဲ့ ခေတ်သစ် ဒေဝဒတ်တွေပဲပေါ့။

စာမျက်နှာ ၁၇ သို့ ✪

> “ခင်ဗျားဟာက သူခိုးဓားရိုးကမ်းလုပ်သလို ဖြစ်မနေဘူးလားဗျ။ အဲဒီလိုပြောရရင် ဒီကာလမှာ နောက်ကွယ်က မြှောက်ပေးသမျှ ရှေ့ထွက်ပြီး ဖျက်ဆီးကြလို့ ရဲတပ်ဖွဲ့ဝင်ငါးဦးကျဆုံးတယ်ဗျာ။ တပ်မတော်သားလေးဦး ကျဆုံးတယ်ဗျာ။ ဒလန်၊ သတင်းပေးဆိုပြီး ကိုယ့်မြို့ကိုယ့်ရွာထဲက အေးအေးနေလိုတဲ့ အမျိုးသား ၃၃ ဦး၊ အမျိုးသမီးနှစ်ဦးကို ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတယ်ဗျာ။ ဒဏ်ရာရတဲ့ ရဲတပ်ဖွဲ့ဝင် ၁၆၃ ဦး၊ တပ်မတော်သားမိသားစုဝင်တစ်ဦးနဲ့ သတင်းပေးဆိုပြီး ရက်ရက်စက်စက်ပြုမူခံရသူ ၁၆၀ ကျော်ရှိသေးတယ်ဗျ။ မျက်နှာမှာ ငါးထောင်စားဆိုပြီး တက်တူးထိုးပစ်တာ၊ အငြိမ်းစားဝန်ထမ်းကြီးကို ကတုံးတုံးပစ်တာမျိုးတွေနဲ့ သက်ကြီးရွယ်အိုတွေကိုမထောက် ရပ်ကွက်ထဲက အတင်းဆွဲထုတ်တာတွေက လူပီသတဲ့လုပ်ရပ်လားဗျာ။ သေဆုံးသွားတဲ့ ရဲနဲ့တပ်မတော်သားတွေက တာဝန်ကိုထမ်းဆောင်ရင်း အသက်ပေးကြရတာလေဗျာ။ အာဇာနည်လို့ဆိုလိုက်ရင် သူတို့ကမှ အာဇာနည်အစစ်ပေါ့ဗျ။ ဒီမိုကရေစီရရှိရေးဆိုပြီး ရှိထားတဲ့ ဒီမိုကရေစီလမ်းကြောင်းက ဘာမှန်းတောင်မသိတဲ့ လူငယ်တွေ၊ သူများထွက်ထွက်ဆိုတိုင်း လမ်းပေါ်ထွက်ပြီး ရည်ရွယ်ချက်မဲ့ အသေခံတဲ့လူငယ်တွေကို အာဇာနည်ဆိုပြီး မြှောက်မပေးပါနဲ့ မစာဥရယ်။ အဲဒီလိုသာဆိုရင် ခင်ဗျားဟာ ဒေဝဒတ်နဲ့ အတူတူဖြစ်သွားမှာပေါ့”

# နောင်တဆိုတာ နောင်မှမတရအောင် အချိန်မီ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချနိုင်ခဲ့တဲ့အတွက်လည်း ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်

ကိုသက်ခိုင်မြင့်(အမည်လွှဲ)

**CDM လှုပ်ရှားမှုများ၏ နောက်ဆက်တွဲပြဿနာများကြောင့် ဝန်ထမ်းအများအပြား ယခင်ကအတိုင်း ပုံမှန်အလုပ်ဆင်းနေကြပြီဖြစ်သည်။ အဖျက်အမှောင့်လုပ်ရပ်များနှင့် အမြစ်တွယ်နေသော ဝန်ထမ်း အနည်းငယ်သာ CDMတွင် ရုန်းမထွက်နိုင်သေးဘဲရှိနေသည်ကို တွေ့ရသည်။ CDM လှုပ်ရှားမှုနှင့် ပြတ်ပြတ်သားသား လမ်းခွဲခဲ့သော ဝန်ထမ်းအချို့၏ သဘောထားအမြင်များကို ဆက်သွယ်မေးမြန်း ရေးသားလိုက်ရပါသည်။**

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုသက်ခိုင်မြင့်(အမည်လွှဲ)**

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ လုပ်သက်(၈)နှစ်ရှိပါပြီ။ ရာထူးတိုးနဲ့ယခုလက်ရှိဒေသကိုရောက်လာတာ နှစ်နှစ်မပြည့်သေးပါဘူး။ အမျိုးသမီးကလည်း ဌာနတူဝန်ထမ်းတစ်ဦးပါ။ သုံးနှစ်အရွယ်ရှိတဲ့ သားတစ်ယောက်ရှိပါတယ်။ သူတို့သားအမိကတစ်မြို့၊ ကျွန်တော်ကတစ်မြို့ တာဝန်ထမ်းဆောင်နေရင်း လကုန်တိုင်း ဝတ္တရားမပျက် ကျွန်တော့်လစာတွေကို ပို့ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့လက နိုင်ငံရေးအပြောင်းအလဲအရ CDM လှုပ်ရှားမှုတွေ ဖြစ်လာခဲ့တယ်။ ကျွန်တော်လည်း CDMလှုပ်ရှားမှုကြီးထဲ ပါဝင်ခဲ့မိတယ်။ အမှန်တိုင်းဝန်ခံရရင် ကျွန်တော်တို့တစ်ဖွဲ့လုံး နိုင်ငံရေးအတွေ့အကြုံလည်း မရှိကြသလို စစ်အုပ်ချုပ်ရေးလည်း မခံစားခဲ့ဖူးလို့ အဆိုးအကောင်း ဂဃနဏ မခွဲခြားတတ်ပါဘူး။ ရုတ်တရက် ခံစားချက်တစ်ခုတည်းနဲ့ CDM ထဲပါခဲ့တာပါ။ ကျွန်တော့်လက်အောက်က ဝန်ထမ်းငယ်လေးတွေကလည်း အမြဲတမ်းဝန်ထမ်းဖြစ်ဖို့ ကြိုးစားနေကြတဲ့ ယာယီဝန်ထမ်းလေးတွေပါ။ သူတို့မှာလည်း ဝန်ထမ်းလုပ်သက် သုံးနှစ်နီးပါးရှိနေကြပါပြီ။ သူတို့ကလည်း ဘာမသိညာမသိ ကျွန်တော်နဲ့အတူတူ ပူးပေါင်းပြီး CDM ထဲ ပါဝင်လှုပ်ရှားခဲ့ပါတယ်။

လှုပ်ရှားမှုအစမှာ နိုင်ငံရေးအတွေ့အကြုံ အသစ်အဆန်းတွေကို မြင်ရတွေ့ရတော့ ပျော်သလိုလိုပါပဲ။ ကျွန်တော်တို့တစ်ဖွဲ့လုံးမှာ ကျွန်တော်ပြီးရင် အကုန်ပြီးပါတယ်။ ကျွန်တော်နဲ့အတူ လှုပ်ရှားမှုကြီးကို နေ့တိုင်းချီတက်လာကြရာက ခုတော့တဖြည်းဖြည်း နှစ်လနီးပါးကပ်လာတဲ့အခါမှာ ကျွန်တော်တို့တစ်ဖွဲ့လုံး အထင်နဲ့အမြင် လွဲမှားနေပြီဆိုတာကို သိလိုက်ပါတယ်။ သိလိုက်ရတဲ့အချိန်မှာ လူရောစိတ်ပါ ချုံးချုံးကျနေပြီပေါ့ဗျာ။ အစကတော့ ဟုတ်သယောင်ယောင်ရှိတဲ့ CDM လှုပ်ရှားမှုကြီးဟာ တဖြည်းဖြည်း ဆန္ဒပြကြတဲ့လူတွေ နည်းသွားပြီး အကြမ်းဖက်ချင်ကြတဲ့လူတွေက ခပ်များများဖြစ်နေတာကို သိလာရတယ်။ အရေးတော်ပုံကြီးအောင်မြင်ရင် ဘာဖြစ်မယ် ညာဖြစ်မယ်ဆိုတဲ့ မက်လုံးပေးမြှူဆွယ်ခဲ့တဲ့ အရာတချို့ကလည်း လက်တွေ့နဲ့ မနီးစပ်မှန်းသိလိုက်ရတော့ အချိန်မီလမ်းမှန်ပြန်လျှောက်ကြဖို့ ကျွန်တော်တို့ ညီအစ်ကိုတစ်သိုက် တိုင်ပင်ကြပါတယ်။ သူတို့တွေလည်း ကျွန်တော့်ကို မပြောသာလို့သာ မပြောရှာတာ။ CDM အလုပ်ကောင်းလို့ လစာမရတော့တာကြောင့် အစစအရာရာ အဆင်မပြေမှုတွေလည်း ကြုံတွေ့လာတယ်။ နောက်ဆုံး လစဉ် ဝတ္တရားမပျက် လစာပို့ခဲ့ရတဲ့ ကျွန်တော့်အမျိုးသမီးနဲ့သားဖြစ်သူဆီကို CDM ကောင်းမှုကြောင့် လစာမပို့နိုင်ခဲ့တဲ့အပြင် အဝေးကနေ ဇနီးဖြစ်သူဆီ လက်ဖြန့်တောင်းရတဲ့အထိ ဖြစ်ခဲ့ရတယ်။ ကျွန်တော့်လက်အောက်က ဝန်ထမ်းငယ်လေးတွေက လူလွတ်တွေဆိုပေမယ့် သူတို့ခမျာလည်း ဒီလစာလေးတစ်ခုသာ အားကိုးရတာမို့ အကုန်လုံးစုပြီး အဆင်မပြေဖြစ်ကြရတယ်။ မှားတုန်းကလည်း မှားခဲ့ကြပြီးပြီ။ အခုချိန်ကစပြီး ညီအစ်ကိုတစ်ဖွဲ့လုံး ရုံးပြန်တက်ကြမယ်လို့ အားလုံးသဘောတူ အလုပ်ပြန်ဆင်းနေပါပြီ။ ထပ်ပြီးခေါင်းမာနေရင် တစ်ဖွဲ့လုံးအလုပ်ပြုတ်ဖို့ပဲ ရှိတော့တာမို့ အလားအလာမကောင်းတဲ့၊ ကောင်းကျိုးမရှိနိုင်တဲ့ CDM လှုပ်ရှားမှုကို စွန့်ခွာပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကာ အလုပ်ကို အေးအေးဆေးဆေး ဆက်လုပ်နေကြပါပြီ။ နောင်တဆိုတာ နောင်မှမတရအောင် အချိန်မီမှန်ကန်တဲ့ ဆုံးဖြတ်ချက် ချနိုင်ခဲ့တဲ့အတွက်လည်း ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော ကိုယ့်မိခင်ဌာနရောက်ပြီမို့ အားလုံးပဲ အဆင်ပြေနေပါပြီ။

**အကြီးတန်းစာရေးတစ်ဦး**

ကျွန်မကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကြီးတန်းစာရေး မသီတာမြင့်(အမည်လွှဲ)ပဲ ဖြစ်ပါတယ်။ လုပ်သက် ၁၅ နှစ်ရှိပြီ ဖြစ်ပါတယ်။ အရေးအခင်းစဖြစ်ကတည်းက CDM ထဲ ပါဝင်ခဲ့သူဖြစ်ပါတယ်။

အစပိုင်းမှာ CDM ဟာ ဆန္ဒထုတ်ဖော်တဲ့ အဖွဲ့အစည်းအစစ်အမှန်ဖြစ်တာမို့ လှုပ်ရှားမှုမှာ အားတက်သရော ပါဝင်ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ လှုပ်ရှားမှုကြီးက ကျွန်မထင်သလို ရက်တိုတိုနဲ့ မပြီးပြတ်နိုင်သလို တစ်နေ့အောင်မြင်နိုး၊ ပြီးဆုံးနိုးနဲ့ တစ်နေ့ တစ်နေ့ ခြေတိုမတတ်လျှောက်ခဲ့ရတာတွေလည်း ရွှေပြည်တော် မျှော်လေတိုင်းဝေးပြီမို့ ခြေကုန်လက်ပန်းကျနေပါပြီ။ အဆိုးဆုံးက မီးသတ်သမားတွေ CDM ဝင်တာကြောင့် မီးလောင်တဲ့နေရာမီးငြိမ်းသတ်ပေးမယ့်သူမရှိလို့ မီးလောင်ဆုံးရှုံးမှုတွေ၊ ဆေးရုံဆေးပေးခန်းတွေမှာ ကျန်းမာရေးဝန်ထမ်းတွေ CDM ပါဝင်နေတာကြောင့် ဆေးကုသပေးမယ့် သူမရှိလို့မဆုံးရှုံးသင့်တဲ့ လူ့အသက်တွေ ဆုံးရှုံးခဲ့ရတာတွေ မြင်ရကြားရတော့ ကျွန်မလျှောက်နေတဲ့ လမ်းကြောင်းဟာ မှားနေပါလားလို့ စပြီးတွေးမိတယ်။ အမှန်ဆိုရင် ဝန်ထမ်းတွေဟာ ကိုယ်ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာပါ။ ပါတီနိုင်ငံရေးတွေနဲ့ ဝန်ထမ်းတွေနဲ့ ဘာမှမသက်ဆိုင်ဖူးလို့ မြင်မိပါတယ်။ ဆရာဝန်ကလည်း ဆေးကုသတဲ့ တာဝန်ကို ကျေခဲ့ရင်၊ မီးသတ်သမားကလည်း မီးကိုအချိန်မီ ငြိမ်းသတ်နိုင်ခဲ့ရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်စရာ မရှိဖူးပေါ့ရှင်။ ကျွန်မရဲ့ လုပ်ရပ်ဟာ လွဲမှားနေမှန်း တဖြည်းဖြည်းနားလည်လာတော့ ကျွန်မဟာ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ ခွင့်မတောင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် CDM ကို ကျောခိုင်းခဲ့တာပါ။ အခုနောက်ပိုင်းမှာ ဆန္ဒပြပွဲလုပ်နေတဲ့လူတွေလည်း သိပ်မတက်ကြွနိုင်တော့ပါဘူး။ အားလုံးကိုယ့်အကြောင်းနဲ့ကိုယ် ကိုယ့်ဝမ်းနာကိုယ်သာသိမို့ ဝန်ထမ်းတွေလည်း အမြင်မှန်ရပြီး CDM ကို လက်တွဲဖြုတ်ကာ ကိုယ့်မူလလုပ်ငန်းခွင်ကို ဆင်းနေကြပါပြီ။ CDM စလုပ်တဲ့နေ့ကစပြီး ညဘက် အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့ ကျီးလန့်စာ စားနေရသလို တထိတ်ထိတ်နဲ့ ဖြတ်သန်းနေခဲ့ရတဲ့ ဘဝတွေကို စိတ်ကုန်လှပါပြီ။

ဒါကြောင့် ကျွန်မ ယတိပြတ်ဆုံးဖြတ်ချက်ချပြီး CDMနဲ့လမ်းခွဲခဲ့တာပါ။ ကျွန်မရဲ့ မိခင်ဌာန လုပ်ငန်းခွင်ရောက်မှပဲ စိတ်ကိုဒုံးဒုံးချနိုင်ပါတယ်။ မမှားတဲ့ရှေ့နေ၊ မသေတဲ့ ဆေးသမားရယ်လို့မရှိပါဖူး။ ကိုယ့်အမှားကိုအချိန်မီသိပြီး ပြင်ဆင်နိုင်ဖို့ပဲလိုတာပါ။ ကျွန်မတို့ဌာနက အထက်လူကြီးတွေနဲ့ ရုံးသူရုံးသားတွေအားလုံးကလည်း ကျွန်မကို လှိုက်လှိုက်လှဲလှဲကြိုဆိုအားပေးကြတာကြောင့် ကျွန်မရွေးချယ်ခဲ့တဲ့လမ်းကြောင်း မှန်ကန်ခဲ့တယ်လို့ပဲ ယူဆပါတယ်ရှင်။

**လက်ထောက်ဦးစီးမှူးတစ်ဦး**

ကျွန်တော်ကတော့ လက်ထောက်ဦးစီးမှူး တာဝန်ကိုထမ်းဆောင်နေတဲ့ဝန်ထမ်းတစ်ဦးဖြစ်ပြီး နာမည်က ကိုမျိုးအေးလို့ ခေါ်ပါတယ်။ အရေးအခင်းစဖြစ်ကတည်းက CDM ထဲပါဝင်ခဲ့သူပါ။ နိုင်ငံရေးအစွဲမရှိသလို အတွေ့အကြုံလည်းမရှိပါဘူး။ ကျွန်တော်တို့တစ်အိမ်ကျော်ကညီအစ်ကိုလိုနေတဲ့ ကိုအောင်ကြီး အဆွယ်ကောင်းမှုကြောင့် CDMလှုပ်ရှားမှုမှာ ထမင်းမေ့ဟင်းမေ့ပါခဲ့ပါတယ်။ ကျွန်တော့်မိဘတွေကလည်း တားပါတယ်။ ကျွန်တော်နားမဝင်တော့ပါဘူး။ မိုက်မိုက်ကန်းကန်းနဲ့ရှေ့တိုးဖြစ်ခဲ့တယ်။ ရုံးကလူကြီးကလည်း အလုပ်ပြန်ဝင်ဖို့၊ CDM လှုပ်ရှားမှုကို စွန့်လွှတ်ဖို့ အကြိမ်ကြိမ်ခေါ်ပြီး နားချပေမယ့် ကျွန်တော်လက်မခံခဲ့ပါဘူး။ အဆုံးအထိ CDMပဲလို့ ဆုံးဖြတ်ထားခဲ့သူပါ။ ဆုံးဖြတ်ထားတဲ့အတိုင်း ကျွန်တော်အလုပ်မဆင်းတော့ဘဲ CDM ဝဲဂယက်မှာနစ်မျောနေခဲ့တယ်။ နောက်ပိုင်း ဆန္ဒပြပွဲတွေ ရက်ရှည်လာတော့ ကျွန်တော့်မှန်းချက်နဲ့ နှမ်းထွက်မကိုက်တော့ဘူးဗျ။ အရင်က ဆန္ဒပြနေကျလူအုပ်ကြီးက ဆန္ဒပြရုံနဲ့မတင်းတိမ်ကြတော့ဘူး။ တစ်ဖက်ကနေ ဆူပူလှုံ့ဆော်မှုတွေအပြင် အကြမ်းဖက်လုပ်ရပ်တွေ ပြုမူလာကြတော့ ကျွန်တော် အသေအချာ စဉ်းစားရပါတော့တယ်။

ညဘက် ကားသံတွေကြားလည်း ပုန်းရ၊ အိမ်ရှေ့သူစိမ်းဖြတ်သွားတာမြင်တိုင်းလည်း ကျွန်တော့်ကိုရှာနေတယ်၊ ဖမ်းနေတယ်လို့ပဲ ထင်ယောင်ထင်မှားဖြစ်နေမိတယ်။ ရုံးမတက်နဲ့ ရုန်းထွက်ကြလို့ အသံကောင်းဟစ်နေကြတဲ့ သူတွေကို လေ့လာကြည့်တော့ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းတွေ အလွန်နည်းပါတယ်။ အများစုက ဝန်ထမ်းမဟုတ်လို့ ဝန်ထမ်းတစ်ယောက်ရဲ့ တန်ဖိုးကို ဝန်ထမ်းတွေပဲ သိနိုင်ပါတယ်။ လက်ထောက်ဦးစီးရာထူးရဖို့အချိန်များစွာစောင့်ဆိုင်းခဲ့ရတယ်။ အခုချိန်မှာ CDM ဝန်ထမ်းတွေကို အရေးယူမှုတွေရှိလာပြီဖြစ်လို့ ကျွန်တော်သေချာစဉ်းစားရပါတယ်။ ဘာပြစ်မှုမှ မကျူးလွန်ရသေးခင် ကျွန်တော် မြတ်နိုးတဲ့ ဝန်ထမ်းအလုပ်ကို စွန့်လွှတ်မလား၊ CDM ကို စွန့်လွှတ်ရမလား၊ နေ့နေ့ညည ခေါင်းအေးအေးနဲ့စဉ်းစားပြီး ကျွန်တော့်ဝန်ထမ်းဘဝလေးကိုပဲ ရွေးချယ်ခဲ့ပါတယ်။ ကျွန်တော့်လိုဘဝတူ ဝန်ထမ်းတွေကိုလည်း အကြံပေးချင်ပါတယ်။

အဆုံးသတ်မရေရာတဲ့ CDM လှုပ်ရှားမှုကြီးကို အမြန်လမ်းခွဲကြပြီး ကိုယ့်ဝန်ထမ်းဘဝလေးကိုပဲ ဆက်လက်ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းပဲဖြစ်ဖြစ် ချမှတ်ထားတဲ့ ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာစေချင်ပါတယ်။ ဝန်ထမ်းတွေနဲ့ မသက်ဆိုင်တဲ့ ပါတီနိုင်ငံရေးကို မလုပ်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဟိန်းလင်းထွန်း**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## ဆရာ ဆရာမတွေကို နည်းမျိုးစုံနဲ့ လှုံ့ဆော်ဖိအားပေးသူတွေကို အရေးယူဆောင်ရွက်ပေးပါ

**အယ်ဒီတာရှင့် –**

ကျွန်မကတော့ ကသာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာမတစ်ဦးပါ။ အခုအခါ ကသာမြို့မှာ မြို့နယ်ပညာရေးမှူးအစီအစဉ်ဖြင့် ဆရာ ဆရာမများ မွမ်းမံသင်တန်းကို တက်ရောက်နေပါတယ်။ အဲဒီသင်တန်းကို ဆရာဆရာမတွေမတက်နိုင်အောင်၊ မတက်ရအောင် နည်းအမျိုးမျိုးနဲ့ ဟန့်တားနှောင့်ယှက်တာ၊ သွေးဆောင်ဖြားယောင်းတာ၊ ဖိအားပေးအကျပ်ကိုင် ခြိမ်းခြောက်တာတွေကို CDM လုပ်သူတွေကပြုမူလာပါတယ်။ ကျွန်မတို့ ဆရာ ဆရာမတွေ သင်တန်းတက်ဖို့ သွားလာတဲ့လမ်းတစ်လျှောက်မှာ CDM လုပ်သူတွေက ကျွန်မတို့ရဲ့နောက်ကလိုက်ပြီး သံပုံးတွေတီးကာ လှောင်ပြောင်သလိုလို၊ ခနဲ့သလိုလို အပြုအမူတွေ၊ လူတစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ လွတ်လပ်ခွင့်ပေါ် ထိခိုက်စေတဲ့ လုပ်ရပ်တွေ၊ လူ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာ ထိခိုက်စေတဲ့ အပြုအမူတွေ လုပ်ဆောင်လာကြပါတယ်။

ကျွန်မတို့ ဆရာ ဆရာမတွေက တာဝန်ကျရာဒေသမှ ပြည်သူတွေရဲ့ ရင်သွေးလေးတွေကို ပညာတတ်၊ လူတော်လူကောင်းတွေဖြစ်အောင် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ ပြုစုပျိုးထောင်ကြရပါတယ်။ နောက်ပြီး ကျွန်မတို့ တပည့်တွေရဲ့ အနာဂတ်လှပဖို့၊ ထူးချွန်ထက်မြက်အောင် သင်ကြားဖို့အတွက် ကျွန်မတို့ ဆရာဆရာမတွေရဲ့ အရည်အချင်းပြည့်ဝအောင် အဲဒီလိုသင်တန်းတွေလည်း တက်ရောက်ကြရတာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက် ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းဆောင်ကြရပြီး ပါတီနိုင်ငံရေးကင်းရှင်းအောင် နေကြရသလို အချိန်အခါရွေးမနေဘဲ ထမ်းဆောင်ရမယ့်တာဝန်တွေကို မလစ်ဟင်းအောင် စေတနာထား ထမ်းဆောင်ကြမယ့် ဆရာ ဆရာမတွေကို နည်းမျိုးစုံနဲ့ လှုံ့ဆော်ဖိအားပေးသူတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ပေးပါလို့ စာတည်းမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြလိုက်ရပါတယ်။

**နိုင်ငံ့ဝန်ထမ်းဆရာမတစ်ဦး**

❂ စာမျက်နှာ ၁၅ မှ

သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွမ်းအောင်၊ ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ် ထွက်ကြ၊ အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေါ့ဗျာ"

"အခုပဲ ဝရမ်းပြေးလော်ဘီတွေစကားနားယောင်ပြီး အဖမ်းခံကြရသူတွေထဲက ကျောင်းသားအချို့ ပြန်လွတ်လာတယ်လို့ သိရတယ်။ ဟိုတစ်လောက သေသွားပြီမှတ်ပြီး ဆုတောင်းပေးနေရတဲ့အထဲက ကလေးတစ်ယောက်လည်း ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာ ပြန်လွတ်လာသတဲ့ ကိုသံချောင်းရေ။ တော်သေးတာပေါ့ ရှင်။ ကလေးတွေ အသိအမြင်မှန်တွေရလာပြီး အေးအေးချမ်းချမ်းနေကြပါစေရှင်"

"ဒါပေါ့ဗျာ။ ဖက်ဒရယ်အာမီဆိုလည်း ယုံလိုက်၊ ရန်ကုန်ဝန်ကြီးချုပ်ဟောင်း ဗီဒီယိုအတုကြီးပြောလည်း ယုံလိုက်နဲ့တော့ မလုပ်သင့်တော့ဘူးဗျ။ ရန်ကုန်ဝန်ကြီးချုပ်သတင်းဆိုရင် နိုင်ငံတကာသတင်းဌာနကြီးတွေကတောင် ကိုးကားဖော်ပြနေကြပြီဗျ။ ခင်ဗျားတို့က အတုဆိုပြီး အော်လို့မပြီးသေးဘူး။ ဖက်ဒရယ်အာမီဆိုလည်း ကျွန်တော်ဖြင့် ရယ်ချင်လိုက်တာ။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ ငြိမ်းချမ်းရေးရဖို့ အစိုးရအဆက်ဆက် အာပေါက်အောင်ပြောရတယ်။ ဆွေးနွေးပွဲတွေကို နာမည်တန်းစီရွတ်ရင်တောင် ရန်ကုန်နဲ့နေပြည်တော်ကားလမ်းလောက်ရှည်မယ်။ လိုအပ်ချက်တွေက အများကြီးကို ဒေါက်တာဆာဆာတို့၊ တရားမဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ– CRPH တို့က ရက်ပိုင်းနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အကုန်အဆင်ပြေတယ်ဆိုတော့ ပြောမဆုံးပေါင်တောသုံးတောင်ပေါ့ဗျာ"

"တော်ပြီတော်ပြီ ရှင်နဲ့စကားပြောနေရတာ ပတ်ဝန်းကျင်ကိုတောင် မေ့နေမိတာ။ ဒီနေ့ ဆိုင်းလန့်ဒေးလေရှင်။ အသံတိတ်ပြီး ဆန္ဒပြနေကြတာ။ ရှင့်အသံကျယ်ကြီးကြောင့် ကျွန်မတို့ကို ဒလန်တွေ၊ သတင်းပေးတွေအောက်မေ့နေဦးမယ်ရှင့်"

ပြောပြောဆိုဆိုနှင့် မစာဥတစ်ယောက် အိမ်ပြန်ပြေးလေပြီ။ အိမ်ရှေ့လမ်းမထက်ဝယ် ကားတစ်စီးတလေ ဖြတ်သန်းသွားသည်မှလွဲ၍ အသွားအလာမရှိ။ တိတ်ဆိတ်ခြင်းသည် ကောင်းဆိုးနှစ်တန်ရှိ၏။ မုန်တိုင်းလာခါနီးသည့်အခါ ပတ်ဝန်းကျင်အသံတို့တိတ်ဆိတ်သွားတတ်သည်မှာ မကောင်းသောနိမိတ် တိတ်ဆိတ်ခြင်းဖြစ်၍ အေးချမ်းသည့်တရားခမ္မ၊ ငြိမ်းချမ်းသည့်ဌာနတို့တွင် ငြိမ်သက်တိတ်ဆိတ်ခြင်းသည် ကောင်းသောနိမိတ်တိတ်ဆိတ်ခြင်းမည်၏။ ကောင်းသောအတိတ်နိမိတ်များနဲ့ အေးချမ်းပါစေလို့ ကိုသံချောင်း ဆုတောင်းလိုက်ရပါတော့တယ်။

❖ ဗဟိုစံပြငါးဈေးမှ

ပြန်လည်ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး နေ့စဉ် ရေချို၊ ရေငန်ငါးပိသဿချိန်ပေါင်း ၂၈၀၁၅၀ ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ လက်လီလက်ကား ရောင်းဝယ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးမှာတော့ ကိုဗစ်မတိုင်ခင်နဲ့ ကိုဗစ်ကာလအတွင်းမှာ ပြည်သူတွေရဲ့ နေ့စဉ် ငါးစားသုံးမှုလိုအပ်ချက်ကို နိုင်ငံတော်ရဲ့ အချိန်ကန့်သတ်ချက်တွေနဲ့ ပုံမှန်စည်ကားစွာ ရောင်းချပေးလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်မှုအခက်အခဲတွေကြောင့် ငါးကုန်ချိန်ကျဆင်းခဲ့ပေမယ့် ပြည်သူတွေရဲ့ ငါးစားသုံးမှုကို နေ့စဉ်ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ ပြည်တွင်းရှိ ဟိုတယ်ကြီးတွေ၊ ကုန်တိုက်တွေအားလုံးနည်းပါး ပြန်လည်ဖွင့်လှစ်ပါက ငါးများကို ယခင်ကုန်ချိန်အတိုင်း ဖြန့်ဖြူးရောင်းချပေးနိုင်မှာပါ" ဟု ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် ၃၃ မြို့နယ်အတွင်း နေ့စဉ်ရောင်းချလျက်ရှိသော ဈေးပေါင်း ၁၈၄ ဈေးအနက် (က)အုပ်စု အဆင့်ဈေး ၂၇ ဈေး၊ (ခ)အုပ်စု ၆၄ ဈေး၊ (ဂ)အုပ်စု ၅၂ ဈေး၊ (ဃ)အုပ်စု ၃၄ ဈေးနှင့် အခွန်လွတ်ဈေးခုနစ်ဈေးတို့သည် နေ့စဉ် ပုံမှန်ရောင်းချပေးလျက်ရှိသော်လည်း (က)အုပ်စုဝင် ၂၇ ဈေးမှာ ကိုဗစ်ရောဂါနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကြောင့် ရာနှုန်းပြည့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ **စောရွှေဝှန်း**

## စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့၌ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

နေပြည်တော် မတ် ၂၄

ရခိုင်ပြည်နယ် စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်များရှိသောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများ၊ စစ်ဘေးရှောင်စခန်းများအတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို နေ့စဉ်ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။



ထိုသို့ ဖြန့်ဝေလှူဒါန်းရာ၌ မတ် ၂၁ ရက်တွင် စစ်တွေမြို့နယ် မီးသတ်စခန်းမှ အောင်သီရိ ဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်နှင့် စက်ရုံစုရပ်ကွက်ငါးစင်ရိုင်း ဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့် စုစုပေါင်း သောက်သုံးရေဂါလန် ၃၂၀၀ အား မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ် မီးသတ်စခန်းမှ ရေဖြူကန် (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် လည်းကောင်း သောက်သုံးရေများ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်မျိုး**

# မတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၃ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၃ ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၈,၇၇၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၁၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၇၄) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၆၃၉၂၆၄ | ၂၃၀၃၉၆၄၁ | ၅၅၆၈၉၁ |
| ၂။ | ဘရာဇီး | ၁၂၁၃၆၆၁၅ | ၁၀၆၀၁၆၅၈ | ၂၉၈၈၄၃ |
| ၃။ | အိန္ဒိယ | ၁၁၇၃၄၀၅၈ | ၁၁၂၀၅၁၆၀ | ၁၆၀၄၇၇ |
| ၄။ | ရုရှား | ၄၄၈၃၄၇၁ | ၄၀၉၈၄၀၀ | ၉၆၂၁၉ |
| ၅။ | ပြင်သစ် | ၄၃၁၃၀၇၃ | ၂၈၃၅၀၇ | ၉၂၉၀၈ |
| ၆။ | ဗြိတိန် | ၄၃၀၇၃၀၄ | ၃၇၁၂၆၅၈ | ၁၂၆၂၈၄ |
| ၇။ | အီတလီ | ၃၄၁၉၆၁၆ | ၂၇၅၃၀၈၃ | ၁၀၅၈၇၉ |
| ၈။ | စပိန် | ၃၂၄၄၃၁၉ | ၂၉၉၂၈၄၈ | ၇၃၇၄၄ |
| ၉။ | တူရကီ | ၃၀၆၁၅၂၀ | ၂၈၆၃၈၈၂ | ၃၀၃၁၆ |
| ၁၀။ | ဂျာမနီ | ၂၆၈၉၂၀၅ | ၂၄၄၅၃၀၀ | ၇၅၇၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၇၆၄၅၂ | ၁၃၁၂၅၄၃ | ၃၉၉၈၃ |
| ၂။ | ဖိလစ်ပိုင် | ၆၈၄၃၁၁ | ၅၇၉၅၁၈ | ၁၃၀၃၉ |
| ၃။ | မလေးရှား | ၃၃၆၈၀၈ | ၃၂၀၉၂၅ | ၁၂၄၆ |
| ၄။ | မြန်မာ | ၁၄၂၃၁၅ | ၁၃၁၇၇၄ | ၃၂၀၄ |
| ၅။ | စင်ကာပူ | ၆၀၂၃၆ | ၆၀၀၆၃ | ၃၀ |
| ၆။ | ထိုင်း | ၂၈၃၄၆ | ၂၆၈၇၃ | ၉၂ |
| ၇။ | ဗီယက်နမ် | ၂၅၇၆ | ၂၂၆၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၈၁၇ | ၁၀၃၃ | ၅ |
| ၉။ | ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ်ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲရုံပေါင်း ၁၄၀ ရုံ | ၂၃၈၅၇၆ | ၁၄၆၈၀၅ | ၂၃၆၇၄ | ၂၄၃၃ | ၂၅၆၃၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ မြစ်ကြီးနားမြို့နယ်တွင် မဲရုံပေါင်း ၁၄၀ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၂၃၀၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၈၂၆၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၃၄၀၄၃ ၊ မြေပြင်လက်ကျန် ၁၃၂၀၈၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၃၉၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၃၂ ဖြစ်သည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၉၅၉၈ ဖြစ်သော်လည်း မြေပြင်တွင် ၂၉၅၀၀ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၉၈ စောင် ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**မြစ်ကြီးနားမြို့နယ်၏ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိမှု**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၃၉၇၅၀ | ၁၃၅၃၆၂ | ၁၀၄၃၈၈ | ၁၀၂၅၂၃ | ၂၂၉၇ | ၄၃၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၉၆၁ | ၂၉၀၄ | ၅၇ | ၅၇ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၉၅၉၈ | | ၂၉၅၉၈ | ၂၉၅၀၀ | ၉၈ | |
| | စုစုပေါင်း | ၂၇၂၃၀၉ | ၁၃၈၂၆၆ | ၁၃၄၀၄၃ | ၁၃၂၀၈၀ | ၂၃၉၅ | ၄၃၂ |

၅။ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်ရှိ မဲရုံအမှတ်(၈၅)တွင် မဲလက်မှတ်စာအုပ်များ အပိုတွေ့ရှိမှုနှင့်ပတ်သက်၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟန်ဇင်ဦးကို စစ်ဆေးရာ အောက်ပါအတိုင်း သိရှိရသည်-

(က) ရက်ပေါင်း ၉၀ နှင့်အထက်နေထိုင်သူများ မဲစာရင်းထည့်သွင်းရာတွင် လူဦးရေ ၁၁၀၀ ခန့် စာရင်းတင်သွင်းခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၇၈၁ ဦးသာ လက်ခံပြီး ကျန် ၃၁၉ ဦးကို အချက်အလက်မပြည့်စုံ၍ ပယ်ခဲ့သော်လည်း ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မဲစာရင်းတွင် ပါဝင်နိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးရန် ပြောကြားသဖြင့် ၂၆၉ ဦးကို ကွန်ပျူတာဖြင့် စာစီ၍လည်းကောင်း၊ ၅၀ ဦးကို လက်ရေးဖြင့်လည်းကောင်း၊ စုစုပေါင်း ၃၁၉ ဦးကို နောက်တိုးစာရင်းဖြင့် ထည့်သွင်းခဲ့ကြောင်း၊

( ခ ) ရပ်/ကျေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၈ ဦးကို အများယုံကြည်လေးစားသည့် ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းရန်ဖြစ်သော်လည်း NLD အမာခံတစ်ဦးဖြစ်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် က NLD အမာခံများကို ထည့်သွင်းဖွဲ့စည်း၍ ဘက်လိုက်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊

( ဂ ) ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် NLD ပါတီဝင်တစ်ဦး၏ စည်းရုံးစေခိုင်းမှုအရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးရှိ ဆန္ဒမဲလက်မှတ် ၇၅ အုပ် (စောင်ရေ- ၃၇၅၀) အား မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ မရှိသည့်အချိန်တွင် သွားရောက်ယူဆောင်၍ ၆၉ အုပ်ကို ကြိုတင်မဲပေးရာတွင် တရားမဝင်အသုံးပြုပြီး ပိုနေသည့် မဲလက်မှတ် ၆ အုပ်(စောင်ရေ-၃၀၀) ကို နိုဝင်ဘာလ ၁၈ ရက်နေ့ ညပိုင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊

(ဃ) ကြိုတင်မဲပေးရာတွင် အသက် ၆၀ နှစ်နှင့်အထက် ကျန်းမာရေးမကောင်းသူ၊ ရွေးကောက်ပွဲကာလအတွင်း တာဝန်ထမ်းဆောင်သူတို့မှာ လူဦးရေ ၁၀၀၀ ခန့်သာ ဖြစ်သော်လည်း ကြိုတင်မဲပေးခဲ့သူ ၁၃၀၀ ခန့်ရှိခဲ့သဖြင့် သတ်မှတ်စည်းမျဉ်းများနှင့် မကိုက်ညီသော လူ ၃၀၀ ခန့် တရားမဝင် ကြိုတင်မဲပေးခဲ့ကြောင်း၊

( င ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံအမှတ်(၈၁)နှင့် (၈၆) တို့တွင် မဲလက်မှတ်စာအုပ်များ မှားယွင်းထုတ်ပေးသည့် ဖြစ်စဉ်များကြောင့် မှားယွင်းသည့် မဲပုံးမှ မဲလက်မှတ်များကို ပယ်မဲပြုလုပ်ရမည့်အစား ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခဲ့ကြောင်း၊ အလားတူ မဲရုံအမှတ်(၈၈) တွင်လည်း ပယ်မဲများကို ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခဲ့ကြောင်း၊

( စ ) ကြိုတင်မဲပေးမှုများ များပြားစွာ ဆောင်ရွက်ရသဖြင့် ကြိုတင်မဲပေးသူစာရင်း ပုံစံ (၁၃)တွင် စာရင်းရေးသွင်းရန် ကျန်ရှိခြင်းနှင့် ကြိုတင်ဆန္ဒမဲပုံးနှင့်အတူ အပ်နှံရမည့် ပုံစံ(၁၃)စာရင်းများ အပ်နှံနိုင်မှု မရှိခဲ့ကြောင်း၊

၆။ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရှမ်းစုတောင်ရပ်ကွက် | ၁ | ၁၀၀၀ | ၇၅၆ | ၂၄၄ | ၂၄၄ | | |
| ၂ | ရှမ်းစုမြောက်ရပ်ကွက် | ၁ | ၁၀၀၀ | ၇၁၃ | ၂၈၇ | ၂၈၇ | | |
| ၃ | မင်းရပ်ရပ်ကွက် | ၁ | ၇၀၀ | ၃၆၂ | ၃၃၈ | ၃၃၈ | | |
| ၄ | မြို့မရပ်ကွက် | ၁ | ၁၁၀၀ | ၈၃၈ | ၂၆၂ | ၂၆၁ | ၁ | |
| ၅ | မြို့သစ်ရပ်ကွက် | ၁ | ၁၅၀၀ | ၉၈၉ | ၅၁၁ | ၅၁၁ | | |
| ၆ | ယုဇနရပ်ကွက် | ၂ | ၄၂၀၀ | ၂၄၂၇ | ၁၇၇၃ | ၁၇၇၃ | | |
| ၇ | မြေမြင့်ရပ်ကွက် | ၁ | ၃၄၅၀ | ၂၁၂၂ | ၁၃၂၈ | ၁၃၂၈ | | |
| ၈ | ရန်ကြီးအောင်ရပ်ကွက် | ၂ | ၄၁၅၀ | ၂၉၅၇ | ၁၁၉၃ | ၁၁၉၁ | ၂ | |
| ၉ | ရှောရပ်ကွက် | ၁ | ၂၅၅၀ | ၁၅၇၉ | ၉၇၁ | ၉၇၁ | | |
| ၁၀ | ဒူကထောင်ရပ်ကွက် | ၃ | ၇၄၀၀ | ၄၀၂၇ | ၃၃၇၃ | ၃၃၇၃ | | |
| ၁၁ | သီတာရပ်ကွက် | ၁ | ၃၁၀၀ | ၂၀၈၄ | ၁၀၁၆ | ၁၀၁၆ | | |
| ၁၂ | စီတာပူရပ်ကွက် | ၅ | ၁၃၇၅၀ | ၆၈၂၉ | ၆၉၂၁ | ၆၅၁၇ | ၄၀၄ | |
| ၁၃ | တပ်ကုန်းရပ်ကွက် | ၁၀ | ၂၀၅၅၀ | ၁၁၂၆၇ | ၉၂၈၃ | ၉၂၅၈ | ၃၄ | ၉ |
| ၁၄ | မန်ခိန်ရပ်ကွက် | ၃ | ၈၃၀၀ | ၄၆၄၆ | ၃၆၅၄ | ၃၆၄၂ | ၆၂ | ၅၀ |
| ၁၅ | ရွှေစက်ရပ်ကွက် | ၃ | ၇၀၅၀ | ၃၇၀၇ | ၃၃၄၃ | ၃၂၉၄ | ၅၀ | ၁ |
| ၁၆ | ကချင်စုရပ်ကွက် | ၁ | ၁၆၅၀ | ၉၃၆ | ၇၁၄ | ၇၁၄ | | |
| ၁၇ | ခေမာသီရိရပ်ကွက် | ၂ | ၅၆၀၀ | ၃၁၀၅ | ၂၄၉၅ | ၂၂၄၁ | ၂၅၄ | |
| ၁၈ | နန်းကွေ့ကျေးရွာအုပ်စု | ၅ | ၆၆၀၀ | ၄၁၀၄ | ၂၄၉၆ | ၂၄၉၂ | ၄ | |
| ၁၉ | နန်ကျင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၆၅၆ | ၅၄၄ | ၅၄၄ | | |
| ၂၀ | ပလနကျေးရွာအုပ်စု | ၇ | ၈၁၀၀ | ၃၅၇၁ | ၄၅၂၉ | ၄၄၂၉ | ၁၅၀ | ၅၀ |
| ၂၁ | နောင်နန်းကျေးရွာအုပ်စု | ၅ | ၇၆၀၀ | ၄၀၂၈ | ၃၅၇၂ | ၃၅၇၂ | | |
| ၂၂ | အာလမ်ကျေးရွာအုပ်စု | ၆ | ၃၄၅၀ | ၁၅၇၄ | ၁၈၇၆ | ၁၇၄၁ | ၁၆၅ | ၃၀ |
| ၂၃ | အောင်မြေသာကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၇၃၄ | ၈၆၆ | ၈၆၆ | | |
| ၂၄ | အင်ဂျစ်ယန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၄၂ | ၅၈ | ၅၈ | | |
| ၂၅ | တီယန်ဇွပ်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၄ | ၁၂၆ | ၁၂၆ | | |
| ၂၆ | ကျွန်းပင်သာရပ်ကွက် | ၂ | ၄၆၀၀ | ၂၂၉၂ | ၂၃၀၈ | ၂၃၀၈ | | |
| ၂၇ | လယ်ကုန်းရပ်ကွက် | ၇ | ၁၈၀၀၀ | ၉၇၉၁ | ၈၂၀၉ | ၈၁၉၅ | ၆၆ | ၅၂ |
| ၂၈ | အေးစေတီရပ်ကွက် | ၂ | ၃၆၅၀ | ၂၃၅၅ | ၁၂၉၅ | ၁၂၉၅ | | |
| ၂၉ | ရွှေညောင်ပင်ရပ်ကွက် | ၂ | ၅၉၅၀ | ၂၄၇၄ | ၃၄၇၆ | ၂၉၇၅ | ၅၀၁ | |
| ၃၀ | ရမ်ပူရပ်ကွက် | ၉ | ၂၃၀၅၀ | ၁၂၆၆၉ | ၁၀၃၈၁ | ၁၀၄၈၄ | ၅၄ | ၁၅၇ |
| ၃၁ | အောင်နန်းရပ်ကွက် | ၂ | ၄၅၅၀ | ၃၁၅၉ | ၁၃၉၁ | ၁၃၆၉ | ၂၂ | |
| ၃၂ | ကြက်ပေါင်ခြံရပ်ကွက် | ၂ | ၃၇၅၀ | ၂၂၈၅ | ၁၄၆၅ | ၁၄၆၄ | ၁ | |
| ၃၃ | မြို့သစ်ကြီးရပ်ကွက် | ၅ | ၁၄၃၀၀ | ၈၇၃၉ | ၅၅၆၁ | ၅၅၈၂ | | ၂၁ |
| ၃၄ | ရွှေအိုက်ရပ်ကွက် | ၁ | ၁၃၅၀ | ၆၅၇ | ၆၉၃ | ၆၄၃ | ၅၀ | |
| ၃၅ | ရွှေပြည်သာရပ်ကွက် | ၁ | ၁၀၅၀ | ၇၁၃ | ၃၃၇ | ၃၃၇ | | |
| ၃၆ | ပမ္မတီးရပ်ကွက် | ၅ | ၁၃၁၅၀ | ၇၇၈၁ | ၅၃၆၉ | ၅၃၇၁ | ၁၂ | ၁၄ |
| ၃၇ | မော်ဖောင်းကျေးရွာအုပ်စု | ၃ | ၇၅၅၀ | ၄၇၉၁ | ၂၇၅၉ | ၂၇၀၉ | ၅၀ | |
| ၃၈ | ရှဒေါင်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၉၇၀ | ၇၈၀ | ၇၇၉ | ၁ | |
| ၃၉ | အကြဲကျေးရွာအုပ်စု | ၅ | ၁၈၅၀ | ၁၀၄၆ | ၈၀၄ | ၈၀၂ | ၅၀ | ၄၈ |
| ၄၀ | လွယ်ခေါကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၂၅၅ | ၁၃၉၅ | ၁၃၈၇ | ၈ | |
| ၄၁ | ခေါင်ဖူးရွာသစ်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၈၀ | ၃၇၀ | ၃၆၆ | ၄ | |

စာမျက်နှာ ၁၉ သို့ ✪

❂ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄၂ | ခေါင်ဖူးရွာဟောင်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၄၉ | ၁၀၁ | ၁၀၁ | | |
| ၄၃ | တာလောကြီးကျေးရွာအုပ်စု | ၃ | ၅၄၀၀ | ၂၅၉၁ | ၂၈၀၉ | ၂၇၅၉ | ၅၀ | |
| ၄၄ | စံကင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၆၅ | ၁၃၅ | ၁၃၅ | | |
| ၄၅ | ဟိုကပ်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၄၀၇ | ၆၄၃ | ၄၉၃ | ၁၅၀ | |
| ၄၆ | ဝိုင်းလုံကျေးရွာအုပ်စု | ၁ | ၁၀၀ | ၈၁ | ၁၉ | ၁၇ | ၂ | |
| ၄၇ | တာဟိုးနားကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၂၇ | ၇၃ | ၇၃ | | |
| ၄၈ | ညောင်ပင်သာကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၇၆၈ | ၂၈၂ | ၂၃၂ | ၅၀ | |
| ၄၉ | မံဖွားကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၆ | ၁၂၄ | ၁၂၄ | | |
| ၅၀ | နယ်ခြားကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၀၀ | ၁၀၀ | ၁၀၀ | | |
| ၅၁ | နောင်ပွဲကျေးရွာအုပ်စု | ၁ | ၂၀၀ | ၈၉ | ၁၁၁ | ၆၁ | ၅၀ | |
| ၅၂ | ရောဦးရပ်ကွက် | ၁ | ၈၅၀ | ၅၉၆ | ၂၅၄ | ၂၅၄ | | |
| ၅၃ | အောင်ချမ်းသာရပ်ကွက် | ၁ | ၈၅၀ | ၅၁၂ | ၃၃၈ | ၃၃၈ | | |
| ၅၄ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၁၀၀၀ | ၆၂၅ | ၃၇၅ | ၃၇၅ | | |
| ၅၅ | ဝဲကြီးကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၅၄ | ၄၆ | ၄၆ | | |
| ၅၆ | မြင်သာကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၉၈ | ၁၅၂ | ၁၅၂ | | |
| ၅၇ | ရေနားပင်လုံကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၁၉ | ၈၁ | ၈၁ | | |
| ၅၈ | တောပင်လုံကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၇ | ၁၄၃ | ၁၄၃ | | |
| ၅၉ | ပင်တော်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၈၁ | ၆၉ | ၆၉ | | |
| ၆၀ | မံကင်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၃၃ | ၁၆၇ | ၁၁၇ | ၅၀ | |
| ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | | ၁၄၀ | ၂၃၉၇၅၀ | ၁၃၅၃၆၂ | ၁၀၄၃၈၈ | ၁၀၂၅၂၃ | ၂၂၉၇ | ၄၃၂ |
| မြို့နယ်ကြိုတင်မဲ | | | ၂၉၆၁ | ၂၉၀၄ | ၅၇ | ၅၇ | | |
| မြို့နယ်မဲ လက်ကျန် | | | ၂၉၅၉၈ | | ၂၉၅၉၈ | ၂၉၅၀၀ | ၉၈ | |
| မြို့နယ်ချုပ်စုစုပေါင်း | | | ၂၇၂၃၀၉ | ၁၃၈၂၆၆ | ၁၃၄၀၄၃ | ၁၃၂၀၈၀ | ၂၃၉၅ | ၄၃၂ |

၇။ သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့ခြင်းနှင့် ရမ်ပူရပ်ကွက်ရှိ မဲရုံ ၉ ရုံတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်ကို သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား ထိန်းသိမ်းထားခဲ့ရာမှ ယနေ့ ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(က)အရ ထိန်းသိမ်းထားခဲ့ရာ ယနေ့ နံနက် ၁၀ နာရီတွင် ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်လွတ်မြောက်လာသူများအား အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းရှိ အားကစားခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင့်က ဆုံးမစကားပြောကြားပြီး YBS ယာဉ်များဖြင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ ပြန်လည်လွတ်ပေးခဲ့သူများတွင် အမျိုးသား ၃၆၀၊ အမျိုးသမီး ၂၆၈ ဦး စုစုပေါင်း ၆၂၈ ဦးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန် အတားအဆီးများနှင့် အမှိုက်များ ဆက်လက်ရှင်းလင်းပေး



ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေး အဖွဲ့များ၊ သန့်ရှင်းရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ ဝိုင်းဝန်း၍ အတားအဆီးများနှင့် အမှိုက်များကို ဆက်လက်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော ကြည့်မြင်တိုင်မြို့နယ်ရှိ လမ်းပိတ်အတားအဆီးများ၊ လှိုင်မြို့နယ် (၁၆)ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းနှင့် ဆက်စပ်လမ်းသွယ်များ၊ အင်းစိန်လမ်း၊ ကမာရွတ် ဘူတာရုံလမ်းနှင့် ရွာမကျောင်းလမ်း၊ သာကေတမြို့နယ် ၇ ဈေးလမ်း (အတွင်းရှုခင်းသာလမ်း)နှင့် မြင်တော်သာလမ်း၊ ရောဝဏ်လမ်း (သာကေတအဝိုင်းနှင့် ရွှေအုတ်ဂူလမ်းကြား)၊ သုမနလမ်း (မင်းနန္ဒာလမ်းနှင့် မြင်တော်သာလမ်းကြား)၊ သဒ္ဒါရုံလမ်း (မြင်တော်သာလမ်းနှင့် ထူပါရုံလမ်းကြား)၊ သိင်္ဂီလမ်း (မြင်တော်သာလမ်းနှင့် ရှုခင်းသာမြို့ပတ်လမ်းကြား)၊ မြင်တော်သာလမ်း၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်း အထက(၅)ကျောင်းရှေ့နှင့် ဗဟန်းမြို့နယ် တာမွေခုံးကျော်တံတားအောက်နှင့် ရွှေဂုံတိုင်တံတားတိုင်နံရံများရှိ စာသား၊ အရုပ်များနှင့် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းမကြီးတို့ကို လည်းကောင်း။

လသာမြို့နယ် ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ ဗန္ဓုလလမ်းမကြီးများ၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး ဖ ကွေ့မှ အောင်မင်္ဂလာအဝေးပြေးကားဝင်းအထိ၊ တောင်ဥက္ကလာပမြို့နယ်ရှိ အဓိကလမ်းမကြီးဖြစ်သော ဝေဇယန္တာလမ်း၊ သစ္စာလမ်း၊ ပါရမီလမ်း၊ သံသုမာလမ်း၊ ရတနာလမ်း၊ မေတ္တာလမ်း၊ သုမင်္ဂလာလမ်းနှင့် အတွင်းလမ်းများ၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်း ဂျန်းရှင်းမော်တင်ရှေ့၊ စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်း၊ ကျောင်းလမ်း၊ ကျွန်းတောလမ်းများ၊ ဒေါပုံမြို့နယ်ရှိ အဓိကလမ်း သုံးခုနှင့် ဆက်စပ်လမ်းသွယ်များ၊ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်း (သမိုင်းခုံးကျော်တံတားပေါ်)၊ သဃ်န်းကျွန်းမြို့နယ်ရှိ လေးထောင့်ကန်လမ်း၊ သံသုမာလမ်း၊ ရတနာလမ်းနှင့် ရပ်ကွက်အဝင် လမ်းသွယ်ထိပ်များ၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမ(စည်ပင်လမ်း)နှင့် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် လူကူးခုံးတံတားတို့၌ လည်းကောင်း ရေးဆွဲထားသော စာသား၊ ရုပ်ပုံများနှင့် မသမာသူများက ပိတ်ဆို့ထားသော အတားအဆီးများကို ရှင်းလင်းဖယ်ရှားပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ကျန်ရှိနေသော ဝါးကပ်များ၊ တာယာဟောင်းများ၊ Culvert ဖုံးများ ပိတ်ဖုံးခြင်း၊ Culvert များမရှိတော့၍ သဲအိတ်များဖြင့် ကားများ သွားလာနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ လမ်းမပေါ်၌ ကျန်ရစ်နေသော သဲများ၊ ခဲများ ရှင်းလင်းဆောင်ရွက်ခြင်း၊ လမ်းမများသန့်ရှင်းစေရန် ရေဆေးကြောခြင်း၊ လမ်းမများ၊ တံတားတိုင်များ၊ အုတ်နံရံများပေါ်တွင် မသမာသူများက ရေးဆွဲထားသည့် စာသားများ၊ ရုပ်ပုံများကို ခွာယူခြင်း၊ ဖျက်ဆီးခြင်း လုပ်ငန်းများကို မြို့နယ်အလိုက် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာမှ သန့်ရှင်းရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ ဝိုင်းဝန်းရှင်းလင်းခဲ့ကြခြင်းဖြစ်ပြီး အတားအဆီးများ၊ အမှိုက်များကို စက်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ သက်ဆိုင်ရာ မြို့နယ်များအလိုက် သတ်မှတ်ထားသော နေရာများသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပူတာအိုမြို့နယ် လန်းတောင်ကျေးရွာအုပ်စုနှင့် မကပ်မုံကျေးရွာအုပ်စု ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီး

နေပြည်တော် မတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်အတွင်း ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၉၃ ဒသမ ၃၃၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် လန်းတောင်ကျေးရွာအုပ်စုနှင့် မကပ်မုံကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်း ၂ မိုင် ၁၀၀ ရာခိုင်နှုန်းပြီးစီးမှုများကို ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းဖောက်လုပ်ပြီးစီးခဲ့မှုကြောင့် ပူတာအိုမြို့နယ်အတွင်းရှိ လန်းတောင်ကျေးရွာအုပ်စုနှင့် မကပ်မုံကျေးရွာအုပ်စုများရှိ ကျေးရွာ ၁၁ ရွာ၊ အိမ်ထောင်စု ၉၈၁ စု၊ လူဦးရေ ၅၅၉၇ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအကျိုးပြုပေးမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

သတင်းစဉ်

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မတ် ၂၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် အပိုင်း ၂ ပိုင်းဖြင့် ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ အပိုင်း(၁)ကို မိမိမှ ရှင်းလင်းမည်ဖြစ်ပြီး အပိုင်း(၂)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းမည်ဖြစ်ကြောင်း၊ အပိုင်း(၁)မှာ မတ် ၁၁ ရက်မှ မတ် ၂၁ ရက်အထိ ဖြစ်ပေါ်ခဲ့သည့် ဆူပူဆန္ဒပြမှုမှ အကြမ်းဖက်တိုက်ခိုက်မှု အသွင်ပြောင်းလဲလာသည့် မင်းမဲ့စရိုက် လှုပ်ရှားမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လုပ်ဆောင်ချက်များ၊ မီဒီယာများ၏သတင်းမှားဖော်ပြချက်များနှင့် သွေးထိုးလှုံ့ဆော်မှုများ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုများနှင့် မသမာမှုများ၊ ရပ်/ကျေးအဆင့် အခြေခံ UEC များတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ရသည့်ပုံစံနှင့် မြေပြင်တွင် မဲမသမာမှုလုပ်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း။

**တောင်းဆိုခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းရခြင်းသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး၌ဖြစ်ခဲ့သည့် မဲမသမာမှုများ၊ မဲလိမ်မဲခိုးမှုများကြောင့် ထိန်းသိမ်းရခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စများကို ဖြေရှင်းပေးရန်အတွက် နိုဝင်ဘာ ၃၀ ရက်မှ စတင်ပြီး တပ်မတော်က တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလ ၂ လလုံး အချိန်ရပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရန်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စေ့စပ်ညှိနှိုင်း အဖြေရှာရေးလမ်းစဉ်လုပ်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ လျစ်လျူရှုသည့် အဆင့်ထက်ပိုမိုသည့် အဆင့်ကိုလုပ်ခဲ့ကြောင်း၊ ယခုမှ စေ့စပ်ညှိနှိုင်းရန် ပြောနေခြင်းများရှိကြောင်း၊ ဘာကြောင့် ယခင်ကမပြောခဲ့သည်ကို စဉ်းစား၍မရကြောင်း၊ စေတနာမှန်လျှင်၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီစစ်စစ်နိုင်ငံဖြစ်စေချင်သည်ဆိုလျှင် အဲဒီအချိန်က စေ့စပ်ညှိနှိုင်းပါဟု ပြောနေသည့်သူများအနေဖြင့် ပြောခဲ့သင့်ကြောင်း။

ဖေဖော်ဝါရီလ ၁ ရက်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူခဲ့ရကြောင်း၊ ဆန္ဒပြမှုများဖြစ်ပွားခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၉ ရက်မှစပြီး ငြိမ်းချမ်းစွာဆန္ဒပြမှုမှ ဆူပူဆန္ဒပြမှုအသွင်ကို ပြောင်းလဲလာကြောင်း၊ နောက်ပိုင်း မင်းမဲ့စရိုက်အသွင်၊ လက်နက်ကိုင် အကြမ်းဖက်မှုအသွင်သို့ ပြောင်းလဲလာခဲ့ကြောင်း၊ အကြမ်းဖက် ဆန္ဒပြသူများအနေဖြင့် မြို့နယ် ၃၀ ခုတွင် ပြည်သူပိုင်ရုံး ၆ ခု၊ ရဲစခန်း ၃၀ ခု၊ ရဲကင်း ၁၂ ကင်း၊ အဆောက်အဦ ၅ ခုတို့ကို အကြမ်းဖက်ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုများအနေဖြင့် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးမှု ၃ ကြိမ်၊ တံတားမီးရှို့မှု ၁ ကြိမ်၊ ATM စက်နှင့် ဘဏ်များဖျက်ဆီးခံရမှု ၂ ကြိမ်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖျက်ဆီးခံရမှု ၁ ကြိမ်၊ မီးသတ်စခန်းဖျက်ဆီးခံရမှု ၁ ကြိမ်၊ မော်တော်ယာဉ်များဖျက်ဆီးခံရမှု ၄ ကြိမ်၊ နေအိမ်များ မီးရှို့ခံရမှု ၂ ကြိမ်၊ ဆိုင်များဖျက်ဆီးမှု ၂ ကြိမ်၊ မီးရထားလမ်းပိုင်း ဖျက်ဆီးခံရမှု ၂ ကြိမ် ဖြစ်ပွားခဲ့ကြောင်း။

**မီးရှို့ဖျက်ဆီးခံရမှု**

စက်ရုံ၊ အလုပ်ရုံများ မီးရှို့ဖျက်ဆီးခံရမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ် ၁၄ ရက်မှ ၁၉ ရက်အတွင်း အထည်ချုပ်စက်ရုံ ၁၀ ရုံ၊ အထည်ချုပ်လုပ်ငန်းသုံး စက်ပစ္စည်း စက်ရုံ ၂ ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ ၁ ရုံ၊ ဓာတ်မြေဩဇာစက်ရုံ ၁ ရုံ၊ အိတ်ချုပ် စက်ရုံ ၁ ရုံ၊ ပီနံအိတ်စက်ရုံ ၁ ရုံနှင့် ဖော့ပစ္စည်းစက်ရုံ ၁ ရုံ၊ စုစုပေါင်းစက်ရုံ၊ အလုပ်ရုံ မီးလောင်ဆုံးရှုံးမှု ၁၇ ရုံ ဖြစ်ပွားခဲ့ကြောင်း၊ ထိုစက်ရုံများတွင် မှီခိုလုပ်ကိုင်နေရသည့် ပြည်သူလူထု သောင်းနှင့်ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ အဆိုပါ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် မိသားစုများ၏ လူမှုစီးပွားဘဝများ **“အခုဘယ်လိုဖြစ်နေမလဲ၊ သူတို့ကို မှီခိုနေရသည့်သူများ ဘယ်လိုဖြစ်နေမလဲ၊ သွေးထိုးလှုံ့ဆော်သူများ၏ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဘဝပျက်ခဲ့သူတွေ ဘယ်လောက်ရှိနေပြီလဲ”** စဉ်းစားကြရန်လိုကြောင်း၊ ဓာတ်မီးတိုင်များ ဖျက်ဆီးခံရမှု ၁ ကြိမ်၊ ရထားလမ်းကိုဖျက်ဆီးခြင်း၊ ရထားတိမ်းမှောက်အောင်လုပ်ခြင်းသည် အလွန်အန္တရာယ်ကြီးသည့် ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ လုယူခံရမှုများ၊ နေအိမ်ဖျက်ဆီးခံရမှုများ ဖြစ်ပွားခဲ့သည့် Video Clip များဖြင့် ရှင်းလင်းပြောကြားသည်။

နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစု၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အရေးကြီးသည့် စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများ၊ လုယက်ခြင်းများအထိ ဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်မည့် မီးသတ်ကားများထွက်မရအောင် အကြမ်းဖက်တားဆီးခဲ့ကြောင်း၊ ကမ္ဘာ့သတင်းမီဒီယာများတွင် “မြန်မာ့ဒီမိုကရေစီဆိုတာ ဒါလား”ဟု မေးခွန်းထုတ်လာကြောင်း၊ “ဒါတွေကို ငြိမ်းချမ်းစွာဆန္ဒပြတယ်ခေါ်မလား၊ ဒီလိုဆူပူဆန္ဒပြ၊ မီးရှို့၊ ပစ်ခတ်တာတွေကို ဘယ်နိုင်ငံက၊ ဘယ်အဖွဲ့အစည်းက ဘယ်လိုစံနှုန်းတွေနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြတယ်လို့ သတ်မှတ်ပါသလဲ”ဟု မေးခွန်းထုတ်ချင်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ၅ ဦး ကျဆုံးခဲ့ပြီး ၁၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ တပ်မတော်သား ၄ ဦး ကျဆုံးပြီး မိသားစုဝင် ၁ ဦး သေဆုံးခဲ့ကြောင်း၊ အကြမ်းဖက်အုပ်စုက Cyber Bullying လုပ်ပြီး ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ကျား ၃၃ ဦး၊ မ ၂ ဦး၊ ပေါင်း ၃၅ ဦး ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရကြောင်း၊ သေဆုံးသူ စုစုပေါင်း ၄၄ ဦး၊ ဒဏ်ရာရသူ ၁၆၃ ဦး ရှိကြောင်း၊ ဒီမိုကရေစီကို တောင်းဆိုတာလား “ငါနဲ့မတူ ငါ့ရန်သူ” ဆိုတဲ့ဝါဒ ဖြစ်ပါကြောင်း၊ “ငါနဲ့မတူ၊ ငါ့ရန်သူ” ဆိုတာကိုမှ ဒီမိုကရေစီဟု ယူဆလျှင် ဒီမိုကရေစီမဟုတ်ဘဲ မင်းမဲ့စရိုက်ဟု ပြောလိုကြောင်း၊ မင်းမဲ့စရိုက်ကို နှိမ်နင်းရမည်ဖြစ်ကြောင်း၊ မင်းမဲ့စရိုက်ကို “မည်သည့် ကမ္ဘာ့နိုင်ငံကလက်ခံပါသလဲ” လက်ခံလျှင် အဆိုပါ မင်းမဲ့စရိုက် လူတန်းစားကို မြန်မာက Export ကောင်းကောင်း လုပ်ပေးမည်၊ လက်ခံပေးပါဟု ပြောလိုကြောင်း၊ ဒီမိုကရေစီ နည်းလမ်းအရ ကောင်းမွန်စွာလက်ခံပေးပါဟု ပြောလိုကြောင်း။

○ **NLD ပညာရေးကွန်ရက်မှ ဦးဇော်မြတ်လင်း သေဆုံးမှုသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစဉ် အိမ်ပေါ်ကခုန်ချရာမှ ခြံစည်းရိုးပေါ်ကျပြီး သေဆုံးခဲ့ခြင်းဖြစ်**

○ **အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်၍ ပါးစပ်ထဲ ရေနွေးပူလောင်းထည့်ခြင်းဟု လုပ်ကြံဖန်တီးပြီး သတင်းပြုလုပ်ခဲ့ခြင်းကိုလည်း တွေ့ရ**

○ **အချို့လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံဖန်တီးပြီးတင်သည့် ဓာတ်ပုံများကို မီဒီယာများက ယူသုံးထားခြင်းများ တွေ့ရ**


**ရှင်းလင်း**

ယခုနောက်ပိုင်း အကြမ်းဖက်ရာတွင် အသုံးပြုသော လူကိုသေစေနိုင်ပြီး ပြင်းထန်စွာ ဒဏ်ရာရရှိစေနိုင်သည့် လက်နက်များ၊ အကြမ်းဖက်သုံးပစ္စည်းများကို နေရာအနှံ့မှ ရှာဖွေဖော်ထုတ်တွေ့ရှိနေရကြောင်း ပြောကြားပြီး အကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုနေသည့် လက်နက်များကို Video Clip ၂ ခု ပြသ၍ ရှင်းလင်းသည်။

အဆိုပါ အကြမ်းဖက်မှုများကို နှိမ်နင်းရာတွင် သေဆုံးမှုများရှိပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခြင်း၊ ရဲစခန်းများကို ဝိုင်းဝန်းအကြမ်းဖက်တိုက်ခိုက်ခြင်း၊ သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရန်အတွက် လုပ်ဆောင်ခြင်းများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပါကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆူပူသူများကို ဖြိုခွင်းမှုကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှုများကို ပြောဆိုနေခြင်းများလည်း တွေ့ရကြောင်း၊ သေဆုံးသူ ၁၆၄ ဦးရှိပြီး အကြမ်းဖက် ဆူပူသူများ သေဆုံးခြင်းသည် မိမိနိုင်ငံသားများဖြစ်

**စာမျက်နှာ ၂၁ သို့** ☆



မြင်းခြံမြို့နယ်၊ အထက(၄)ရှိ အဆောက်အဦတစ်လုံးအား မီးကျွမ်းပျက်စီးခဲ့ရ၍ မီးလောင်ဆုံးရှုံးပျက်စီးခြင်း



ကနီမြို့နယ် ဆက်သွယ်ရေးတာဝါတိုင်အား မီးရှို့ဖျက်ဆီးခြင်း

☆ စာမျက်နှာ ၂၀ မှ

ခြင်းကြောင့် စိတ်မကောင်းပါကြောင်း၊ သို့သော် COVID-19 ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ် တစ်နှစ်လုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရောဂါအမျိုးမျိုးနှင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူရသူ ၈၉၀၇၂ ဦးရှိပြီး သေဆုံးသူ ၆၄၇၅ ဦးရှိကြောင်း၊ တစ်လပျမ်းမျှအတွင်း လူနာ ၇၄၂၂ ဦးဖြစ်ပြီး တစ်လပျမ်းမျှ သေဆုံးလူနာ ၅၃၉ ဦးရှိကြောင်း၊ ယခု ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် CDM လုပ်နေသည့် ကျန်းမာရေး ဝန်ထမ်းအချို့ကြောင့် လုပ်ငန်းအပြည့်အဝ ဆောင်ရွက်နိုင်မှုမရှိခြင်း တစ်လခွဲခန့်ရှိပြီဖြစ်ကြောင်း၊ “ ဆေးကုသဖို့ လိုအပ်ပေမယ့် ဆေးကုသမှုမခံရသည့်လူနာဘယ်လောက်သေဆုံးနေပြီလဲ” တစ်နိုင်ငံလုံး အတိုင်းအတာကို မိမိအနေဖြင့် မပြောလိုသေးဘဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တစ်ခုတည်းကိုပဲ ပြောပြခြင်းဖြစ်ကြောင်း၊ တာဝန်မဲ့ကျင့်ဝတ်မလိုက်နာသူများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှုကို တွေ့မြင်နိုင်ပါကြောင်း။

### စဉ်းစားရန်လိုအပ်

“၂၀၂၀ ရွေးကောက်ပွဲတွင် မဲဘယ်လိုလိမ်ခဲ့တယ်။ ဘယ်လိုညစ်ခဲ့တယ်” ဆိုသည့် အခြေခံရပ်/ကျေးအဆင့်ကို ရှင်းလင်းပြမည်ဖြစ်ကြောင်း၊ အဆိုပါ မဲသူခိုးများအတွက် မဲခိုးသူတွေက လှုံ့ဆော်တိုင်း မိမိတို့ ပဋိပက္ခတွေဖြစ်နေကြမည်လား၊ သူများပြောတိုင်း၊ သွေးထိုးတိုင်းလုပ်နေကြမည်လား၊ စဉ်းစားရန်လိုအပ်ကြောင်း ပြောကြားသည်။

နံပါတ်(၂)အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လုပ်ဆောင်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ယခုရက်သတ္တပတ်အတွင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကျွန်းစုမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့သို့ သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်တွင် နိုင်ငံတော် အကြီးအကဲအနေဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေမှု၊ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့်နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများ၏ဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟုပြောနိုင်ရန် ခဲယဉ်းသည်ကို ပြောကြားခဲ့ကြောင်း၊ အကြမ်းဖက်ဆန္ဒပြမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး “လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များဖြစ်ကြောင်း” လူငယ်၊ လူရွယ်များအနေဖြင့် မိမိတို့၏ ရည်ရွယ်ချက်၊ အနာဂတ်ကိုရှုမြင်ပြီး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံရေးသမားများ၏ ချောက်ချမှုများကို သတိထားရှုမြင်သင့်ကြောင်း ရှင်းလင်းပြောကြားသည်။

### ရှောင်ရှားရမည်

ဆက်လက်၍ မီဒီယာများနှင့် ပတ်သက်၍ သတင်းကို မှန်ကန်စွာရေးသားခြင်း၊ နှစ်ဖက်အမြင်နှင့် မျှတစွာရေးသားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် အရေးအသားများ၊ အကြမ်းဖက်မှုဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ရှောင်ရှားရမည်ဖြစ်သော်လည်း၊ အချို့မီဒီယာများအနေဖြင့် သွေးထိုးလှုံ့ဆော်မှု၊ သတင်းမှားဖြန့်ချိမှုများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းကို တွေ့ရကြောင်း၊ မတ်လ ၁၇ ရက်တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများကို အကျယ်ချုပ်ဖမ်းချုပ်တယ်ဆိုပြီး ပြည်တွင်းမီဒီယာတစ်ခုက သတင်းဖြန့်ခဲ့ကြောင်း၊ အဆိုပါ သတင်းကိုပင် အာဆီယံဒေသတွင်း၊ အာရှဒေသတွင်း ထင်ရှားသည့် မီဒီယာတစ်ခုက ထပ်မံရေးသားခဲ့ခြင်းကို အံ့သြဖွယ်တွေ့ရကြောင်း၊ သတင်းဌာန၏ သိက္ခာ၊ ယုံကြည်ကိုးစားရမှုနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ မြို့ကြီးအချို့မှ အများပြည်သူသုံး လမ်းမကြီးများပေါ်တွင် အတားအဆီးများချထားခြင်း၊ သဲအိတ်များချထားပြီး လမ်းပိတ်ဆို့ထားခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိဒေသခံပြည်သူများက ရှင်းလင်းဖယ်ရှားခြင်းကိုလည်း မတရားစေခိုင်းနေသည့်ပုံစံဖြစ်အောင် အမျိုးမျိုးဆောင်ရွက်ခဲ့ကြောင်း၊ ယခုလို ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဒေသခံပြည်သူ အချို့၏ အမြင်ကို Video Clip ဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်ပြီး NLD ပညာရေး



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် လက်နက်ကိရိယာများကို ကြည့်ရှုလေ့လာကြစဉ်။

ကွန်ရက်မှ ဦးဇော်မြတ်လင်း သေဆုံးမှုသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစဉ် အိမ်ပေါ်ကခုန်ချရာမှ ခြံစည်းရိုးပေါ်ကျပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်၍ ပါးစပ်ထဲ ရေနွေးပူလောင်းထည့်ခြင်းဟု လုပ်ကြံဖန်တီးပြီး သတင်းပြုလုပ်ခဲ့ခြင်းကိုလည်း တွေ့ရကြောင်း၊ အချို့လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံဖန်တီးပြီးတင်သည့် ဓာတ်ပုံများကို မီဒီယာများက ယူသုံးထားခြင်းများ တွေ့ရကြောင်း၊ မီဒီယာများအနေဖြင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများ၏ မီးရှို့ဖျက်ဆီးမှုများ၊ ဒလန်ဟုစွပ်စွဲပြီး ကားတာယာကွင်းပတ် မီးရှို့သတ်သည့် ဖြစ်စဉ်များ၊ မျက်လုံးဖောက်သတ်သည့် ဖြစ်စဉ်များ၊ လှိုင်သာယာမြို့နယ်တွင် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေသည့် ဆိုင်ပိုင်ရှင်အမျိုးသမီးတစ်ဦးကို ၂ ကြိမ်တိုင်တိုင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များကို သတင်းအမှောင်ချပြီး တစ်ဖက်သတ် ရေးသားနေခြင်းများ တွေ့ရကြောင်း၊ ဒီပဲယင်းမြို့နယ်တွင် အမှုတွဲသွားပေးသည့် ရဲတပ်ဖွဲ့ဝင် ၄ ဦးကို အကြမ်းဖက်ဆူပူဆန္ဒပြသူများက တားဆီးဖမ်းဆီးသတ်ဖြတ်သည့်ဖြစ်စဉ်ကို ရဲတပ်ဖွဲ့က စတင်ရန်ပြုသလို သတင်းကိုပြောင်းပြန်လုပ်ရေးသားခဲ့ခြင်းများ တွေ့ရကြောင်း၊ “ဒါတွေဟာ လွတ်လပ်တဲ့ မီဒီယာလား၊ ဘက်မလိုက်တဲ့ မီဒီယာလား”ဟု မေးခွန်းထုတ်လိုပါကြောင်း၊ ယခုအချိန်မှာ ဆူပူဆန္ဒပြမှုကိုမလိုလားသည့် ပြည်သူလူထုနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို လိုလားသူများကြောင့် အကြမ်းဖက်မှုများ သိသိသာသာ လျော့နည်းလာကြောင်း၊ တချို့ မသမာသည့်မီဒီယာများက ဆူပူဆန္ဒပြမှုများ ထပ်မံဖြစ်ပွားလာအောင် ဦးတည်လှုံ့ဆော်နေခြင်းများကို တွေ့ရကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြေညာစာအမှတ်၊ ၂/၂၀၂၁ အရ CRPH ကို မတရားအသင်းအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မီဒီယာများ၏ သတင်းဖော်ပြချက်များ၊ ရေးသားချက်များသည် ၎င်းမတရားအသင်းနှင့် ပတ်သက်ပြီး “တစ်နည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင်” မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)အရ ပြစ်မှုမြောက်သည်ကို သတိပေးလိုပါကြောင်း ပြောကြားသည်။

### လာဘ်ပေး၊ လာဘ်ယူမှု

စတုတ္ထအချက်အနေဖြင့် နိုင်ငံတော်အဆင့် လာဘ်ပေး၊ လာဘ်ယူမှုနှင့် မသမာမှုများကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပတ်သက်ပြီး ငွေကြေးဆိုင်ရာများ စစ်ဆေးလျက်ရှိသည်ကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မတ် ၁၇ ရက်က စစ်ဆေးတွေ့ရှိချက်အချို့ကို သတင်းထုတ်ပြန်ပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ဖောင်ဒေးရှင်း ရုံးချုပ်မြေနှင့် အဆောက်အဦကို တစ်လ ငွေကျပ် ၁၅ သိန်းဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်အထိ ငါးနှစ်ငှားရမ်းခဲ့ကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ကာလတန်ဖိုးသတ်မှတ်ပေးသည့်စံနှုန်းများနှင့် အခွန်စည်းကြပ်နှုန်းထားများအရ တစ်နှစ်ကို ငွေကျပ် ၂ ဒသမ ၆ ဘီလီယံ နိုင်ငံတော်က နစ်နာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ငှားရမ်းခနှုန်းထားများအရ တွက်ချက်ကြည့်လျှင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံ နစ်နာကြောင်း၊ တစ်လကို ငှားရမ်းခ ငွေကျပ်သိန်း ၂၀၀၀ ကျော် နိုင်ငံတော်ကို ပေးသွင်းရမည်ဖြစ်ပြီး ငွေကျပ် ၁၅ သိန်းသာပေးသွင်းခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ နေပြည်တော် လရောင်တော စိုက်ပျိုးသက်မွေးပညာသင်ကျောင်း၊ လက်တွေ့စိုက်ခင်းတို့နှင့် ပတ်သက်ပြီး တစ်ဧက ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ဝယ်ခွင့်ပြုခဲ့ခြင်းနှင့် ပတ်သက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်၊ သီရိ ၅ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြေရောင်း/ဝယ်ခြင်းအပေါ် အခွန်စည်းကြပ်ရန်နှုန်းထားများအရ လမ်းကျယ်သတ်မှတ်နှုန်းဖြင့် တွက်ချက်လျှင် ငွေကျပ် ၂၆ ဒသမ ၄၃ ဘီလီယံ၊ အတွင်းလမ်းသတ်မှတ်နှုန်းဖြင့် တွက်ချက်လျှင် ငွေကျပ် ၁၈ ဒသမ ၁၅ ဘီလီယံ နိုင်ငံတော်အနေဖြင့် နစ်နာခဲ့ကြောင်း၊ နေပြည်တော် လရောင်တောစိုက်ပျိုးသက်မွေးပညာသင်ကျောင်းမှာ L ပုံသဏ္ဌာန် တစ်ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခြင်းနှင့် ပတ်သက်ပြီး ဖောင်ဒေးရှင်းပိုင်မြေဧရိယာပေါ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံ အကုန်အကျခံပြီး ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန်အတွက် လူနေအိမ်ဆောက်လုပ်ပြီး နောင်တစ်ချိန်မှာ ပြတိုက်အဖြစ်သုံးရန် ရည်ရွယ်ကြောင်းကို အဆိုပါ ဆောက်လုပ်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီက ပြောကြားကြောင်း၊ ငှားရမ်းခသတ်မှတ်ရာတွင် နိုင်ငံပိုင်မြေအဆောက်အဦတည်ရှိရာ ဒေသကာလ ပေါက်စျေးအတိုင်း သတ်မှတ်ရန်၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်စီးပွားရေး အထောက်အကူပြုရန် ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါက ငှားရမ်းခကို ကာလပေါက်စျေးဖြင့် သတ်မှတ်ခြင်းကို လျှော့ပေါ့စဉ်းစားနိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်က နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြား ချက်ရှိသော်လည်း အဆိုပါညွှန်ကြားချက်သည် လူမှုအဖွဲ့အစည်းနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပိုင်မြေ

စာမျက်နှာ ၂၂ သို့ ☆

- မီဒီယာများအနေဖြင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများ၏ မီးရှို့ဖျက်ဆီးမှုများ၊ ဒလန်ဟု စွပ်စွဲပြီး ကားတာယာကွင်းပတ် မီးရှို့သတ်သည့် ဖြစ်စဉ်များ၊ မျက်လုံးဖောက်သတ်သည့် ဖြစ်စဉ်များ၊ လှိုင်သာယာမြို့နယ်တွင် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေသည့် ဆိုင်ပိုင်ရှင်အမျိုးသမီးတစ်ဦးကို ၂ ကြိမ်တိုင်တိုင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များကို သတင်းအမှောင်ချပြီး တစ်ဖက်သတ် ရေးသားနေခြင်းများ တွေ့ရ
- ဒီပဲယင်းမြို့နယ်တွင် အမှုတွဲသွားပေးသည့် ရဲတပ်ဖွဲ့ဝင် ၄ ဦးကို အကြမ်းဖက် ဆူပူဆန္ဒပြသူများက တားဆီး ဖမ်းဆီး သတ်ဖြတ်သည့်ဖြစ်စဉ်ကို ရဲတပ်ဖွဲ့က စတင်ရန်ပြုသလို သတင်းကို ပြောင်းပြန်လုပ်ရေးသားခဲ့ခြင်းများ တွေ့ရ
- “ဒါတွေဟာ လွတ်လပ်တဲ့ မီဒီယာလား၊ ဘက်မလိုက်တဲ့ မီဒီယာလား”ဟု မေးခွန်း ထုတ်လို

☆ စာမျက်နှာ ၂၁ မှ

- **ပြီးခဲ့သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက ဒေါ်အောင်ဆန်းစုကြည်ထံ အမေရိကန်ဒေါ်လာ ၆ သိန်း၊ အကယ်ဒမီရွှေ ၇ ပိဿာ (၁၁ ဒသမ ၄၃၁ ကီလိုဂရမ်)ပေးခဲ့သည့်အကြောင်းကို ပြောကြားခဲ့ပြီးဖြစ်**
- **အချို့မီဒီယာများအနေဖြင့် "သက်သေရှိရဲ့လား၊ လုပ်ကြံ ဖန်တီးပြီးပြောဆိုနေတာလား၊ စွပ်စွဲပြောဆိုနေတာလား"ဟု သတင်းစာရှင်းလင်းပွဲအပြီးတွင် မေးမြန်းလာခဲ့**
- **မည်သည့်ဖိအားမှမပါဘဲ ဦးဖြိုးမင်းသိန်း ကိုယ်တိုင်ပြောဆိုချက် Video ဖိုင်ကို ပြသလို**
- **သေချာစိစစ်ကြည့်ရှုနိုင်ကြောင်း ပြသရှင်းလင်း**

သုံးစွဲမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ထိုက်သင့်သည့် အခကြေးငွေမရရှိဘဲ နစ်နာမှုရှိခြင်း၊ ဖောင်ဒေးရှင်းပိုင်အလှူငွေများကိုသုံးပြီး ဥက္ကဋ္ဌနေထိုင်ရန် လူနေအိမ်ဆောက်ခြင်းသည် ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြှင့်တင်ရေးများနှင့် သက်ဆိုင်မှုမရှိသည့် သုံးစွဲမှုများဖြစ်ပြီး ထပ်မံအသေးစိတ်စစ်ဆေးလျက်ရှိကြောင်း ပြောကြားသည်။

**လာဘ်ပေး၊ လာဘ်ယူမှုများ**

NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို စေပိုင်ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်က အမေရိကန်ဒေါ်လာ ငါးသိန်းခွဲပေးအပ်ခဲ့သည့် လာဘ်ပေး၊ လာဘ်ယူမှုများကို မတ် ၁၈ ရက်က သတင်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ဦးမောင်ဝိတ်၏ ကိုယ်တိုင်ပြောကြားချက် Video ဖိုင်ကို ထပ်မံပြသရှင်းလင်းပြောကြားကြောင်း၊ ပြီးခဲ့သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက ဒေါ်အောင်ဆန်းစုကြည်ထံ အမေရိကန်ဒေါ်လာ ၆ သိန်း၊ အကယ်ဒမီရွှေ ၇ ပိဿာ (၁၁ ဒသမ ၄၃၁ ကီလိုဂရမ်) ပေးခဲ့သည့် အကြောင်းကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အချို့မီဒီယာများအနေဖြင့် "သက်သေရှိရဲ့လား၊ လုပ်ကြံဖန်တီးပြီး ပြောဆိုနေတာလား၊ စွပ်စွဲပြောဆိုနေတာလား" ဟု သတင်းစာရှင်းလင်းပွဲအပြီးတွင် မေးမြန်းလာခဲ့ကြောင်း၊ မည်သည့်ဖိအားမှမပါဘဲ ဦးဖြိုးမင်းသိန်း ကိုယ်တိုင်ပြောဆိုချက် Video ဖိုင်ကို ပြသလိုပါကြောင်း၊ သေချာစိစစ်ကြည့်ရှုနိုင်ကြောင်း ပြသရှင်းလင်းသည်။

ပထမအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုအဆင့်အဖွဲ့ဝင်အချို့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အဖွဲ့ဝင်အချို့၏ လာဘ်ပေး၊ လာဘ်ယူမှု၊ မသမာမှုများကို ဖော်ထုတ်စစ်ဆေးလျက်ရှိနေသည်ကို ပြောကြားခဲ့ကြောင်း၊ မေးမြန်းချက်များ၊ ၎င်းတို့၏ ပြောဆိုချက်များအရ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါ်နန်းခင်ထွေးမြင့်၊ ဦးဝင်းသိန်း၊ ဦးညီပုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်တို့သည် အဂတိလိုက်စားမှုများနှင့် ငြိစွန်းနေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

နောက်ဆုံးအချက်အနေဖြင့် ပြည်သူများသိချင်နေသည့် လက်တွေ့မြေပြင်တွင် မဲမသမာမှု၊ မဲလိမ်မှုများ မည်ကဲ့သို့ ဆောင်ရွက်ခဲ့သည်ကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှားယွင်းခြင်းသည် စာရင်းအရမှားခြင်းဖြစ်ပြီး လက်တွေ့မဲပေးရာတွင် လက်သန်းကို မင်ဆွတ်ရခြင်းကြောင့် နှစ်ခါမဲပေး၍မရသည်များကို ပြောနေခြင်းများ တွေ့ရှိကြောင်း၊ မြေပြင်စစ်ဆေးချက်များ၊ ရပ်ကွက်၊ ကျေးရွာအဆင့် ကော်မရှင်အဖွဲ့ဝင်များ၏ ဖွင့်ဟပြောဆိုချက်များအရ လက်တွေ့မြေပြင်တွင် မဲမသမာမှု၊ မဲလိမ်မဲခိုးမှုများကို ပထမအဆင့်အနေဖြင့် ကြိုတင်မဲပေးခွင့်ရှိသူတွေကို ဖောင်းပွအောင်ပြုလုပ်ခြင်း၊ ကြိုတင်မဲမှ မဲခိုးခြင်းဖြစ်ကြောင်း၊ ရပ်/ကျေးအဆင့် NLD အုပ်ချုပ်ရေးမှူးတချို့နှင့် အမာခံများက ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အဆိုပါ ကြိုတင်မဲပေးမည့်လူများစာရင်းကို မြို့နယ်ကော်မရှင်ကို တင်ပြခဲ့ကြောင်း၊ မြို့နယ်ကော်မရှင်အနေဖြင့် အချက်အလက်မခိုင်လုံသူများကို ပယ်ချခဲ့ခြင်းများရှိကြောင်း၊ သို့သော် အုပ်ချုပ်ရေးမှူးအချို့နှင့် NLD အမာခံများက ကျေးရွာကော်မရှင်ကို ဖိအားပေးပြီး စာရင်းပြန်ထည့်စေကြောင်း၊ ရပ်/ကျေးကော်မရှင်က ကွန်ပျူတာဖြင့်လည်းကောင်း၊ နောက်ဆုံးတွင် လက်ရေးနှင့် ရေးသားဖြည့်သွင်းခဲ့ရသည့် သက်သေပုံများကို ကြေညာသင်ပုန်းတွင်ပြသထားကြောင်း။

**ခွင့်ပြုအရေအတွက်ထက် ပိုနေ**

သတိပြုရမည်မှာ အဆိုပါ ကြိုတင်မဲထည့်ခဲ့ရသူများသည် မဲပေးပြီးကြောင်း လက်သန်းတွင် မင်မဆွတ်ခဲ့ရကြောင်း၊ တတိယအဆင့်အနေဖြင့် ကြိုတင်မဲအတွက် ခွင့်ပြုအရေအတွက်ထက် ပိုနေသည့် မဲလက်မှတ်များကို တရားမဝင်ထုတ်ယူ အသုံးပြုခဲ့ခြင်းနှင့် ပိုနေခြင်းများကို မီးရှို့ဖျက်ဆီးခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်တစ်ခုမှ ရပ်ကွက်တစ်ခုကို စစ်ဆေးခဲ့ရာ ကြိုတင်မဲပေးရမည့်ဦးရေ ၁၁၀၀ ဦးသာရှိပြီး ကြိုတင်မဲလက်မှတ် ၃၄၅၀ စောင် ထုတ်ယူအသုံးပြုခဲ့ခြင်းကို တွေ့ရကြောင်း၊ ရပ်ကွက်တစ်ခုတည်းမှာပင်လျှင် ကြိုတင်မဲမှာ မဲလိမ်၊ မဲခိုးမှု ၂၃၅၀ ဦးရှိသည်ကို တွေ့ရကြောင်း၊ အချို့မဲလက်မှတ်များမှာ မဲရုံမှူးများ၏လက်မှတ် မပါခြင်းများကိုတွေ့ရကြောင်း၊ စတုတ္ထအဆင့်အနေဖြင့် ကြိုတင်မဲကောက်ယူရာ NLD အမာခံများက NLD Logo နေရာကို ညွှန်ပြမဲပေးစေခြင်း၊ ပယ်မဲများကို NLD ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အသေးစိတ်အချက်အလက်များကို ဗီဒီယိုဖိုင်များဖြင့် UEC မှ အဖွဲ့ဝင်၊ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ဆက်လက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မီဒီယာများအနေဖြင့် ယခုရှင်းလင်းပြောကြားခဲ့သည့် အချက်အလက်များနှင့် ပတ်သက်သော သက်သေအထောက်အထားများကို Board များတွင် ကပ်ထားကြောင်း၊ သတင်းစာရှင်းလင်းပွဲပြီးပါက လေ့လာနိုင်ကြောင်း၊ မရှင်းလင်းသည်များ ထပ်မေးနိုင်ကြောင်း၊ ဦးခင်မောင်ဦး ရှင်းလင်းပြီးသည့်အခါတွင် UEC နှင့် သက်ဆိုင်သော မေးခွန်းများ မေးမြန်းနိုင်ပြီး မိမိ၏ရှင်းလင်းချက်များနှင့် ပတ်သက်ပြီး မေးမြန်းလိုသည်ကို မေးမြန်းနိုင်ကြောင်း၊ အချိန်အရ မီဒီယာတစ်ခုလျှင် မေးခွန်း ၃ ခုသာမေးမြန်းပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မိတ္ထီလာမြို့၌ ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ပူပြင်းခြောက်သွေ့၍ သွားလာရန်ခက်ခဲပြီး သောက်သုံးရေ ရှားပါးလျက်ရှိသော အညာကျေးလက် ဒေသများဖြစ်သည့် မြို့နှင့် ကျေးရွာများသို့ နှစ်စဉ် ရေတွင်း၊ ရေကန်များခန်းခြောက်သည့် ရာသီဥတုများတွင် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။



**ပေးဝေလှူဒါန်းခဲ့**

ထိုသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းရာ၌ မတ် ၂၁ ရက်တွင် မိတ္ထီလာမြို့နယ် မီးသတ်စခန်းက ညောင်ဖောင်းကျေးရွာအုပ်စု သဖန်းကျေးရွာရှိ သစ္စာပြုတောင် ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်ကို မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုး**



## မြစ်သားမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများက နနွင်းများ စိုက်ပျိုးလျက်ရှိ

**မြစ်သား မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများက စိုက်ဧက ၁၀၀၀ ပေါ်တွင် နနွင်းများကို စိုက်ပျိုးခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၃၅၀ ထွက်ရှိပြီး နနွင်းတင်းပေါင်း ၃၅၀၀၀၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့ကရိတ်မြို့နယ် သမိန်ဒွတ်-ခရင်း-ကညင်ကတိုက် ကျေးရွာချင်းဆက်ကျောက်ခင်းလမ်း ဆောင်ရွက်

**နေပြည်တော် မတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကော့ကရိတ်မြို့နယ်အတွင်း ရန်ပုံငွေကျပ် ၁၉၆ ဒသမ ၀၉၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် သမိန်ဒွတ်-ခရင်း-ကညင်ကတိုက် ကျေးရွာချင်းဆက်လမ်း(၁/၆)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာ မြေပြင်တွင် ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၄ ရွာ၊ အိမ်ခြေ ၂၁၇၀၊ လူဦးရေ ၁၃၆၃၅ ဦးကို အကျိုးပြုသည့် လမ်းပိုင်းဖြစ်ပြီး ကျေးရွာနေ ဒေသခံပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ လူနေမှုအဆင့်အတန်းလည်း ယခင်ကထက် ပိုမိုမြင့်မားလာ၍ အလုပ်အကိုင်အခွင့်လမ်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ခင်ချိုဆင့်(ကော့ကရိတ်)**



# မြို့နယ်အချို့တို့၌ ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**နေပြည်တော် မတ် ၂၄**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများကို စစ်ဆေးရှာဖွေခြင်း၊ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက် ညနေပိုင်းတွင် လားရှိုးမြို့ ရပ်ကွက်(၉) နယ်မြေ(၃) အောင်သပြေလမ်းသွယ် အိမ်အမှတ်(၃/ ၂၈၈)၌ အိမ်ငှားနေထိုင်သူ မောင်မြ(ဘ)ဦးသန်းစိန်အား ဒူးလေးသေနတ် နှစ်လက်၊ မြားအချောင်း ၅၀၊ ဂက်စ်ဖြင့် ပစ်ခတ်ရသော ကော်ပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်သေနတ် နှစ်လက်၊ ဂက်စ်ဘူး သုံးဘူး၊ လေးခွမျိုးစုံ လေးလက်၊ လောက်စာလုံး ၁၅၀၊ ဖန်ဂေါ်လီ ၄၀ နှင့် အဆိုပါပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းခြံဝင်းအတွင်းနေထိုင်သူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မတ် ၂၃ ရက် နံနက်ပိုင်းတွင် တာမွေမြို့နယ် ဓမ္မစိန္တာလမ်း၊ မလွှကုန်းလမ်းနှင့် သြဘာလမ်းတို့ရှိ နောက်ဖေးလမ်းကြားများအတွင်းမှ သံဒိုင်းကာ ၄၇ ခု၊ သစ်သားဒိုင်းကာ ၂၅ ခု၊ ဖိုက်ဘာဒိုင်း ၂၃ ခုနှင့် ဖိုက်ဘာဦးထုပ် ၁၁ လုံး ကိုလည်းကောင်း၊ ညနေ ၄ နာရီ ၅၅ မိနစ်ခန့်တွင် မြို့သစ်(၂) လမ်းနှင့် ကျောက်ရေတွင်းလမ်းထောင့်ရှိ သောကြာဆွမ်းလောင်းအသင်း အဆောက်အအုံအတွင်း၌ သံဒိုင်းမျိုးစုံ ၂၉ ခုနှင့် သစ်သားတုတ် သုံးချောင်းအားလည်းကောင်း၊ ကျိုက္ကဆံလမ်းနှင့် ဗညားဒလလမ်းဆုံအနီး KBZ ဘဏ်ရှေ့၌ မသင်္ကာဖွယ်လူတစ်ဦးတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ဦးသန့်ဇင်ဝင်း(ဘ)ဦးဝင်းမောင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄၅၀) သုတ(၂)လမ်းနေသူဖြစ်ပြီး ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ငွေကြေးကောက်ခံခြင်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်ထားရှိသည့်အချက်များနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အပြင် မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဝါးတောစွန်းကျေးရွာအုပ်စု အုတ်ကွင်းအနီးရှိ အလုပ်သမားတန်းလျား၌ ကျော်လင်းစိုး(ခ)ကုလားကြီး(ဘ) ဦးအေးစိုးအား သံဘောစေ့ထည့်ပစ်ရသော ဂက်စ်ဘူးတပ်လျက် ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ် တစ်လက်၊ သစ်သားဖြင့် ပြုလုပ်ထားသည့် လေဘူးတပ်လျက် လက်လုပ်သေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ကြောင်လျှာကုန်းကျေးရွာနေ ကျော်သက်အောင်(ခ)သက်အောင်(ဘ) ဦးကျော်အေး၏ နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဂျင်ကလိမျိုးစုံ ၁၁ ချောင်း၊ ဗီနိုင်းများ၊ ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မြောင်းမြမြို့နယ် ကုန်းသာအုပ်စု မြို့ဟောင်းရွာသွားလမ်းဘေး ဝါးတောတွင်နေထိုင်သည့် ကိုကိုဦး၏ နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ဗီနိုင်းများအားလည်းကောင်း၊ ဖျာပုံမြို့နယ် အပြောင်ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၏ မြောက်ဘက်ထောင့် ရုံးနှင့် ငါးပေခန့်အကွာ၌ ဂျင်ကလိ ၃၄ ချောင်းကိုလည်းကောင်း၊ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအုပ်စုရှိ ဦးကျော်ထွန်း ပိုင်ဆိုင်သည့် ရွှေလဝန်းရေခဲစက်၌ ရေခဲစက်အလုပ်သမား အေးအောင် (ဘ)ဦးစံတင်အား ဂျင်ကလိ ၁၈ ချောင်း၊ သံပြားအချွန်တပ်ထားသော လုံတစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိသဖြင့် အဆိုပါပစ္စည်းများအား သိမ်းဆည်းထားသူတို့ကိုလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပုဏ္ဏားကုန်းကျေးရွာ၌ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် အင်အား ၂၀၀ ခန့်ဖြင့် သင်တန်း ပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စုံစမ်းစစ်ဆေးရာ ၎င်းကျေးရွာမှ ဦးလှိုင်ကြီး(ဘ)ဦးဖိုးဖြူ အသက် (၄၈)နှစ်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ကော်ပိုက်ဖြင့် ပြုလုပ်ထားသော အရှည် သုံးပေခန့်ရှိ လက်လုပ်သေနတ်ဖြင့် လည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် ဆိပ်ခွန်ကျေးရွာမှ ဦးအောင်သိန်း (ဘ)ဦးတင်စိန် အသက် (၅၂)နှစ်အား ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် အဝတ်စထည့်ထားသည့် ဓာတ်ဆီပုလင်း ၁၄ လုံး၊ လက်လုပ်မိုင်း ရှစ်ခု၊ သံဂျင်ကလိ ခုနစ်ခု၊ သံဆူးချွန် သုံးချောင်း၊ ဟန်းစပီကာ အဖြူရောင် တစ်ခု၊ NLD တံဆိပ်ပါ အနီရောင်ဦးထုပ်အဝိုင်း နှစ်လုံး၊ ဖယောင်းခဲတောင့် သုံးခု၊ ပိုက်ဆက်ကော် တစ်ဘူး၊ စက္ကူဖြင့်ထုပ်ထားသည့် ကန့်အထုပ်တစ်ထုပ်အပါအဝင် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း အသီးသီးဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

၎င်းအပြင် ချင်းပြည်နယ် ကလေးမြို့ ပင်လုံရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မေတ္တာလွင်ပြင် ဂက်စ်အိုးအရောင်းဆိုင်၌ ဆိုင်ပိုင်ရှင်ဖြစ်သူ မောင်မောင်လွင်(ဘ)ဦးနက်အား ဂျပ်ဖာ ၁၈ ဖာအတွင်း ထည့်ထားသည့် ဘောသီး ၉၀၀၀ နှင့် ဆာလာအိတ် သုံးအိတ်ဖြင့် ထည့်ထားသည့် ဖန်ဂေါ်လီလုံး ၇၉၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အောင်သစ္စာရပ်ကွက် နယ်မြေ(၁၁)ရှိ ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ စတီးပိုက်မျိုးစုံ ၂၆၃ ချောင်း၊ ဂက်စ် ၂၈ ဘူး၊ ကော်ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်သေနတ် လေးလက်တို့ကို ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာနေ မောင်ကြာထွား (ဘ) ဦးကြီးညို အား တူမီးသေနတ် တစ်လက်၊ စနက်တံကြိုး (ကာလာစုံ သုံးစည်း)၊ အဝတ်စထည့်ထားသည့် ဓာတ်ဆီပုလင်း နှစ်လုံး၊ ဆက်စပ်ပစ္စည်းဖြင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဟံသာဝတီကျေးရွာသို့ သွားရောက်စစ်ဆေးစဉ် ဝေလင်း (ဘ) ဦးဘကြည်နှင့် ဇင်ကို (ဘ) ဦးဟန်ဝင်း ဟံသာဝတီကျေးရွာနေသူတို့ နှစ်ဦးအား တူမီးသေနတ် တစ်လက်ဖြင့်လည်းကောင်း၊ အဆိုပါကျေးရွာရှိ ဦးကံထူး၏ ဆန်စက်အတွင်း၌ ဂျင်ကလိ ၁၄ ချောင်း၊ သံပိုက်မျိုးစုံ ငါးချောင်း၊ သံဖြတ်မော်တာ တစ်လုံး၊ ဂက်စ်ပိုက် ၁၀ ချောင်း၊ Electric Gas ဘူး ငါးခုအားလည်းကောင်း၊ မြို့မတောင်ကုန်းရပ်ကွက်၌ မမြတ်နွယ်ဝင်း(ဘ) ဦးဌေးရွှေအား ဂက်စ်ဖြင့် ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်၊ သံပိုက်လုံး သုံးလုံး၊ နှစ်ပေါင်တူ တစ်လက်၊ မော်တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အတူ တောင်တွင်းကြီးမြို့နယ် အုန်းတော(၂)ရပ်ကွက်အတွင်းနေထိုင်သူ ဇော်ကြီး(ဘ) ဦးအောင်ထွန်းနေအိမ်၌ ဒူးလေးတစ်လက်၊ သံချွန်မြား ၁၁ ချောင်း၊ ဓားမျိုးစုံ ၁၁ ချောင်း၊ ပုဆိန်တစ်လက်၊ တုတ်မျိုးစုံ နှစ်ချောင်း၊ CDM လှုပ်ရှားမှုစာသားပါ တီရှပ်များနှင့်လည်းကောင်း၊ တောင်တွင်းကြီး – မြို့သစ်သွားကားလမ်းဘေးရှိ မြမြင့်မိုရ်စားသောက်ဆိုင်အတွင်း၌ လေးခွများ၊ ဓားများကိုင်ဆောင်ကာ ဝင်ရောက်စားသောက်နေသည့် ဌေးညွန့်လှိုင်(ဘ)ဦးဆစ်တို အပါအဝင် အမျိုးသား ငါးဦးအားလည်းကောင်း အသီးသီးဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ဆူပူဆန္ဒပြမှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများအား လိုအပ်သလိုအရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းများ၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မင်းထက်(ခ)လင်းထက်ပိုင်(ဘ)ဦးသန်းထွန်းနှင့် လှဝင်း(ဘ)ဦးစိန်မောင်တို့သည် မတ် ၁၆ ရက်တွင် Solamoda အထည်ချုပ်စက်ရုံအဆောက်အအုံကို မီးရှို့ဖျက်ဆီးခဲ့မှု ကျူးလွန်ခဲ့သည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၃၆ အရ အလုပ်နှင့် ထောင်ဒဏ်(၂၀)နှစ်ဖြင့်လည်းကောင်း၊ အောင်ထွန်း(ခ)ဆာမိ၊ အောင်သက်ပိုင်(ခ)ပီချေးနှင့် ဝင်းကိုကိုတို့သည် မတ် ၁၄ ရက်တွင် မြန်မာဟုန်ပေါင်၊ မက်နစ်ကယ်အင်န်၊ အီလက်ထရစ်ကယ်၊ အင်ဂျင်နီးယားရင်းကုမ္ပဏီလီမိတက်စက်ရုံတို့မှ အမည်မသိ လူငါးဦးက ခိုးယူလာပြီး လာရောက်ရောင်းချသည့်ပစ္စည်းများကို ခိုးရာပါပစ္စည်းဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျက်နှင့် ဝယ်ယူခဲ့ပြီး အဆိုပါပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံထားရှိမှုကို ကျူးလွန်ခဲ့သည့်အတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၄ အရ အလုပ်နှင့် ထောင်ဒဏ် (၃)နှစ်ဖြင့်လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၂၂ ရက်တွင် အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ရဲအရာရှိ တစ်ဦး၏ ဇနီးအား အကြမ်းဖက်သူလူအုပ်စုက အကြောင်းမဲ့ရန်ပြုဝိုင်းဝန်းရိုက်နှက်

**နေပြည်တော် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ရဲအရာရှိ တစ်ဦး၏ဇနီးအား အကြမ်းဖက်သူလူအုပ်စုက အကြောင်းမဲ့ရန်ပြုဝိုင်းဝန်း ရိုက်နှက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၂၃ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် ကျောက်ပန်းတောင်းမြို့နယ် ဝင်မင်ဂံကျေးရွာနေ ရဲအရာရှိ တစ်ဦး၏ ဇနီးဖြစ်သူသည် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ လှစိုး (စိစစ်ဆဲ)ပါ အကြမ်းဖက်သူလူစုလူဝေးအင်အား ၃၀ ခန့်က ၎င်း၏ နေအိမ်ရှေ့သို့ ရောက်ရှိလာပြီး “စစ်သား၊ ရဲသား အလိုမရှိ၊ စစ်အာဏာရှင်အလိုမရှိ၊ ခွေးတွေ” အစရှိသည်ဖြင့် အော်ဟစ်ဆဲဆိုပြီး နေအိမ်အတွင်းသို့ လေးခွများဖြင့် ပစ်ခတ်ဝင်ရောက်၍ ရဲအရာရှိ၏ ဇနီးဖြစ်သူကို တုတ်ဖြင့် အကြမ်းဖက်ရန်ပြု ဝိုင်းဝန်းရိုက်နှက်ခဲ့၍ ဝဲလက်နှင့် မျက်နှာတို့တွင် ဖူးရောင်နာကျင်ဒဏ်ရာများ ရရှိခဲ့ကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအရာရှိ၏ဇနီးအား အကြောင်းမဲ့အကြမ်းဖက် ရန်ပြုတိုက်ခိုက်ခဲ့သည့် ဝင်မင်ဂံကျေးရွာနေ လှစိုးပါ ၃၀ အား ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရဲအရာရှိ၏ဇနီးနှင့် မိသားစုဝင်များအား လုံခြုံသောနေရာတွင် စောင့်ရှောက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ထောက်ခံနေတာ ဒါဆိုရင် ပါတီနိုင်ငံရေးဖြစ်သွားပြီ။ နိုင်ငံ့ဝန်ထမ်းက ပါတီနိုင်ငံရေး မလုပ်ရဘူး။ အမျိုးသားနိုင်ငံရေးတော့ လုပ်ရမယ်၊ နိုင်ငံ့ဝန်ထမ်းရဲ့ သဘောသဘာဝကို နားလည်ရမယ်။ နိုင်ငံတော်အတွက် လုပ်နေတာပါ

ကောင်းကင်

လတ်တလော ဖြစ်ပွားနေသည့် Civil Disobedience Movement (CDM) လှုပ်ရှားမှုနှင့် အကြမ်းဖက်ဆန္ဒပြမှုများအပေါ် တာဝန်သိ နိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်းအား ၎င်း၏ အမြင်နှင့် ခံစားချက်များကို မေးမြန်းပြီး ဖော်ပြလိုက်ပါသည် -



**မေး။** ။ လက်ရှိမှာဆိုရင် ဆူပူဆန္ဒပြမှုတွေ ဖြစ်ပေါ်နေတယ်။ အကြမ်းဖက်ဆန္ဒပြမှုတွေအပြင် အဲဒီနောက်မှာ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူလှုပ်ရှားမှုတွေကြောင့် ပြည်သူတွေအနေနဲ့ ထိတ်လန့်စိုးရိမ်မှုတွေ ဖြစ်ပေါ်နေကြပါတယ်။ ဒီအပေါ်မှာ သုံးသပ်မျှဝေချင်တာရှိရင် ပြောပြပေးပါဦး။

**ဖြေ။** ။ အခုဆူပူဆန္ဒပြမှုတွေ ဖြစ်နေတယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူတွေလည်း ပါတယ်။ ပြည်သူတွေထဲကဆိုရင် ရွေးကောက်ပွဲမှာ မဲထည့်ခွင့်မရသေးတဲ့ ၁၇ နှစ်၊ ၁၈ နှစ် မပြည့်သေးတဲ့ ကလေးတွေကအစ လမ်းပေါ်မှာ တွေ့နေရပါတယ်။ ဒီလိုကလေးတွေက ဘာနိုင်ငံရေးခံယူချက်မှမရှိသလို နိုင်ငံရေးဗဟုသုတလည်း မရှိပါဘူး။

လမ်းတွေပေါ် တက်ကြတဲ့အခါ ဆန္ဒပြတဲ့အထဲမှာ အကြမ်းဖက်လှုံ့ဆော်သူတွေလည်း ရှိပါတယ်။ ဒီလိုလူမျိုးနဲ့ လူပေါင်း မှားကောင်းမှားနိုင်ပါတယ်။ ဒီအတွက် ကလေးတွေကို ပြောချင်တယ်။ သူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို မကြိုက်လို့ ဆန္ဒပြတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေကလည်း ရွေးကောက်ပွဲမဲမသမာမှုအတွက် ဆန္ဒပြချင်ပါတယ် ရမလား။ နိုင်ငံ့ဝန်ထမ်းတွေမှာ နိုင်ငံ့ဝန်ထမ်းဥပဒေဆိုတာ ရှိပါတယ်။ ဒါနဲ့ အကျုံးဝင်တဲ့အတွက် ဆန္ဒပြလို့မရပါဘူး။ ဒီအတွက် ကျွန်တော်တို့က ဘာလုပ်ရသလဲဆိုတော့ ငြိမ်နေရတယ်။ ပြခွင့်မရပါဘူး။ သူတို့ကျတော့အော်ပြီး ကျွန်တော်တို့ကျတော့ ပြောလို့မရဘူးလား။ ပြောလို့ရရင် ပြောချင်ပါတယ်။

ပြီးတော့ လမ်းပေါ်တက်နေကြတဲ့ ကလေးတွေကို ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေးဗဟုသုတလေးတွေကို ပြန်ပြီးပြောချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံ့ဝန်ထမ်းတွေကို ဒီလို CDM လှုပ်ရှားမှုမှာ ပါဝင်နေတာက သူတို့အတွက် ဘာရလဒ်ရလာမလဲ ဆိုတာနဲ့ အမြင်မှားနေတာတွေကို ပြောချင်ပါတယ်။

**မေး။** ။ ဆရာ့အနေနဲ့ ၁၉၈၈ ခုနှစ်မှာ ကိုယ်တိုင်ဖြတ်သန်းရတဲ့ အတွေ့အကြုံတွေရှိရင် ပြောပြပေးပါဦး။

**ဖြေ။** ။ အဲဒီအချိန်တုန်းက ကျွန်တော့်အသက်က ၁၃ နှစ်ပါ။ ၁၉၈၈ ခုနှစ်တုန်းက ကျွန်တော် ကြုံတွေ့ခဲ့ရတာတွေ အများကြီးရှိပါတယ်။ ဒီအတွေ့အကြုံတွေကို ကလေးတွေကို ပြန်ပြောပြချင်တယ်။

အချက်အလက်တွေနဲ့ တစ်ဆင့်ချင်း ပြောပြသွားချင်ပါတယ်။ ကျွန်တော် ပထမဦးဆုံးစပြီး ပြောပြချင်တာက အခုလက်ရှိအနေအထားမှာ ဆန္ဒပြတဲ့သူတွေက ဘာတွေကို တောင်းဆိုတာလဲ။ သူတို့တောင်းဆိုတဲ့အချက်က နံပါတ်တစ်က ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေး၊ နံပါတ်နှစ်က သမ္မတကြီး ဦးဝင်းမြင့် ပြန်လွှတ်ပေးရေး၊ နံပါတ်သုံးက ရွေးကောက်ပွဲရလဒ် အတည်ပြုရေး၊ ဒီမိုကရေစီရရှိရေး၊ ရုံးမတက်နဲ့ ရှန်းထွက်၊ ဖမ်းဆီးခံထားရတဲ့ ကျောင်းသားတွေကို ပြန်လွှတ်ပေးရေး၊ ပြီးတော့ မီးတုတ်မီးတုတ် ရှို့ရှို့၊ အရေးတော်ပုံအောင်ရမည် ဆိုပြီး ကြွေးကြော်သံ ရှစ်ချက်ကို သွားတွေ့ပါတယ်။

ဒီအချက်တွေ တစ်ချက်ချင်းကို အဓိကထားပြီး ဆွေးနွေးရမယ်ဆိုရင် ဒီဆန္ဒပြမှုတွေက ဘယ်ကနေ ဘယ်လိုစတင်ဖြစ်ပေါ်လာတာလဲက စရမှာဖြစ်ပါတယ်။ လူတစ်ယောက်က ရလဒ်တစ်ခုထဲကို သွားကြည့်လို့ မရပါဘူး။ သူရဲ့ ရှေ့မှာလုပ်ခဲ့တဲ့ အကြောင်းတရားကြောင့် အကျိုးတရားကို ခံစားရတာဖြစ်တယ်။ ဒါကို သိကြရပါမယ်။ ဒါကြောင့် ကျွန်တော်တို့ အကြောင်းတရားကို အရင်ရှာရမယ်။ အကြောင်းတရားက ဘာတွေကြောင့် ဖြစ်လာရတာလဲဆိုတော့ ရွေးကောက်ပွဲမဲမသမာမှုကြောင့် ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေး၊ သမ္မတကြီး ဦးဝင်းမြင့် ပြန်လွှတ်ပေးရေး၊ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးတို့ကို စပြီးရှင်းပေးပါမယ်။ ဒီသုံးချက်အတွက် အကြောင်းတရားရှိပါတယ်။ သူ့ရဲ့အကြောင်းတရားကြောင့် မဲမသမာမှုဖြစ်ခဲ့လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတော်သမ္မတကို ဖမ်းဆီးတယ်။ ဒါက သူ့ရဲ့ လုပ်ရိုးလုပ်စဉ်ပါ။

ဥပမာ ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက်ခံရရင် ကားစပယ်ယာက ဘာလုပ်မလဲ။ ကားပေါ်မှာပါတဲ့ ဘယ်သူမှ ဆင်းလို့မရအောင် တံခါးပိတ်မယ်။ ရှာဖွေမယ်၊ ရှာလို့မတွေ့ရင်၊ မဖော်နိုင်ရင် ကားကို ရဲစခန်းကို မောင်းမယ်။ အဲဒီအချိန်မှာ ကားပေါ်ပါတဲ့ ကျွန်တော်က အလုပ်က အရေးကြီးပါတယ်။ ကျွန်တော် သွားလိုတဲ့အတွက် ဆင်းကျန်ခဲ့မယ်ဆိုရင် မရပါဘူး။ ခါးပိုက်နှိုက်က ကျွန်တော် မဟုတ်ပေမယ့် လက်ရှိကားပေါ်မှာ ပါနေတဲ့အတွက် အကုန်မသင်္ကာမှုဖြစ်နေတဲ့အတွက် ရဲစခန်းကို လိုက်ခဲ့ပြီး စစ်ဆေးမှုခံရမှာပါ။ ရဲစခန်းကို ရောက်မှ စစ်ဆေးပြီး မပါရင်ပြန်ရမှာပါ။ အကုန်လုံးကိုခေါ်ပြီး စစ်ဆေးရမှာပါ။ ဒီထဲကပေါ်လာတဲ့ တရားခံကို ရဲက ရှာဖွေပြီး သက်သေအထောက်အထားနဲ့ အမှုဖွင့်မယ်။ ရဲက သက်သေအထောက်အထားနဲ့ မိခဲ့ရင် တရားရုံးတင်မယ်။ တရားရုံးက သက်သေအထောက်အထားခိုင်လုံရင် အမိန့်ချမယ်။ အမိန့်ချလို့ ထောင်ကျရင် အကျဉ်းဦးစီးကို ပို့မယ်။ ဒါက သူ့ရဲ့ သဘောတရားအတိုင်း သွားနေတာပါ။

ဒါကို ဘေးလူကနေ ခါးပိုက်နှိုက်က သူ့ရဲ့ မိသားစု ကျန်းမာရေး၊ စားဝတ်နေရေးကြောင့် လုပ်ရတာပဲ ဆိုပြီး သွားပြောလို့မရပါဘူး။ ရဲက မတရားဖမ်းဆီးတယ်ဆိုပြီး ပြောလို့မရပါဘူး။ ဒါက ပြုသူရှိလို့ ဖြစ်တာ၊ မပြုဘဲနဲ့ ဒီပြဿနာတွေက ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး တရားသူကြီးကို အပြစ်သွားပြောလို့ မရပါဘူး။ တရားသူကြီးကလည်း သူ့လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်သွားရတာ ဖြစ်ပါတယ်။ အားလုံးက သူ့အကန့်နဲ့သူ သွားတာဖြစ်ပါတယ်။ ဒါကို ပြည်သူတွေက သိရမှာဖြစ်ပါတယ်။

အခုလည်း ဒီအတိုင်းပါပဲ မဲမသမာမှုဖြစ်တယ်။ မဲမသမာမှုဖြစ်တာကို ရွေးကောက်ပွဲရလဒ် အတည်ပြုပေးရေးဆိုပြီး တောင်းဆိုတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ရေးကို တောင်းဆိုတယ်။ ဒါကို သွားပြီး တောင်းဆိုလို့ မရပါဘူး။ ခုနကပြောတဲ့ ဘတ်စ်ကား စီးသလိုပဲ။ အားလုံးဟာ စည်းမျဉ်းစည်းကမ်း၊ ဥပဒေအတိုင်း သွားနေကြတာပါ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မဲမသမာမှုမဖြစ်ခဲ့ပါဘူးဆိုပြီး လမ်းပေါ်က လူတွေကို ကြည့်လိုက်ပါဆိုပြီး လူမှုကွန်ရက်ပေါ်မှာ တင်ကြတယ်။ ဒါဆိုရင် သူတို့ပြောသလို လမ်းပေါ်မှာက သန်း ၂၀ လောက် ရှိနေကြတယ်။ ဒါက NLD ကို ထောက်ခံတဲ့သူတွေ၊ ဒါဆိုရင် လမ်းပေါ်က ပြည်သူတွေကို တစ်ကန့်စီ ပြန်တွက်ရမယ်။

ပြည်သူမှာ ကလေးနဲ့ လူကြီး ရှိပါတယ်။ အဲဒီမှာ မဲပေးခဲ့တဲ့ သန်း ၂၀ ဆိုရင် ကလေးတွေပါ လမ်းပေါ်မှာ မရှိဘူးလား။ ရှိနေတယ်။ မဲမထည့်ရသေးတဲ့ ကလေးတွေ ပါနေတယ်။ ဒီလို အသက်မပြည့်သေးတဲ့ ကလေးတွေကို လမ်းပေါ်မှာ အများကြီးရှိပါတယ်။ ဒါတွေကို သန်း ၂၀ လို့ ပြောလို့မရပါဘူး။ ဒါကြောင့် ရာခိုင်နှုန်းပြန်တွက်ရင် ၁၀ သန်းတောင် ကျန်ချင်မှ ကျန်တော့မှာ ဖြစ်ပါတယ်။ ဒါမျိုးတွေ ပြန်နုတ်ရတော့မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လူဦးရေက ၅၂ သန်း ရှိတယ်ဆိုရင် ကျန်တဲ့ ၃၂ သန်းက မထောက်ခံတဲ့ သူတွေလို့ ကျွန်တော်တို့ တွက်လို့ရပါတယ်။ သူတို့ ချည်းပဲ ဆန္ဒပြကြမယ်။ ကျွန်တော်တို့ မဲပေးခဲ့တယ်။ ဒါကြောင့် မဲမသမာမှုလုပ်တာကို မထောက်ခံနိုင်ဘူး။ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးကို လက်မခံဘူး။ ဘာကြောင့်လဲဆိုတော့ မဲတွေက အများကြီးကို ကွာဟနေပါတယ်။ မြန်မာနိုင်ငံမှာရှိတာက လူဦးရေ ၅၂ သန်း၊ တကယ့်ဆန္ဒမဲလက်မှတ် ရိုက်တာက သန်း ၁၀၀ ကျော်နေပါပြီ။ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ လူဦးရေထက် မဲလက်မှတ်တွေက ပိုများနေပါတယ်။ ရွေးကောက်ပွဲကော်မရှင်က စာရင်းနဲ့ အများကြီးကို ကွာဟနေပါတယ်။ သူတို့ဘက်က တရားပါတယ်လို့ ပြောကြပါတယ်။ ဒါက မတရားပါဘူး။ ကျွန်တော်တို့အနေနဲ့ မတရားတာကို ပြောလို့မရပါဘူး။ အဲဒီလို ဖြစ်နေပါတယ်။ ဒါက အကြောင်းတရားရှိလို့ အကျိုးတရားဖြစ်တာ ဖြစ်ပါတယ်။

မဲမသမာမှုရှိခဲ့လို့ အခု အချုပ်ကျနေတာ ဖြစ်ပါတယ်။ ပြီးရင် အမှုတည်ဆောက်တော့မယ်။ အခု သက်သေတွေကို အမှုစစ်ဆေးနေဆဲ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ကျွန်တော်တို့ ပြည်သူတွေက သည်းခံပြီး စောင့်စားပေးရပါမယ်။

ကျွန်တော့်အနေနဲ့ ပြောရရင် ၈၈ ခုနှစ်တုန်းက ဖခင်ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်နှာနဲ့ နေအိမ်အကျယ်ချုပ်၊ ပုဒ်မကလည်း ဘာမှမရှိတဲ့အတွက် ပုဂ္ဂိုလ်ရေးအရ နေအိမ်အကျယ်ချုပ်အနေနဲ့ ထားခဲ့တာ။ အခုကျတော့ အမှုတွေက တော်တော်လေး များလာပြီ။ နိုင်ငံခြားက မသမာသောနည်းနဲ့ တရားဝင်မဟုတ်ဘဲ ငွေစီးဆင်းမှုတွေက ရှိနေတယ်ဆိုရင် ပြည်ပနိုင်ငံကို သစ္စာခံတာလို့ ခေါ်ပါတယ်။ ဒါဆိုရင် နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်မှု မြောက်သွားပါပြီ။ ဒီအတွက် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ မဖြစ်နိုင်တော့ပါဘူး။ ဒါက ကျွန်တော့်အနေနဲ့ သုံးသပ်တာပါ။

**မေး။** ။ CDM နဲ့ပတ်သက်ပြီး ဆရာ့အတွေ့အကြုံကို ရှင်းပြပေးပါဦး။

**ဖြေ။** ။ ကျွန်တော်တို့ဌာနမှာ CDM လုပ်တာတွေ ရှိပါတယ်။ ကျွန်တော့်ကို ဖုန်းဆက်ပြီး CDM ထဲမှာ ပါဝင်ဖို့ ပြောကြပါတယ်။ ကျွန်တော်က မပါဘူးလို့ ပြောတယ်။ မပါဘူးဆိုတာက ကျွန်တော် မထောက်ခံချင်တဲ့အတွက်ပါ။ ကျွန်တော် အကုန်လုံးကို လေ့လာကြည့်တဲ့အခါ နိုင်ငံရေးအတွက် CDM မှာ ပါဝင်ချင်တယ်ဆိုရင် ကျွန်တော်တို့ ဘာမှမသိဘဲနဲ့ ပါဝင်လို့ မရပါဘူး။

ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးဆိုရင်လည်း မဖြစ်နိုင်ဘူး။ သမ္မတကြီး ဦးဝင်းမြင့် ပြန်လွှတ်ပေးရေးဆိုရင်လည်း လုံးဝမဖြစ်နိုင်ဘူး။ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးဆိုရင်လည်း မဖြစ်နိုင်ဘူး။ သူတို့ တောင်းဆိုလည်း ကျွန်တော့်အနေနဲ့ဆိုရင် မကြိုက်ဘူး။ လက်မခံနိုင်ဘူး။ ဒါက ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောတာပါ။

**မေး။** ။ ၁၉၈၈ ခုနှစ်မှာ ပါဝင်ခဲ့တဲ့ အတွေ့အကြုံကိုလည်း ပြောပြပေးပါဦး။

**ဖြေ။** ။ ကျွန်တော်လည်း ဒီမိုကရေစီရရှိရေးအတွက် အော်ခဲ့ဖူးပါတယ်။ ၁၉၈၈ ခုနှစ်မှာ ကျွန်တော့်အသက် ၁၂ နှစ်၊ ၁၃ နှစ်အရွယ် မြေနီကုန်းမှာ နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အမေက ဓမ္မာရုံလမ်းထိပ်မှာ ပြောင်းဖူးပြုတ်ရောင်းတယ်။ ကျွန်တော်တို့ ငယ်ငယ်က လက်လုပ်လက်စား တော်တော်ဆင်းရဲပါတယ်။ ကျွန်တော့်အစ်မက ဈေးရောင်းနေတဲ့ အမေ့ဆီကို ထမင်းချက်ဖို့ မီးသွေးဖိုး ပိုက်ဆံသွားတောင်းခိုင်းတယ်။ အဲဒီအချိန်မှာ ကျွန်တော်က မြေနီကုန်းဘက်ကနေ တော်လှန်ရေးပန်းခြံဘက် ထွက်သွားတဲ့ လူအုပ်ကို တွေ့ပါတယ်။ ဒီဘက် ဗိုလ်မိုးလမ်းထိပ်မှာ ကျွန်တော့်အမေ ပြောင်းဖူးပြုတ်ရောင်းနေပါတယ်။ လူအုပ်ကြီးနဲ့ တွေ့တဲ့အခါ ကျွန်တော် ဘယ်လိုခံစားရသလဲဆိုတော့ ကြက်သီးတွေ ထသွားတယ်။ အဲဒီခံစားချက်က ဒီနေ့အချိန်ထိပါ။ ကျွန်တော်က ဆွဲခြင်းလေးချပြီး လူအုပ်ကြီးနဲ့ လိုက်သွားပြီး တို့အရေး အော်ခဲ့ပါတယ်။ ကျောင်းစိမ်းဝတ်စုံလေးနဲ့ပါ။ အပေါ်က အဖြူအင်္ကျီလေးချွတ်လိုက်ပြီး တီရှပ်လေးနဲ့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရောက်သွားတယ်။ အဲဒီမှာ လူစုကွဲသွားတယ်။

စာမျက်နှာ ၂၅ သို့ ❍

## ခရမ်းမြို့နယ်၌ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး



**ခရမ်း မတ် ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၂၂ ရက် နံနက်ပိုင်းမှစ၍ ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ ဓမ္မာရုံ၌ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကို ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးပြီးနောက် ပုံမှန်အနေအထားရောက်မှသာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးပြီး ဆေးထိုးနှံသူများကို မိနစ် ၃၀ ခန့် အနားယူစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် ကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိပြီး ခရမ်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၂၂ ရက်မှစတင်၍ နေ့စဉ်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

○ စာမျက်နှာ ၂၄ မှ

တစ်ဖက်က မြို့တော်ခန်းမကို သွားကြတယ်။ ကျွန်တော်ကတော့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ပါသွားပြီး ဘုရားမှာ တံခါးပိတ်ထားတဲ့အတွက် ညအထိ စောင့်ပါတယ်။ ည ၁၀ နာရီ လောက်မှာ ဘုရားပေါ် တက်ခွင့်ရသွားပါတယ်။ ညရောက်တော့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်ဟိန်းကကျွေးတဲ့ အင်ဖက်လေးနဲ့ ထမင်းထုပ်ကို စားခဲ့ရပြီး တစ်ညအိပ်ကြပါတယ်။ မနက်ပိုင်းကျတော့ ရွှေတိဂုံအရှေ့ဘက်မုခ်ကနေ ဆင်းပြီး ဓမ္မစေတီလမ်းပေါ်ကို သွားတဲ့အချိန် ပစ်တဲ့အခါ ကျွန်တော်လည်း နောက်ကြောင်းပြန်လှည့်ပြီး အင်းလျားလမ်းဘက်ကို ပြေးခဲ့ပါတယ်။ စက်မှုလက်မှုအထက်တန်းကျောင်းဘေးက ဘုန်းကြီးကျောင်းဝင်းထဲကို ဝင်ပြေးပါတယ်။ တပ်က လိုက်ပြီး ဖမ်းပါတယ်။ ပုန်းနေတဲ့သူတွေ အကုန်ထွက်ရပါတယ်။

အဲဒီအချိန်မှာ စစ်သားတစ်ယောက်က ကျွန်တော့်ကို မင်းလာဦးလို့ ခေါ်ပါတယ်။ မင်းက ဘယ်ကလဲလို့ မေးတဲ့အခါ မြေနီကုန်း မြေနီခြံကလို့ဖြေတော့ နီးနီးလေးပဲ၊ မင်းပြန်တော့လို့ ပြောပါတယ်။ ကျွန်တော်က မပြန်တတ်ဘူးလို့ ပြောတဲ့အခါ မပြန်တတ်ရင် မင်းတစ်နေရာမှာ သွားပုန်းနေ၊ ငါတို့ ပြန်ထွက်သွားပြီးမှ ပြန်တော့လို့ ပြောပါတယ်။

### ဒီနေ့အထိ အသက်ရှင်နေ

ဒီတပ်မတော်သားရဲ့ ကျေးဇူးကြောင့် ကျွန်တော် ဒီနေ့အထိ အသက်ရှင်နေတာပါ။ ကျွန်တော် ဘုန်းကြီးကျောင်းထဲ ဝင်နေပြီး မနက်ဈေးမှာ ဈေးလာရောင်းတဲ့ ကပွဲယကနေ ခေါ်ထားခဲ့ပါတယ်။ သူ့မှာ နောက်ထပ် ကျောင်းသားသုံးယောက်လည်း ရှိပါတယ်။ သူတို့ကို ဒီအတိုင်း ပြန်ခိုင်းလိုက်ပါတယ်။ ကျွန်တော်က ငယ်တဲ့အတွက် ဦးဝိစာရလမ်းဘက်ကို ကူးပြီး မနက်ဈေး နောက်ကျောမှာရှိတဲ့ မြေနီခြံဘက်ကို လိုက်ပို့ပေးပါတယ်။

၁၉၈၈ ခုနှစ်မှာ ပစ်တယ်။ တော်တော်လေး ကြမ်းပါတယ်။ ကျွန်တော် ဆက်ပါသွားရင် သေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြေပေါ်မြေအောက် အဖျက်သမားတွေက အများကြီး ပါဝင်နေပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင်လက်ထက် တပ်မတော်သားတွေရဲ့ ကျေးဇူးကြောင့် ဒီနေ့အချိန်မှာ ကျွန်တော် ပြောခွင့်ရတာပါ။ တပ်မတော်သားတွေကလည်း လူသားတွေပါ။ ဥပဒေအရ လုပ်ကြရတာပါ။ အမိန့်ကိုလည်း လွန်ဆန်လို့မရဘူး။ ဒါပေမယ့် ကျွန်တော်တို့လို ပြန်လွှတ်ပေးခဲ့တဲ့ ကျောင်းသားတွေ ရှိပါတယ်။ ဒါတွေက ကျွန်တော် တကယ်ကြုံတွေ့ခဲ့ရတာပါ။

### ခြိမ်းခြောက်တာရှိ

ကျွန်တော်က ပြည်သူတစ်ယောက်အနေနဲ့ ပြောပြတာပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အမျိုးမျိုးပြောကြတယ်။ အရင်အခြေအနေထက် အများကြီး ပျော့ပျောင်းပါတယ်။ CDM မပါတဲ့ လူတွေကို ခြိမ်းခြောက်တာရှိပါတယ်။ ဒါဆို မပါတဲ့လူတွေက တောခိုရမှာလား။ ဒါက ၁၉၈၈ ခုနှစ် ကွာတာပါ။ ၁၉၈၈ ခုနှစ်တုန်းက ငါနဲ့မတူ ငါ့ရန်သူဆိုတာ မရှိပါဘူး။ တောင်းဆိုတဲ့သူတွေက တစ်ခုပဲ တောင်းဆိုပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က တစ်ပါတီစနစ်ပြုတ်ကျရေး တစ်ခုတည်းပါ။ စစ်တပ်ပြုတ်ကျရေး မဟုတ်ပါဘူး။ အာဏာရှင်စနစ်ပြုတ်ကျရေး ဖြစ်ပါတယ်။

အာဏာရှင်ဆိုတာ ပြည်သူက တင်မြှောက်ထားတဲ့ အစိုးရကလည်း အာဏာရှင် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ၁၉၈၈ ခုနှစ်နဲ့ အများကြီးကွာပါတယ်။ အခုလူတွေ သေနေတာကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဘူး။ ခံစားရပါတယ်။ ကျွန်တော်တို့အရွယ်လူလတ်ပိုင်းတွေ သေကြေနေကြသလို လူငယ်လေးတွေလည်း သေနေကြပါတယ်။ သူတို့ မသေသင့်ပါဘူး။ ၁၉၈၈ ခုနှစ်မှာ ဒီမိုကရေစီရရှိရေး အော်ခဲ့ပေမယ့် ဒီမိုကရေစီဆိုတာ ဘာမှန်းမသိဘူး။ မသိဘဲနဲ့ ဒီမိုကရေစီရရှိရေးလို့ အော်ခဲ့ပြီး အသေခံသွားကြပါတယ်။ အခု ကလေးတွေကလည်း ဒီမိုကရေစီဆိုတာ၊ လူ့အခွင့်အရေးဆိုတာ ဘာမှန်းမသိဘဲနဲ့ သူတို့အော်ကြတယ်။ မသေသင့်ဘဲသေတယ်။ ဒုက္ခမရောက်သင့်ဘဲ ရောက်တယ်။ တချို့ဆို နယ်စပ်မှာ ရောင်းစားခံရတယ်လို့ သတင်းတွေလည်း ကြားရတယ်။ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီကနေ ကြေညာတာလည်း ကြားရပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

❐ ရန်ကုန်မြို့ပတ်ရထားမှ

ဆက်လက်ထွက်ခွာခဲ့ပြီး ဘူတာစဉ် ဖြတ်သန်းပြီးနောက် မင်္ဂလာဒုံဘူတာသို့ နံနက် ၁၁ နာရီ ၅ မိနစ် ရောက်ရှိ၍ ဆက်လက်ထွက်ခွာခဲ့ရာ အင်းစိန်ဘူတာသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

### ကြုံတွေ့ခဲ့

ဤသို့ ရထားပြန်လည်ပြေးဆွဲမှုဆောင်ရွက်စဉ်အတွင်း ကြို့ကုန်းဘူတာနှင့် သမိုင်းမြို့သစ်ဘူတာအကြား၊ သမိုင်းမြို့သစ်ဘူတာနှင့် သမိုင်းဘူတာအကြား၊ ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာအကြား၊ ကမာရွတ်ဘူတာလမ်းကူး၊ ရွာမကျောင်းလမ်းဘူတာလမ်းကူး၊ ပုရွက်ဆိတ်ကုန်းဘူတာနှင့် ဥက္ကလာပဘူတာအကြား၊ အင်းစိန် DRC စက်ခေါင်းရုံဝင်းအတွင်းတို့တွင် ရထားပြေးဆွဲမှုကို အန္တရာယ်ဖြစ်စေနိုင်သည့် အဖျက်အမှောင့်များအဖြစ် ရထားပြေးလမ်းပေါ်သို့ ကွန်ကရစ်ဇလီဖားတုံးများ၊ ရထားသံလမ်းဟောင်းများ ကန့်လန့်ဖြတ်တင်ခြင်း၊ ကျောက်တုံး၊ ကျောက်ခဲများတင်ထားခြင်း၊ သစ်လုံးများ ကန့်လန့်ဖြတ်တင်ထားခြင်းနှင့် ဘရိတ်သံဆူးကြိုးများ ပိတ်ဆို့ထားခြင်း စသည်တို့ကို ကြုံတွေ့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးခဲ့သဖြင့် ရထားမှာ ခရီးဆုံးဘူတာသို့ အောင်မြင်စွာ ပြေးဆွဲနိုင်ခဲ့သည်။

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားက သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်မှုနှင့် လားရာအကျိုးဆက်

**မျိုးငြိမ်းငယ်**

အခုရက်ပိုင်းတွေအတွင်း လူမှုကွန်ရက်တွေ ကြည့်ရတာ စိတ်မချမ်းသာလှပါဘူး။ မတွေ့လို၊ မကြားလို၊ မဖတ်လိုသော်လည်း တွေ့နေရ၊ ကြားနေရ၊ ဖတ်နေရပါတယ်။ ပြောသူ၊ အပြောခံရသူနဲ့ ကြားနေသူ ဘယ်သူမှ စိတ်ချမ်းသာမယ်မထင်ပါဘူး။ အဲဒီလို ဘယ်သူ့ကိုမှ အကျိုးမပြုဘဲ သက်ဆိုင်သူတွေကိုရော မသက်ဆိုင်သူတွေကိုပါ ခြိမ်းခြောက်နေတာကတော့ လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်နေကြခြင်းပဲ ဖြစ်ပါတယ်။ လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်ရာမှာ လူကိုယ်တိုင်ခြိမ်းခြောက်အနိုင်ကျင့်တာတွေအပြင် အွန်လိုင်းပေါ်ကနေ ခြိမ်းခြောက်အနိုင်ကျင့်တဲ့ ဆိုက်ဘာအနိုင်ကျင့်မှုတွေ လုပ်လာကြပါတယ်။

**ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်မှု**

အခုနောက်ပိုင်း အတွေ့များလာတာက ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်မှုတွေပဲ ဖြစ်ပါတယ်။ ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်မှုဆိုတာကတော့ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုပြီး အနိုင်ကျင့်ခြင်းဖြစ်ပါတယ်။ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်တာကို မိုဘိုင်းဖုန်းတွေ၊ ဂိမ်းပလက်ဖောင်းတွေ၊ စာတိုပေးပို့တဲ့နည်းလမ်းတွေနဲ့ လူမှုကွန်ရက်တွေပေါ်မှာ လုပ်ဆောင်ကြပါတယ်။ ဆိုက်ဘာအနိုင်ကျင့်တာဟာ ထပ်ကာထပ်ကာ ပြုလုပ်တတ်တဲ့ အမူအကျင့်ဖြစ်ပြီး မိမိအနိုင်ကျင့်တိုက်ခိုက်လိုသူတွေကို ခြိမ်းခြောက်ဖို့၊ ကြောက်ရွံ့လာစေဖို့၊ ဒေါသထွက်စေဖို့ ဒါမှမဟုတ် အရှက်ရစေဖို့ ရည်ရွယ်ကြတာပါ။ ဥပမာအားဖြင့် လူမှုမီဒီယာတွေပေါ်မှာ တစ်စုံတစ်ယောက်ရဲ့ အရှက်ရဖွယ်ဓာတ်ပုံတွေကို လိမ်လည်ဖြန့်ဝေတာ ဒါမှမဟုတ် ဖော်ပြတာ၊ စာတိုပေးပို့တဲ့နည်းလမ်းတွေက တစ်ဆင့် ထိခိုက်စေတာ၊ ခြိမ်းခြောက်တာ၊ တစ်စုံတစ်ယောက် အယောင်ဆောင်ပြီး အခြားသူတွေတွေဆီ မဖွယ်မရာစာတိုတွေ ပေးပို့တာတွေပါဝင်ပါတယ်။

ဒါပေမယ့် ဆိုက်ဘာခြိမ်းခြောက်ခြင်းဟာ မှတ်တမ်းမှတ်ရာတွေ ကျန်ရှိစေတာကြောင့် ခြိမ်းခြောက်အနိုင်ကျင့်တာတွေ ဟန့်တားဖို့၊ ရပ်တန့်စေဖို့ ဥပဒေကြောင်းအရဖြစ်စေ၊ ကျင့်ဝတ်အရဖြစ်စေ သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်ပါတယ်။

**လွတ်လပ်စွာသဘောကွဲလွဲခွင့်**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီးနောက်ပိုင်း ပြင်ပလောကမှာသာမက လူမှုကွန်ရက်ပေါ်မှာလည်း အုပ်စုကွဲတွေဖြစ်ပေါ်လာနေတာ အားလုံးသိပြီးဖြစ်ပါတယ်။ သူ့ဘက်ကိုယ့်ဘက် အုပ်စုကွဲတွေရှိသလို ဘယ်ဘက်မှမပါဘဲ အေးအေးချမ်းချမ်းဖြစ်လိုတဲ့ ကြားနေအုပ်စုတွေလည်း တွေ့ရပါတယ်။

လူတစ်ကိုယ် စိတ်တစ်မျိုးဖြစ်လို့ အားလုံးဟာ တစ်ပြေးညီ မတူညီနိုင်ပါဘူး။ ကိုယ့်ရဲ့ကိုယ်ပိုင်ဖြစ်တဲ့ လက်ချောင်းတွေတောင်မှ အတိုအရှည်မညီတာ၊ ကိုယ့်မိသားစုအတွင်းမှာတောင် အကြိုက်ချင်း၊ သဘောထားချင်း ထပ်တူမကျနိုင်တာ ကျန်တဲ့သူတွေ အားလုံးနဲ့လည်း ထပ်တူကျနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လောကဖန်ဆင်းရှင်တွေကလည်း လောကကြီးကို မတူညီတဲ့သဘာဝတွေနဲ့ ဖန်တီးထားခဲ့တာကို သတိပြုဖို့လိုပါတယ်။ အပူအအေး၊ အဖိုအမ၊ အနိမ့်အမြင့်၊ အဖြူအမည်း၊ ငိုခြင်းရယ်ခြင်း၊ အတိုအရှည်စတဲ့ ဆန့်ကျင်ဘက်သဘောတွေရှိသလို ဆန့်ကျင်ဘက်မဟုတ်ပေမယ့် ထပ်တူမကျတဲ့ မတူညီမှုတွေလည်း ရှိနေပါတယ်။ ဒါပေမယ့်လည်း ကိုယ်နဲ့ဘက်မတူလို့၊ ကိုယ့်ဘက်မပါလို့၊ ကိုယ်လုပ်တဲ့အတိုင်း မလုပ်လို့ဆိုပြီး ဘက်မတူသူတွေကိုရော ကြားနေသူတွေကိုပါ လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်လာတာတွေ လုပ်လာပါတော့တယ်။

**ဒီမိုကရေစီစနစ်မှာ ဆန္ဒပြတာ မထူးဆန်းပါဘူး။ ပြည်သူတစ်ယောက်ရဲ့ဆန္ဒကို ထုတ်ဖော်တာ၊ ပြည်သူ့အသံကို ထုတ်ဖော်တာ ဒီမိုကရေစီအခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူတစ်ယောက်ရဲ့အခွင့်အရေးကိုအသုံးပြုပြီး သဘောထားမတိုက်ဆိုင်သူတွေ၊ အပြစ်မဲ့သူတွေအပေါ် လွဲမှားတဲ့နည်းလမ်းတွေ၊ အကျင့်စရိုက်တွေနဲ့ ပြုလုပ်နေခြင်းကတော့ ဒီမိုကရေစီနဲ့ဆန့်ကျင်ရာကို ဦးတည်နေခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ဥပဒေမဲ့၊ ကျင့်ဝတ်သိက္ခာမဲ့လုပ်နေကြမယ်ဆိုရင် အကျိုးမဲ့စေတဲ့အပြင် အလုံးစုံပျက်စီးခြင်းကို ဖြစ်ပွားစေနိုင်တာ သတိပြုကြရမှာပါ။**

အချို့ဆိုရင် ဗုဒ္ဓဘာသာဝင်တွေဖြစ်နေပါလျက် မွေးမိခင်၊ ကျွေးဖခင်ဖြစ်တဲ့ မိဘတွေကိုပါ စော်ကားမှုတွေ တွေ့ရတော့ လွန်စွာအံ့သြမိပါတယ်။ အရင်ကတော့ ကွန်မြူနစ်တွေ လုပ်ခဲ့တယ်ဆိုတာကိုတော့ ဖတ်ဖူးမှတ်ဖူးပါတယ်။ အခုတော့ ကိုယ်တိုင်ကြုံရပါတော့တယ်။ ဗုဒ္ဓသာဘာမှာတော့ ဒေဝဒတ်ကို ဆရာတင်ခဲ့တဲ့ အဇာတသတ်က ဖခင်ဘုရင် ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့တဲ့အကြောင်း ဖတ်မှတ်ဖူးပါတယ်။ ဖတ်ကြည့်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

**ဒီလိုမတူညီတဲ့ သဘာဝတွေအကြား ဒီနေ့ခေတ်ကျင့်သုံးနေကြတဲ့ သဘောတရား we agree to disagree လိုပါပဲ။** သဘောထားမတိုက်ဆိုင်တာတွေကို နားလည်လက်ခံပေးဖို့ လိုပါတယ်။ လွတ်လပ်စွာသဘောကွဲလွဲခွင့်ကို နားလည်လက်ခံပေးကြရမှာပါ။ ဒါပေမဲ့လည်း အခုတွေ့မြင်နေရတာကတော့ လွတ်လပ်စွာ သဘောကွဲလွဲခွင့်အစား လွတ်လပ်စွာ မိုက်ရိုင်းခွင့်တွေနဲ့ ကိုယ့်ရဲ့အတ္တ၊ ကိုယ့်ရဲ့လိုလားချက်ကိုပဲ ဦးစားပေးပြီး သူတစ်ပါးကို လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်နေတာတွေကို တွေ့နေရပါတယ်။

**အဲဒီသဘောထားကွဲလွဲမှုတွေကို ကိုယ့်အယူအဆနဲ့မကိုက်လို့၊ ကိုယ့်သဘောထားနဲ့ မတူလို့၊ ကိုယ့်အုပ်စုဘက် မလိုက်လို့ဆိုတဲ့ ငါအစွဲပေတံတွေနဲ့ တိုင်းတာပြီး ကျန်တဲ့သူအားလုံးကို ပြင်ပမှာ လူမှုရေးအနိုင်ကျင့်မှုတွေလုပ်လာသလို လူမှုကွန်ရက်မှာလည်း လူမှုရေးအနိုင်ကျင့်မှုတွေ လုပ်လာတာတွေအပြင် အထူးသဖြင့် အေးအေးဆေးဆေးနေလိုတဲ့ ကြားလူတွေ၊ အပြစ်မဲ့ကလေးတွေကိုပါ Cyber bullying လုပ်လာတာတွေ့ရ။**

**အပြစ်မဲ့ကလေးငယ်တွေကို ခြိမ်းခြောက်အနိုင်ကျင့်နေ**

အဲဒီသဘောထားကွဲလွဲမှုတွေကို ကိုယ့်အယူအဆနဲ့မကိုက်လို့၊ ကိုယ့်သဘောထားနဲ့ မတူလို့၊ ကိုယ့်အုပ်စုဘက်မလိုက်လို့ဆိုတဲ့ ငါအစွဲပေတံတွေနဲ့ တိုင်းတာပြီး ကျန်တဲ့သူအားလုံးကို ပြင်ပမှာ လူမှုရေးအနိုင်ကျင့်မှုတွေလုပ်လာသလို လူမှုကွန်ရက်မှာလည်း လူမှုရေးအနိုင်ကျင့်မှုတွေ လုပ်လာတာတွေအပြင် အထူးသဖြင့် အေးအေးဆေးဆေးနေလိုတဲ့ ကြားလူတွေ၊ အပြစ်မဲ့ကလေးတွေကိုပါ Cyber bullying လုပ်လာတာ တွေ့ရပါတယ်။

ဒီမိုကရေစီသဘောနဲ့ဆိုရင် ကိုယ်ကြိုက်တာ လုပ်ပိုင်ခွင့်ရှိပေမယ့် သူတစ်ပါးအခွင့်အရေးကို ထိခိုက်တာ၊ လူ့ဝန်းကျင်အခွင့်အရေးထိခိုက်တာတွေကို ဥပဒေအရဖြစ်စေ၊ ကျင့်ဝတ်အရဖြစ်စေ လုပ်ခွင့်မရှိပါဘူး။ ဥပဒေကြောင်းအရ ပြစ်မှုမြောက်သလို ကျင့်ဝတ်အရလည်း လူမှုကျင့်ဝတ်ကို ဖောက်ဖျက်ခြင်း ဖြစ်ပါတယ်။

အပြစ်မဲ့ငယ်ရွယ်တဲ့သားသမီးတွေကို ဖော်ပြခြိမ်းခြောက်နေတာတွေကို တွေ့မြင်ရတော့ လွန်စွာဆိုးရွားတဲ့လုပ်ရပ်၊ မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်တွေလို့ ဆိုရမှာပါ။ ဒီနေရာမှာ ကိုယ်ချင်းစာတရားရှိကြမယ်ဆိုရင်ဆိုတဲ့အတွေး ပေါ်လာမိပါတယ်။ ကိုယ်နဲ့ကိုယ့်သားသမီးတွေကို သူတစ်ပါးက ဒီနည်းတွေနဲ့ ခြိမ်းခြောက်အနိုင်ကျင့်လာခဲ့ရင် မိမိကိုယ်တိုင် ဘယ်လိုခံစားရမလဲဆိုတာ ကိုယ်ချင်းစာသင့်ပါတယ်။

လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအမြင်မတူတာတွေ၊ စိတ်ဝမ်းကွဲတာတွေ၊ ဆန္ဒထုတ်ဖော်တာတွေဆိုတာ သူ့အမြင် ကိုယ့်အမြင်၊ သူ့အယူအဆ ကိုယ့်အယူအဆ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ပါတယ်။ သဘောထားတွေကွဲလွဲလို့လည်း ဆန္ဒပြတာတွေ၊ သပိတ်မှောက်တာတွေ လုပ်နေကြတာပါ။ ဒါပေမယ့် ကြွက်မနိုင် ကျီမီးရှို့ဆိုတာလို အေးချမ်းစွာနေလိုသူတွေ၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတဲ့သူတွေ၊ အပြစ်မဲ့ကလေးငယ်တွေကို လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်တာဟာ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေပါတယ်။ ဒီလိုလုပ်တဲ့အကျိုးဆက်ကတော့ မုန်းတီးမှုတွေ၊ အာဃာတတွေ၊ လက်စားချေမှုတွေစတဲ့ တုံ့ပြန်မှုတွေဖြစ်လာနိုင်ပါတယ်။

**တားဆီးရေးလုပ်ဆောင်နေ**


လူတစ်ယောက်ဟာ အခြားနေရာတွေအပြင် မိမိ နေအိမ်မှာနေစဉ်မှာပဲ အွန်လိုင်းပေါ်ကနေ ခြိမ်းခြောက်အနိုင်ကျင့်ခံရပြီဆိုရင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေသလို အဲဒီခြိမ်းခြောက်အနိုင်ကျင့်မှုတွေကနေ မလွတ်မြောက်နိုင်တော့ဘူးလို့ ယူဆလာနိုင်ပါတယ်။ အဲဒါရဲ့ အကျိုးသက်ရောက်မှုတွေဟာ ကာလကြာရှည်ဖြစ်တတ်ပြီး လူတစ်ယောက်ကို စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာအရ နည်းလမ်းပေါင်းစုံနဲ့ ထိခိုက်စေနိုင်ပါတယ်။ ကမ္ဘာမှာလည်း အပြစ်မဲ့ကလေးသူငယ်တွေအပေါ် လူမှုရေးခြိမ်းခြောက်တာတွေ တိုးမြင့်လာလို့ ဆိုက်ဘာအနိုင်ကျင့်မှု ပပျောက်ရေးတွေကို ကမ္ဘာ့ကုလသမဂ္ဂနဲ့ ယူနီဆက်တို့က ဆောင်ရွက်နေတာရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကျောင်းတွေ ပူးပေါင်းပြီး ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်မှု တားဆီးရေး လုပ်ဆောင်နေတာ ရှိပါတယ်။

မြန်မာ့လူမှုပတ်ဝန်းကျင်၊ မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာ့ဓလေ့ထုံးတမ်းတို့ဟာ ယဉ်ကျေးသိမ်မွေ့ကြပါတယ်။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဆိုတဲ့ ဆိုဆုံးမစကားတွေနဲ့ ကြီးပြင်းခဲ့ကြရတာပါ။ ဒီလို ကျင့်ဝတ်တွေ၊ ဘာသာရေး အဆုံးအမတွေကို မျက်ကွယ်ပြုပြီး အွန်လိုင်းပေါ်ကနေ social bullying လုပ်နေတာ၊ CDM မလုပ်တဲ့သူတွေကို ရုပ်ပုံတွေနဲ့ဖော်ပြနေတာ၊ တစ်ဖက်သား အရှက်ရအောင် လူမြင်ကွင်းမှာ အော်ဟစ်ပြောဆိုနေတာတွေဟာ မိမိဖြစ်ချင်လိုတဲ့ အတ္တတစ်ခုတည်းကိုကြည့်ပြီး လုပ်ဆောင်နေတာလို့ ကောက်ချက်ချရမှာပါ။ တာဝန်ရှိသူတွေအနေနဲ့ရော ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းတားဆီးကြဖို့ လိုပါတယ်။

စာမျက်နှာ ၂၇ သို့❖

**ဒီလိုမဟုတ်ဘဲ လွတ်လပ်စွာသဘောကွဲလွဲခွင့်ကို လျစ်လျူရှုပြီး မိမိအတ္တတစ်ခုတည်းကို ဇဟိုပြုကာ အခြားသူတွေကို လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ခြိမ်းခြောက် အနိုင်ကျင့်နေတာဟာ ပြည်သူအချင်းချင်းအကြား၊ ဝန်ထမ်းအချင်းချင်းအကြား၊ မိတ်ဆွေအပေါင်းအသင်းတွေအကြား၊ မိသားစုဝင်တွေအကြား ပဋိပက္ခတွေ ပိုမိုကြီးမားလာနိုင်ပါတယ်။ ဒီလိုသာ ပဋိပက္ခတွေ၊ သဘောကွဲလွဲမှုတွေ ပိုကြီးလာမယ်ဆိုရင် မိမိတို့လိုလားချက်လည်း မပြည့်ဝနိုင်သလို အဆိုးသံသရာထဲမှာပဲ ပိုမိုနစ်မွန်းသွားနိုင်။**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနယ်မြေအတွင်းသို့ သွားရောက်မည့် လူငယ် ၁၄ ဦး ဖမ်းဆီးရမိ



နေပြည်တော် မတ် ၂၄

အကြမ်းဖက် ဆန္ဒပြရာတွင် ပါဝင်သော လူငယ်များအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်၍ ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည် ဖြစ်ကြောင်း တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေးပို့ချက်အရ သတင်းရရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ နယ်မြေများအလိုက် လုံခြုံရေး လုပ်ငန်းများ အထူးကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက် နံနက် ၁၁ နာရီခန့်တွင် လှည်းကူးမြို့နယ် Zero မိုင်တိုင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ရန်ကုန်ဘက်မှ ယာဉ်မောင်း လှဝင်း(၃၂) နှစ် (ဘ) ဦးခင်ညွန့် တောင်ကြီးကျေးရွာ တောင်စွန်းမြို့နယ် မောင်းနှင်လာသည့် ယာဉ်အမှတ် KYN/GG-5378 Probox ယာဉ်နှင့် ယာဉ်မောင်း သောင်းဒန်စိုး (၄၇) နှစ် (ဘ) ဦးကျော်လှိုင် ချောင်းပြန်ကျေးရွာ ဘီးလင်းမြို့နယ် မောင်းနှင်သည့် ယာဉ်အမှတ် KYN / GG-4388 Probox ယာဉ် နှစ်စီးအား မသင်္ကာ၍ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ချစ်စမ်းမောင် (၂၄) နှစ် (ဘ) ဦးသန်းထွန်းအောင် ဘုရားကုန်း ရပ်ကွက် သန်လျင်မြို့နယ်၊ ညွန့်ဉာဏ်ပိုင် (၂၃) နှစ် (ဘ) ဦးဝင်းညွန့် ထားဝယ်လမ်း (၂၅) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ သီဟစိုး (၂၁) နှစ် (ဘ) ဦးစိုးမြင့် လှည်းဆိပ်ကျေးရွာ ဒလမြို့နယ်၊ ရှိုင်းမြတ်အောင် (၂၃) နှစ် (ဘ)ဦးဝင်းနိုင် အမှတ် (၁၉၈) (ဃ)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်၊ သူရိန်လင်း (၂၄) နှစ် (ဘ)ဦးရင်ထွန်း မဟာမြိုင်ကန်ဦး ကျောင်းလမ်း ကျိုက်ဒေးဝ ရပ်ကွက် သန်လျင်မြို့နယ်၊ မင်းသူ(၃၂) နှစ် (ဘ) ဦးကျော်မြင့် တာဝကညင်ပင်ကျေးရွာ သန်လျင်မြို့နယ်၊ ရဲမြတ်ရွှေ(၂၉) နှစ် (ဘ) ဦးရွှေလှ အခန်း(၂၀၆) တိုက်(၃) မဟာဗန္ဓုလ(င)အိမ်ရာ (၁၇) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ကျော်စွာဦး(၃၁)နှစ် (ဘ) ဦးအေးသော် နွယ်နီလမ်း (၅၄) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူတို့အား တွေ့ရှိရပြီး ၎င်းတို့သည် ဘီးလင်းမြို့မှတစ်ဆင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေ အတွင်းသို့ သွားရောက်မည် ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုင်ငံရေးနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အသုံးချခံ သားကောင်မဖြစ်စေရေးအလို့ငှာ ကာယကံရှင် မိသားစုများ၏ ကိုယ်စား ထိန်းသိမ်းခဲ့သည်။

ဆက်စပ်သတင်းများအရ ဝေယံမင်းဦး (၃၀) နှစ် (ဘ) ဦးဝင်းချို ဦးပုညလမ်း (၁၆)ရပ်ကွက် လှိုင်သာယာမြို့နယ်၊ ကျော်ထွန်းလင်း (၄၇) နှစ် (ဘ) ဦးကျော်အေး (၃)ထိပ် ဗိုလ်ချုပ်လမ်း (၁/၁၂) ရပ်ကွက် လှိုင်သာယာမြို့နယ်နှင့် ဇော်လွင်(၄၄) နှစ် (ဘ) ဦးသောင်းကြည် မဟော်သဓာလမ်း (၁) ရပ်ကွက် လှိုင်သာယာမြို့နယ် နေသူတို့ကိုလည်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဂိတ်ဟောင်း မှတ်တိုင်အနီး၌ ယာဉ်အမှတ် YGN / 7Q-2854 CRETA အမျိုးအစား မော်တော်ယာဉ်နှင့်အတူ မတ် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အချိန်မီ ထိန်းသိမ်းနိုင်ခဲ့သည်။

ထိန်းသိမ်း ခံရသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် NLD ပါတီဝင်များဖြစ်ပြီး ရန်ကုန်မြို့တွင်း ဆန္ဒပြပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ကြောင်း၊ ထို့နောက် အဖွဲ့အတွင်းရှိ သက်ပိုင်ရှိန်းနှင့် အောင်ပြည့်စုံဆိုသူတို့၏ စည်းရုံးလှုံ့ဆော်မှုဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ခု၏ နယ်မြေအတွင်းသို့ ဖောက်ခွဲရေး သင်တန်းတက်ရောက်ရန် သဘောတူညီမှုရရှိခဲ့ပြီး Zero မိုင်တိုင်တွင် ရောက်ရှိစုရုံးနေစဉ် လုံခြုံရေးအဖွဲ့များ၏ ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ၎င်းတို့အား လာရောက်ကြိုဆိုသည့် မော်တော်ယာဉ် တစ်စီးသည် ဘီးလင်းမြို့ဘက်သို့ ပြန်လည်မောင်းနှင်ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် လုံခြုံရေးအဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေခဲ့ရာ ညောင်ခါးရှည်လမ်းဆုံတွင် ယာဉ်မောင်း နေလင်းအောင် (၃၅) နှစ် (ဘ) ဦးခင်ဇော် ကော့ကဒွတ်ကျေးရွာ ဘီးလင်းမြို့နယ်နေသူအား ယာဉ်အမှတ် GG-3513 Probox ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

နေလင်းအောင်၏ ထွက်ဆိုချက်အရ မြဝတီမြို့နယ် လေးကစ်ကော်မြို့သစ်နေ လှမင်း (၄၀) နှစ်၏ ချိတ်ဆက်ပေးမှုအရ ရန်ကုန်မြို့မှ မြဝတီမြို့သို့ အကြောင်း အမျိုးမျိုးဖြင့် လာရောက်တိမ်းရှောင်သူများအား အခကြေးငွေရယူ၍ ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ထိန်းသိမ်းရမိသူများ၏ ပြောကြားချက်များအရ ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ပြီး ဖောက်ခွဲရေး သင်တန်းတက်ရောက်၍ အကြမ်းဖက် လုပ်ရပ်များ ဆောင်ရွက်ရန် ငွေကြေး အထောက်အပံ့များ ရယူရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် စည်းရုံးနေကြသူများ ဖြစ်သော လှမင်း(၄၀) နှစ် လေးကစ်ကော်မြို့သစ် မြဝတီမြို့နယ်၊ စည်သူအောင် ဘုရားကြီးဈေး (၃)လမ်း ဘုရားကုန်းရပ်ကွက် သန်လျင်မြို့၊ နန္ဒအောင် ဘုရားကြီးဈေး (၁) လမ်း ဘုရားကုန်း ရပ်ကွက် သန်လျင်မြို့၊ သီဟဦးပေါ ညောင်ပင်လမ်း ဘုရားကုန်း ရပ်ကွက် သန်လျင်မြို့၊ စိုးကြီး မာလကာလမ်း ဘုရားကုန်း ရပ်ကွက် သန်လျင်မြို့၊ အောင်ပြည့်စုံ NLD ပါတီ လူငယ် လုပ်ငန်းတာဝန်ခံ တာဝကျေးရွာ ကညင်ပင် (၃) လမ်း သန်လျင်မြို့၊ ထူးထူး လက်ယက်စမ်းကျေးရွာ သန်လျင်မြို့၊ ပါဝါ ဘုရားကြီး (၂) လမ်း ဘုရားကုန်းရပ်ကွက် သန်လျင်မြို့၊ ဝင်းကို NLD ပါတီ လူငယ်လုပ်ငန်းအဖွဲ့ နတ်စင်ကုန်း ၃ လမ်း (၁၅)ပေရပ်ကွက် သန်လျင်မြို့၊ သန်းတိုးအောင် (၂၇) နှစ် NLD သတင်းနှင့် ပြန်ကြားရေးရာမှူး စော်ဘွားမှတ်တိုင်အနီး လမ်းသွယ် တစ်ထပ်တိုက် လက်ယက်စမ်းကျေးရွာ သန်လျင်မြို့၊ ဖြိုးလေး(၂၅) နှစ် NLD ပါတီလူထုလူတန်းစားရေးရာမှူး ဘုရားကုန်းကျေးရွာ မဂ္ဂင်လမ်း သန်လျင်မြို့ ၊ ဦးတင်ဝင်း(၅၅) နှစ် NLD ပါတီမြို့နယ်စည်းရုံးရေးမှူး တောင်ဒဂုံမြို့နယ်နှင့် သက်ပိုင်ရှိန်း NLD ပါတီ လူငယ်လုပ်ငန်း တာဝန်ခံ ဝါယာလက် မင်္ဂလာဒုံမြို့နယ်နေသူတို့အား ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ခဲ့သူများကို ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသော နေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❖စာမျက်နှာ ၂၆ မှ

**ဒီမိုကရေစီဆန့်ကျင်ဘက်**

ဒီမိုကရေစီကို လိုလားသူဟာ ဒီမိုကရေစီသဘောတရားတွေ၊ အကျင့်တရားတွေကို လေးစားလိုက်နာမှ ဒီမိုကရေစီလိုလားသူလို့ ဆိုနိုင်ပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ ကိုယ့်လိုဘပြည့်ဖို့ အပြစ်မဲ့သူတစ်ဦးကို ထိခိုက်နစ်နာအောင်ပြုလုပ်ခြင်းဟာ ဒီမိုကရေစီကို လိုလားတယ်လို့ မဆိုနိုင်ဘူး၊ ဥပဒေကို ချိုးဖောက်ခြင်း၊ လူမှုကျင့်ဝတ်ကို ချိုးဖောက်ခြင်းသာ ဖြစ်ပါတယ်။ မိမိအခွင့်အရေးကို အပြည့်အဝလိုချင်ရင် သူတစ်ပါးရဲ့ အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားတတ်ဖို့ လိုပါတယ်။ သူတစ်ပါးကို မထိခိုက်စေဘဲ ကိုယ့်လွတ်လပ်ခွင့်ကို အသုံးပြုနိုင်မှသာ ယဉ်ကျေးသိမ်မွေ့တဲ့၊ အဆင့်အတန်းမြင့်မားတဲ့ နိုင်ငံသားတစ်ယောက် ဖြစ်ပါလိမ့်မယ်။

**ဒီမိုကရေစီစနစ်မှာ ဆန္ဒပြတာ မထူးဆန်းပါဘူး။ ပြည်သူတစ်ယောက်ရဲ့ဆန္ဒကို ထုတ်ဖော်တာ၊ ပြည်သူ့အသံကို ထုတ်ဖော်တာ ဒီမိုကရေစီအခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူတစ်ယောက်ရဲ့အခွင့်အရေးကို အသုံးပြုပြီး သဘောထား မတိုက်ဆိုင်သူတွေ၊ အပြစ်မဲ့သူတွေအပေါ် လွဲမှားတဲ့နည်းလမ်းတွေ၊ အကျင့်စရိုက်တွေနဲ့ ပြုလုပ်နေခြင်းကတော့ ဒီမိုကရေစီနဲ့ဆန့်ကျင်ရာကို ဦးတည်နေခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ဥပဒေမဲ့၊ ကျင့်ဝတ်သိက္ခာမဲ့လုပ်နေကြမယ်ဆိုရင် အကျိုးမဲ့စေတဲ့အပြင် အလုံးစုံပျက်စီးခြင်းကို ဖြစ်ပွားစေနိုင်တာ သတိပြုကြရမှာပါ။**

**လားရာအကျိုးဆက်**

ပြင်သစ်တွေးခေါ်ပညာရှင် Joseph de Maistre ကတော့ Every country has the government it deserves. နိုင်ငံတိုင်းဟာ ကိုယ်နဲ့တန်တဲ့အစိုးရပဲ ရတယ်လို့ ဆိုပါတယ်။

ဒါဟာ ပြည်သူလူထုရဲ့ နိုင်ငံရေးအသိတရား၊ ပညာရေး၊ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေနဲ့ ဆက်စပ်နေမှုကို ရည်ညွှန်းနေတာဖြစ်ပါတယ်။ အရည်အသွေးမြင့်မားတဲ့ ပြည်သူတွေဟာ အရည်အသွေးမြင့်မားတဲ့ အုပ်ချုပ်သူအစိုးရကိုပဲ ရွေးချယ်မှာမို့ ကောင်းမွန်တဲ့အစိုးရကိုပဲ ရရှိပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ သူများယောင်တိုင်း လိုက်ယောင်လို့ မရပါဘူး။ အမှားအမှန်၊ အကောင်းအဆိုး၊ ဖြစ်လာနိုင်တဲ့ အကျိုးဆက်ဆိုတာတွေဟာ ကိုယ်တိုင် စဉ်းစားတွေးခေါ် ဆုံးဖြတ်ကြရမှာပါ။ ဒီမိုကရေစီဆိုတာ ပေးလို့မရဘူး၊ လိုက်နာကျင့်သုံးမှရတယ်ဆိုတဲ့ စကားလိုပါပဲ။ နိုင်ငံသားတစ်ယောက်မှာ ရပိုင်ခွင့်တွေရှိသလို လိုက်နာရမယ့်ဥပဒေနဲ့ ကျင့်ဝတ်တွေ၊ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်တွေကို လိုက်နာလုပ်ဆောင်ကြဖို့ လိုအပ်မှာပါ။

ဒီလိုမဟုတ်ဘဲ လွတ်လပ်စွာသဘောကွဲလွဲခွင့်ကို လျစ်လျူရှုပြီး မိမိအတ္တတစ်ခုတည်းကို ဇွဲဟိုပြုကာ အခြားသူတွေကို လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ခြိမ်းခြောက်အနိုင်ကျင့်နေတာဟာ ပြည်သူအချင်းချင်းအကြား၊ ဝန်ထမ်းအချင်းချင်းအကြား၊ မိတ်ဆွေအပေါင်းအသင်းတွေအကြား၊ မိသားစုဝင်တွေအကြား ပဋိပက္ခတွေ ပိုမိုကြီးမားလာနိုင်ပါတယ်။ ဒီလိုသာ ပဋိပက္ခတွေ၊ သဘောကွဲလွဲမှုတွေ ပိုကြီးလာမယ်ဆိုရင် မိမိတို့လိုလားချက်လည်း မပြည့်ဝနိုင်သလို အဆိုးသံသရာထဲမှာပဲ ပိုမိုနစ်မွန်းသွားနိုင်ပါတယ်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## မကွေးတိုင်းဒေသကြီး မကွေးမြို့၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းထားရှိကြောင်း သတင်းအရ မကွေးမြို့ မဲထီးလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ယခင်လက်နက်မှုဖြင့် ထောင်ကျဖူးသူ မင်းထင်ကျော် (၂၇)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မင်းထင်ကျော်ကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းနေအိမ် အိပ်ခန်းအတွင်းမှ ၅ ဒသမ ၅၆ ကျည်ဖြင့် ပစ်ခတ်၍ရသော လက်လုပ်သေနတ် နှစ်လက်၊ မှန်ပြောင်းပါလေသေနတ် နှစ်လက်၊ မှန်ပြောင်းပါ ပွိုင့် ၂၂ သေနတ် တစ်လက်၊ ပစ္စတိုပုံစံလေသေနတ် တစ်လက် စုစုပေါင်းသေနတ် ခြောက်လက်၊ ၅ ဒသမ ၅၆ ကျည် ၁၀၄ တောင့်၊ ၎င်းကျည်ခွံ တစ်ခု၊ ၇ ဒသမ ၆၂ ကျည် ကိုးတောင့်၊ ကျည်ခွံတစ်ခု၊ လေသေနတ်ကျည် နှစ်ဘူး၊ ပွိုင့် ၂၂ ကျည် လေးတောင့်၊ ၎င်းကျည်ခွံ ၃၄ ခု၊ ဓားမြှောင် နှစ်ချောင်း၊ ဓားရှည် လေးလက်၊ သံစကြာ တစ်ခု၊ လက်နက်ဆက်စပ်ပစ္စည်းများပါဘူး တစ်ဘူး၊ ဆေးခြောက်(အလေးချိန် စိစစ်ဆဲ) ထည့်ထားသော ကော်ဘူး ငါးဘူးနှင့် ဖန်ပုလင်းနှစ်လုံး၊ ဆေးခြောက်ရှူကိရိယာ တစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

ဆက်လက်၍ ဆက်စပ်သတင်းအရ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မကွေးမြို့ ဈေးလမ်းဆုံရပ်ကွက် ပန်းခြံအနောက်လမ်းနေ ဟေမာန်အောင် (၃၀)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ဟေမာန်အောင်အား တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းနေအိမ်အိပ်ခန်းအတွင်းမှ ဒသမ JD 007 နံပါတ်ပါ ပွိုင့် ၂၂ သေနတ် တစ်လက်၊ အမျိုးအစား(စိစစ်ဆဲ) သေနတ်အတို တစ်လက် စုစုပေါင်းသေနတ် နှစ်လက်၊ ပွိုင့် ၂၂ ကျည် ၄၉ တောင့်၊ ပွိုင့် ၂၂ ကျည်ကတ် နှစ်ခု၊ စနိုက်ပါဆက်စပ်ပစ္စည်း တစ်စုံ၊ သံစကြာ တစ်ခု၊ ဓားရှည် နှစ်ချောင်းနှင့် ခေါက်ဓားတစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။


အထက်ပါဖြစ်စဉ်များမှ လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၄**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၁၂)ကို မတ် ၂၆ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၂)၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ဝိုင်းလမင်းအောင်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပုသိမ်မြို့၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး တံခွန်တိုင်တည်ဆောက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ တံခွန်တိုင်တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ပိတ်တင်ဒါ ကြော်ငြာစာ

၁။ ပုသိမ်မြို့၊ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်ရင်ပြင်တော်တွင် တံခွန်တိုင်တည်ဆောက်ရေးလုပ်ငန်း အတွက် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အိတ်ပိတ်တင်ဒါ အဆိုပြုလွှာနှင့် စည်းကမ်းချက်(၁)စုံလျှင် ငွေကျပ် ၁၀၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါနေ့ရက်များတွင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူ တင်သွင်းရန်ဖြစ်ပါသည်-

(က)လျှောက်လွှာစတင်ရောင်းချမည့်- ၃၀-၃-၂၀၂၁ရက်
နေ့ရက်/အချိန် (အင်္ဂါနေ့)(၁၀:၀၀)နာရီ

(ခ) လျှောက်လွှာပိတ်မည့်နေ့ရက်/ - ၅-၄-၂၀၂၁ရက်
အချိန် (တနင်္လာနေ့) (၁၆:၀၀)နာရီ

၃။ အိတ်ပိတ်တင်ဒါအဆိုပြုလွှာများကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ COVID-19 ကာလ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ၇-၄-၂၀၂၁ရက်(၁၀:၀၀)နာရီတွင် တံခွန်တိုင်တည်ဆောက် ရေးကြီးကြပ်မှုဦးစီးကော်မတီမှ အိတ်ပိတ်တင်ဒါ အဆိုပြုလွှာ တင်သွင်း သူများ၏ ရှေ့မှောက်၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

(အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးနှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဆက်သွယ်ရန်ဖုန်း- ၀၄၂-၂၄၂၇၇ ၀၉-၄၂၈၅၅၂၀၀၉
၀၄၂-၂၅၂၉၈ ၀၉-၆၉၉၅၅၄၄၇
၀၉-၇၈၉၃၉၀၃၁၈

**ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

## နေပြည်တော်ကောင်စီနယ်မြေတွင်တည်ဆောက်လျှက်ရှိသည့် သုခတော်ဝင်အိမ်ရာတိုက်ခန်း ဝယ်ယူလိုသူများ လျှောက်ထားနိုင်ခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညို လမ်းဘေး (မြို့မဈေးအနီး)၊ မြေဧရိယာ(၂၃၀) ဧကပေါ် တွင် ယခင်အငြိမ်းစားဝန်ထမ်းအိမ်ရာအမည်အစား ယခု"သုခတော်ဝင်"အိမ်ရာအမည် ဖြင့် (၄)ခန်းတွဲ (၄)ထပ်၊ အခန်း(၁)ခန်းလျှင် အိပ်ခန်း (၂)ခန်းပါ ယခင်(၆၅၀)စတုရန်း ပေ ယခု (၆၉၀)စတုရန်းပေရှိ တိုက်ခန်းများတည်ဆောက်လျှက်ရှိပြီး ရောင်းချရန် ကျန်ရှိသော မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့အား အောက်ပါ ဈေးနှုန်းများအတိုင်း အငြိမ်းစားဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့် အများပြည်သူတို့အား မည်သူမဆို လွတ်လပ်စွာရောင်းချပေးသွား မည်ဖြစ်ပါသည်-

(က) မြေညီထပ်ဈေးနှုန်းကျပ် (၂၅၀) သိန်း
( ခ ) ပထမထပ်ဈေးနှုန်းကျပ် (၂၄၀) သိန်း
( ဂ ) ဒုတိယထပ်ဈေးနှုန်းကျပ် (၂၂၀) သိန်း
(ဃ) တတိယထပ်ဈေးနှုန်းကျပ် (၁၉၀) သိန်း

၂။ သုခတော်ဝင်အိမ်ရာတိုက်ခန်း ဝယ်ယူလျှောက်ထားလိုသူများသည် ပူးတွဲ (က)နှင့်(ခ)ပါ လျှောက်လွှာပုံစံများတွင်ဖြည့်စွက်၍ သုခတော်ဝင်အိမ်ရာ စိစစ်နေရာ ချထားရေးဆပ်ကော်မတီ၊ မြို့တော်ခန်းမ၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထား နိုင်ပြီး လျှောက်လွှာတင်စဉ်ကပင် တိုက်ခန်းတန်ဖိုး၏ (၃၀%)အား ပေးသွင်းရမည် ဖြစ်ပါသည်။ လျှောက်လွှာတင်သည့်အရေအတွက်ပေါ်မူတည်၍ တိုက်ခန်းများကို မဲနှိုက်နေရာချထားပေးမည်ဖြစ်ပြီး ကျန်ငွေ (၇၀%)အား အောက်ဖော်ပြပါ ငွေပေး ချေမှုစနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) လက်ငင်းအကျေစနစ်ဖြင့်ပေးသွင်းလိုသူများအား မဲနှိုက်ပြီး (၁)လ အတွင်း ပေးသွင်းစေခြင်း၊
( ခ ) အရစ်ကျစနစ်ဖြင့် ပေးသွင်းလိုသူများအား (၆)လ (၆) ရစ်ဖြင့် ပေးသွင်းစေခြင်း၊
( ဂ ) ဘဏ်ချေးငွေစနစ်ဖြင့် ပေးသွင်းလိုသူများအား နေပြည်တော်ဖွံ့ဖြိုး ရေးဘဏ်နှင့် ဆက်သွယ်၍ (၃နှစ်/ ၅နှစ်/ ၇နှစ်/ ၁၀နှစ်) ဖြင့် ပေးသွင်း စေခြင်း။

၃။ သုခတော်ဝင်အိမ်ရာတွင် ကျန်ရှိသောတိုက်ခန်းများအား ဦးရာလူစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံသား မည်သူမဆို လွတ်လပ်စွာဝယ်ယူ နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၏ Website လိပ်စာ www.nptdc.gov.mm နှင့် Facebook Page ဖြစ်သည့် NPTDC Webportal တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက် များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ပါသည်-

( ၁ ) သုခတော်ဝင်အိမ်ရာ စိစစ်နေရာချထားရေးဆပ်ကော်မတီ
(၀၆၇ - ၈၁၀၈၂၄၂၊ ၀၆၇ - ၃၄၁၄၆၁၇)
( ၂ ) ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် လီမိတက်
(၀၆၇ - ၃၄၃၂၇၃၈၊ ၀၆၇ - ၃၄၃၂၇၃၉)

**(သုခတော်ဝင်အိမ်ရာ စိစစ်နေရာချထားရေးဆပ်ကော်မတီ)**

## အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၈-ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်အမှတ် (၃၂)၊ ပထမထပ်(ဝဲ)ဘက်၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ အကျယ် $(12\frac{1}{2} \times 50)$ပေ ကျယ်ဝန်းသော တိုက်ခန်း(၁)ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိ သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရောင်းချသူ ဒေါ်ဘေဘီ သန်း[၁၂/သကတ(နိုင်)၀၉၂၂၇၃]မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် မည့်သူများမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဝါဝါစံ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၅၀)**
**အမှတ်(၄၇၉)၊ အောက်ပုဇွန်တောင်လမ်း၊**
**(၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၁၅၂၅၅၊ ၀၉-၇၉၉၈၈၈၉၄၅၄**

## "ကိုသူရအောင် [၁၂/ရပသ(နိုင်)၁၂၇၉၈၇] နှင့် သက်ဆိုင်သူများသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေ မပန်းအိသူဇာ [၁၂/သလန(နိုင်)၁၄၃၁၉၄]နှင့် ကိုသူရ အောင် [၁၂/ရပသ(နိုင်)၁၂၇၉၈၇]၊ အဖ ဦးဇော်သက်တို့သည် (၂၆-၅-၂၀၂၀) ရက်တွင် နှစ်ဖက်လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခြင်းကို ပြုလုပ်ထားခဲ့ကြပါသည်။ သို့သော်လည်း မပန်းအိသူဇာမှ တရားဝင်လက်ထပ်ရန် မဖြစ်နိုင်တော့ပါ၍ စေ့စပ်ကြောင်းလမ်းထားခြင်းကို ဖျက်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဤကြေညာပါသည့်နေ့မှစ၍ ကိုသူရအောင်ကိုယ် တိုင်ဖြစ်စေ၊ ပတ်သက်ဆက်နွှယ်သူများမှတစ်ဆင့်ဖြစ်စေ၊ မပန်းအိသူဇာအား ဆက်သွယ်နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာကျစေရန် စွပ်စွဲပြောဆို ခြင်းများကို ပြုလုပ်လာခဲ့ပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဦး (တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၈၇၅၄**
**ရုံး- အမှတ်-၁၀၁၊ ၃လွှာ၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၅၃၂၈၃၃၆၊ ၀၉-၄၅၀၀၂၄၂၄၃**

ရတနာ သစ်တော ပြည့်သွေး ကြော သစ်တော ရတနာ ထိန်းသိမ်းပါ

အဂတိ ပယ်ခွာ ပြည်သာယာ

# အနုပညာ

## ဧပြီလအတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့် NCT DREAM

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ NCT DREAM ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ မကြာမီမှာ ပရိသတ်ရှေ့အရောက်ပြန်လာတော့မှာ ဖြစ်ပါတယ်။ အဖွဲ့လိုက်ထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်သစ်မှာ မာ့ခ်လည်း ပြန်လည်ပါဝင်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၂၃ ရက်မှာ NCT DREAM အနေနဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေ အရှိန်မြှင့်ကာ ပြုလုပ်နေကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ အေဂျင်စီက မှန်ကန်ကြောင်းနဲ့ လာမယ့် ဧပြီလအတွင်း အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်နိုင်အောင် ပြင်ဆင်နေကြောင်းလည်း ဆိုပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ တစ်နှစ်တာအတွင်း ပထမဆုံးထုတ်လွှင့်မယ့် အဖွဲ့ရဲ့တေးအယ်လ်ဘမ်ဖြစ်ပြီး အဖွဲ့ဝင်တစ်ဦးဖြစ်သူ မာ့ခ်အတွက်တော့ နှစ်နှစ်တာအတွင်း ထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်ဖြစ်လာမှာပါ။ မာ့ခ်ဟာ မကြာသေးမီက ဘွဲ့ရခဲ့ကာ မကြာမီထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်သစ်မှာ ပြန်လည်ပါဝင်လာမှာဖြစ်တာကြောင့် တေးအယ်လ်ဘမ်သစ်မှာတော့ အဖွဲ့ဝင် ခုနစ်ဦးစလုံးပါဝင်မှာ ဖြစ်ကြောင်း သိရပါတယ်။






## Black Widow ရုပ်ရှင် ရုံတင်မယ့်ရက်ရွှေ့ဆိုင်း

အမျိုးသမီးလူစွမ်းကောင်း ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ Black Widow ရဲ့ ရုံတင်မယ့်ရက်ကို ရွှေ့ဆိုင်းကြောင်း လတ်တလောမှာ ဝေါ့ဒစ်စနေကုမ္ပဏီဘက်က ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ ရုပ်ရှင်ရုံတင်မယ့်ရက်ကို လာမယ့် ဇူလိုင်လအတွင်း ရွှေ့ဆိုင်းလိုက်တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၂၃ ရက်မှာ မာဘယ်လ်စတူဒီယိုက ရိုက်ကူးသွားမယ့် Black Widow ရုပ်ရှင်ကို စတင်ပြသဖို့ရာ ရည်ရွယ်ထားတဲ့ ရက်ထက် နှစ်လရွှေ့ဆိုင်းကြောင်း ကြေညာခဲ့တာပါ။ အဆိုပါ ရုပ်ရှင်မှာ ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသမီးတစ်ဦးဖြစ်သူ စကားလက်ဂျိုဟန်စန်က အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်ထားတာဖြစ်ပြီး လာမယ့် ဇူလိုင် ၉ ရက်မှာ စတင်ပြသဖို့ ရက်ရွှေ့ဆိုင်းခဲ့ပါတယ်။

စကားလက်ဂျိုဟန်စန်ပါဝင်သွားမယ့် ဇာတ်ကောင်ဟာ ရုရှားမှာ မွေးဖွားခဲ့တဲ့ ထောက်လှမ်းရေးတစ်ဦးဖြစ်ပြီး နောက်ပိုင်းမှာ လူစွမ်းကောင်းတစ်ဦးဖြစ်လာခဲ့သူပါ။ Black Widow ကို နွေရာသီဈေးကွက်မှာ အောင်မြင်ဖို့ ရည်ရွယ်ကာ လာမယ့်မေလအတွင်း စတင်ပြသသွားဖို့ စီစဉ်ထားပေမယ့် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ပြသမယ့်ရက်ကို ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ရတာလည်း ဖြစ်ပါတယ်။

အေးပြည့်- စုစည်းသည်

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၉၁၀၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၉၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၁
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၈၁၃၉၂၄၉၈၀
- ကိုယ်စားလှယ်သတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၁
- ကိုယ်စားလှယ်သတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၃၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်စားလှယ်သတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်စားလှယ်သတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်စားလှယ်သတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၀၆၄
- ကိုယ်စားလှယ်သတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်စားလှယ်သတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၁၂၂၄၉၂
- ကိုယ်စားလှယ်သတင်းစာတိုက်(ထားဝယ်)
  ဖုန်း-၀၅၉-၂၀၂၂၁၃၃
- ကိုယ်စားလှယ်သတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်စားလှယ်သတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်စားလှယ်သတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၂၁၈၃



## အထူးဝမ်းနည်းကြေကွဲခြင်း
### တစ်သက်တာစာပေဆုရှင်
### အမျိုးသားစာပေဆုရ
### စာရေးဆရာကြီး ငွေးမောင်(၁၉၂၇-၂၀၂၁)

၂၂-၃-၂၀၂၁ရက် (တနင်္လာနေ့)က ဆရာကြီးကွယ်လွန်အနိစ္စရောက်ခြင်းသတင်းကို ကြားသိရသည့်အတွက် ဝမ်းနည်းတသ စိတ်မကောင်းဖြစ်မိပါသည်။

အရေးတော်ပုံ(ရှုမဝ ဝတ္ထုရှည်)၊ တိုက်ပွဲခေါ်သံ(အမျိုးသားစာပေဆုရဝတ္ထုရှည်) စသော ဂန္ထဝင်စာပေအမျိုးအစားပေါင်းများစွာ စာပေဂုဏ်ရောင်ထွန်းပြောင်ခဲ့သော ချောက် ရေနံမြေဇာတိ(အမည်ရင်းဦးမောင်လှ)သည် နိုင်ငံလူမျိုး၊ အလုပ်သမားထုကောင်းကျိုး တို့ကို အမြတ်တနိုးထမ်းဆောင်သွားခဲ့သည့်ပုဂ္ဂိုလ်ဖြစ်သဖြင့် ဆရာကြီး၏မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးချစ်နိုင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဒေါ်တင်အေး
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းနေ (ဦးညိဏ်-ဒေါ်ထားအုံ)တို့၏သမီး၊ မိတ္ထီလာမြို့နေ (ဦးပု-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၈) ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ်(၇၃၄) နေ(ဦးဖေသိန်း)၏ဇနီး၊ (ဦးထွန်းနွယ်)၊ ဒေါ်အေး နိုင်နိုင်သိန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မရွှေယမင်းဦး (အာယုဆေးရုံ)၊ မခက်ခက်ဝေ၊ မတင်တင်ထက်၊ မောင်ညာဏ်လင်းအောင်တို့၏အဘွားသည် ၂၄-၃-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၁(အင်္ဂါနေ့) နံနက် ၇နာရီမှ၁၁နာရီထိ ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်
### ခရိုင်ကြီးကြပ်ရေးအဖွဲ့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်အတွင်း ခွဲဝေထားရှိသော အရေးပေါ်ရိက္ခာ စားအုန်းဆီ 18 Liter စားအုန်းဆီပုံး(၉.၈ပိဿာ)ဆံ့ (၄၁၇၀)ပုံးနှင့် 2x9 Liter စားအုန်းဆီ(၉.၈ပိဿာ)ဆံ့(၃၃၂၅)ဂျပ်ဖာအား ပြည်သူများ လက်ဝယ်သို့ သင့်တင့်မျှတသော ဈေးဖြင့်ရောင်းချနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ စားအုန်းဆီ ဝယ်လိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်-

စစ်ကိုင်းခရိုင် -(၄၁၇၀) ပုံး[(18 Literစားအုန်းဆီပုံး(၉.၈ ပိဿာ)]
-(၃၃၂၅)ဂျပ်ဖာ[(2x9 Liter စားအုန်းဆီပုံး (၉.၈ ပိဿာ)]

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၃-၂၀၂၁ ရက်နေ့ နံနက်(၉:၃၀)နာရီတွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၅-၄-၂၀၂၁ရက် ညနေ(၄)နာရီ နောက်ဆုံးထား တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာစားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၊ စစ်ကိုင်းမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၂-၂၁၁၇၉၊ ၀၇၂-၂၁၀၆၁ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်**

## ဒေါ်မြင့်မြင့်စီနှင့်အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၈၅၁)နေ ဦးကြည်ဝင်း၏ တရားဝင်ဇနီး ဒေါ်အေးသန္တာဆွေ(ခ)ဒေါ်လင်းလက် [၁၂/ဒဂတ(နိုင်)၁၁၄၄၇၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြော်ငြာအပ်ပါသည်။

(၁၉-၃-၂၀၂၁) ရက်တွင် ကွယ်လွန်သွားသူ ဦးကြည်ဝင်းသည် မိန်းမ(၅)ဦးနှင့် လက်ထပ်ခဲ့ဖူးပါသည်။ ဦးကြည်ဝင်းသည် ပထမဇနီး ဒေါ်သန်းကြူနှင့် လွန်ခဲ့သော အနှစ်(၂၀)ကျော်ကတည်းက ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ယင်းသို့ ကွာရှင်းပြတ်စဲစဉ်က ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၆၀)ရှိ မြေနှင့်အိမ်ကို ဒေါ်သန်းကြူအား အပိုင်ပေးအပ်ပြီးမှ ကျေနပ်စွာ ကွာရှင်းခဲ့ကြခြင်း ဖြစ်ပါသည်။

(၁) တိုယိုတာဘင်ကပ် 2N/6573 (၁) စီး
(၂) ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၈၅၁) ကန်ထရိုက်တိုက်ခန်း (ယာ) မြေညီ၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်တိုက်ခန်းများ၊
(၃) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းကျေးရွာအုပ်စု (၂၃)ရပ်ကွက်၊ အမှတ် (၁၂၃၀) ရှိ မြေ(၄၀ပေ x ၆၀ပေ) မြေနှင့် အဆောက်အဦ၊
(၄) မြန်မာ့ရိုးရာဆိုင်းဝိုင်းတူရိယာပစ္စည်းများ၊ ရှေးဟောင်းလက်ရာပစ္စည်းများမှာ ဦးကြည်ဝင်း မကွယ်လွန်မီကတည်းက ပေးကမ်း၊ လှူဒါန်း၊ ပေါင်နှံ၊ ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ဦးကြည်ဝင်းကွယ်လွန်ပြီးနောက် မည်သည့်ပစ္စည်းမှမကျန်ခဲ့ပါ။ ဦးကြည်ဝင်း(ကွယ်လွန်) ၏ကိစ္စအဝဝမှာ လက်ရှိတရားဝင်ဇနီး ဒေါ်အေးသန္တာဆွေ (ခ) ဒေါ်လင်းလက်နှင့်သာ သက်ဆိုင်ပြီး ဒေါ်သန်းကြူနှင့် ဒေါ်မြင့်မြင့်စီတို့ စီမံခန့်ခွဲပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးသန္တာဆွေ(ခ)ဒေါ်လင်းလက်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မေစီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၅၂၂၇)**
**ဖုန်း ၀၉-၅၁၃၀၁၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၂/မြို့သစ်တောင်ရပ်)၊ ဦးပိုင်အမှတ်(၁၀၆)၊ မြေဧရိယာ (၀.၀၅၁)ဧကရှိ ဒေါ်သန်းတင် အမည်ပေါက် မြို့မြေကွက်အား ဦးဇော်လင်းမောင်(ဘ) ဦးမောင်မောင် [၉/လဝန(နိုင်)၁၃၄၁၀၆]မှ အရောင်းအဝယ် ကတိစာချုပ်၊ တရားရုံးကတိသစ္စာပြုလွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## မူးယစ်ကို
## ပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## ဒေါ်မြသိန်း
### အသက်(၈၉)နှစ်

ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ နယ်မြေ(၂)၊ အိမ်အမှတ်(၂/၃၈)နေ (ဦးကျော်)၏ဇနီး၊ ဦးကျော်ခင်-ဒေါ်စန်းရီ၊ ဦးခိုင်သန်း-ဒေါ်ခင်ဝင်းရည်၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းအေး၊ ဦးဟန်သိန်း-ဒေါ်ခင်မာစိန်၊ ဦးကျော်တင့်-(ဒေါ်မြမူ)၊ ဒေါ်အေးအေးမူ၊ ဦးရဲတိုးသွင်-ဒေါ်ခင်ခင်မူ၊ ဦးသန်းထွန်း-ဒေါ်သီတာခိုင်၊ ဦးအောင်မိုးကျော်-(ဒေါ်တင်တင်ထွေး)၊ ဦးဆန်းဝင်း-ဒေါ်တင်တင်အေးတို့၏ မွေးသမိခင်၊ မြေး(၃၁)ယောက်၊ မြစ်(၁၃)ယောက်တို့၏ အဘွားဖြစ်သူသည် ၂၄-၃-၂၀၂၁(ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် စဥ့်ဟယ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၂၁(တနင်္ဂနွေနေ့) နံနက် ၆:၀၀နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဘွယ်၊ လှူဖွယ်ဝတ္ထုအစုစုဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ တရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ခင်ထွန်း (ငြိမ်း)
### ကြည်း- ၇၈၉၈
### စ.စ.စ ညွှန်ချုပ်(ငြိမ်း)
### OTS- (၂၁)
### အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် (၂၂)၊ အခန်း (၉)နေ (ဦးမောင်ကံ-ဒေါ်သောင်းဆင့်) တို့၏သားလတ်၊ ဒေါ်ခင်ထွေး၏ ချစ်လှစွာ သောခင်ပွန်း၊ ဦးအောင်မြင့်ဦး-ဒေါ်ခင်မာငွေး၊ ဦးဇော်ဝင်း- ဒေါ်စန္ဒာဝင်း၊ ဦးသန်းထွဋ်၊ ဦးသီဟ-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်စန်းစန်းထွန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးခင်ထွန်းသည် ၂၄-၃-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၁ (အင်္ဂါနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သစ်သစ်ဆွေ
### တွဲဖက်ပါမောက္ခ (ငြိမ်း) မြန်မာစာဌာန
### ဒဂုံတက္ကသိုလ်
### အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ မြရတနာလမ်း၊ အမှတ် (၁၀/A)နေ (ဦးအောင်ညွှန့်)- ဒေါ်လုရီတို့၏သမီး၊ (ဒေါ်မြင့်မြင့်ဆွေ)၊ ဦးခင်မောင်ဆွေ-ဒေါက်တာသန်းသန်းမြင့် တို့၏ညီမ၊ ဦးမြင့်အောင်-(ဒေါ်ခင်ထွေး)၊ ဒေါ်သီဂီအောင်၊ ဒေါ်မူမူအောင်-ဦးလှစိန်၊ ဒေါ်မာလာအောင်၊ ဒေါ်နီလာအောင်တို့၏ အစ်မ၊ မောင်ရဲနန္ဒဆွေ-မမေမေဆင့်၊ မောင်ဟိန်းတေဇဆွေ၊ ဒေါက်တာမျိုးဇေယျာဆွေ-မခင်ဆွေဆွေဦး၊ မောင်ကျော်ခိုင်ဦး-မသက်ရည်မွန်၊ မမီခိုင်ဦး-ဗိုလ်ကြီးမျိုးမင်းသိန်း၊ ဒေါက်တာဝင်းမင်းအောင်၊ မောင်မင်းမင်းအောင်-မဖြူဖြူအောင်တို့၏ အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၄-၃-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၅ နာရီတွင် သျှင်ပါကူဆေးရုံ၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၁ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နွေးနွေးဇော်[၇/လပတ(နိုင်)၁၆၃၆၂၉](ဘ) ဦးမြင့်မောင်နှင့် အများသိစေရန်ကြေညာချက်

ဦးသန့်နိုင်(Golden Dream) ဘီလပ်မြေရောင်းဝယ်ရေး၊ အမှတ်(P-18)၊ သီရိရတနာ(လက်လီလက်ကားဈေးဝင်း)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ ဒေါ်နွေးနွေးဇော်သည် ကျွန်ုပ်အမှုသည်၏ အရောင်းဆိုင်၌ (၂၁-၇-၂၀၁၉) ရက်နေ့မှစ၍ အရောင်းဝန်ထမ်းအဖြစ် ပစ္စည်းဖြန့်ချီရေးလုပ်ငန်းကို တာဝန်ပေးချက်အရ လုပ်ကိုင်နေသူ ဖြစ်ပါသည်။ ဒေါ်နွေးနွေးဇော်သည် အရောင်းဆိုင်မှ ပစ္စည်းများထုတ်ယူခြင်း တာဝန်ကိုသာပေးအပ်ထားပြီး ဒေါ်နွေးနွေးဇော်သည် အရောင်းဆိုင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲငွေကြေးများထုတ်ယူခဲ့ပြီး ၎င်း၏ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ရန်ထုတ်ယူသုံးစွဲခဲ့ပါသည်။ ထိုသို့ လုပ်ကိုင်ရင်း ၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများ၏ ရောင်းဝယ်မှုစာရင်းဇယားနှင့် ငွေကြေးများကို ဆိုင်သို့ ရှင်းလင်းပေးခြင်းမရှိဘဲ(၁၉-၃-၂၀၂၁)ရက်နေ့ ကုန်ဆုံးချိန်တွင် ထွက်ခွာသွားခဲ့ပါသည်။ လိုက်လံရှာဖွေသော်လည်း မတွေ့ရှိတော့ပါ။ ဒေါ်နွေးနွေးဇော် ဆိုင်သို့ ပြန်ရှင်းပေးရန် စုစုပေါင်းငွေကျပ်မှာ- ၅၄၈၅၄၂၀၀/-(ငါးရာလေးဆယ့်ရှစ်သိန်းငါးသောင်းလေးထောင့်နှစ်ရာ)ကျပ်တိတိ ဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်၏ လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော အရောင်းဆိုင်များအနေဖြင့် ဒေါ်နွေးနွေးဇော်နှင့် ရောင်းဝယ်ခြင်း၊ ငွေကြေးပေးချေခြင်းများမပြုလုပ်ကြပါရန်နှင့် ထိုသို့ဖြစ်ပေါ်လာပါက ပေးအပ်သူတို့၏ တာဝန်သာဖြစ်ပါလိမ့်မည်။ ဒေါ်နွေးနွေးဇော်သည် ကျွန်ုပ်အမှုသည်၏ လုပ်ငန်းမှ ထွက်ခွာသွားသည့် (၁၉-၃-၂၀၂၁) ရက်နေ့မှစ၍ တာဝန်ပေးအပ်ခြင်းမရှိတော့ပါ။ ဒေါ်နွေးနွေးဇော်သည် အလုပ်လျှောက်ထားစဉ်က ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အနောက်အောင်မေတ္တာလမ်း၊ အမှတ်(၁၁၉/က)တွင် အမြဲတမ်းနေထိုင်သည်ဟုလည်းကောင်း၊ ၎င်း၏နိုင်ငံသားစိစစ်ရေးကတ်တွင် လက်ပံတန်းမြို့နယ်(အလယ်စု)၊ ဝွေးတောက်ကွင်းတွင်နေထိုင်သူဖြစ်ပါကြောင်း ဖော်ပြထားရှိခဲ့ပါသည်။ ဒေါ်နွေးနွေးဇော်အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်အမှုသည်နှင့် လာရောက်တွေ့ဆုံငွေကြေးရှင်းလင်းနိုင်ရန် အသိပေးအပ်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဒေါ်နွေးနွေးဇော်နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မင်းနိုင်(စဥ်-၁၀၉၁၈/၁၆)**
**LL.B,DL-101 Wipo(Switzerland)**

**ဒေါ်သက်ဆုရည်(စဥ်-၁၂၈၃/၁၇)**
**LL.B**

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၂၄၈၈၆**

## ဥတုရာသီ တောကိုမှီ၏

### ဘုရား၊ ကျောင်း၊ သိမ်၊ ရေတွင်း ဒါယကာကြီး
## ဦးရဲနိုင်(ဥပဒေ) (အောင်ဆန်း - ၆)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
### အသက်(၇၆) နှစ်

ရေဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့၊ အောင်ဆန်း(၄) လမ်း၊ အမှတ်(၁၁၂)နေ (ဦးထွန်းတင်- ဒေါ်ချစ်)တို့၏သား ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)လမ်း၊ အမှတ် (၆၆) (ပ)ထပ်နေ (ဦးသိန်းအောင်-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်အောင်ဖြိုး-ဒေါ်အေးမြတ်နိုင်၊ ဒေါက်တာမျိုးမြတ်မောင်-ဒေါ်ဝင်းမြတ်နိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ထက်မြတ်နိုင်၊ မောင်ထက်အာကာကျော်၊ မောင်ဘုန်းမြတ်ထက်တို့၏အဘိုး ဦးရဲနိုင်သည် ၁၈-၃-၂၀၂၁ ရက်နေ့ မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၁ ရက်နေ့ နံနက် ၁၁:၀၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးခင်ထွန်း(ငြိမ်း)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၂)၊ အခန်း(၉)နေ ဒေါ်ခင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးခင်ထွန်း(ငြိမ်း) သည် ၂၄-၃-၂၀၂၁ရက် နံနက် ၄:၃၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
### သတင်းကြေညာချက်
### ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်
### ၂၀၂၁ ခုနှစ်၊ မတ်လ (၂၅) ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ(၁၀)ရက်နေ့အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ရောင်းချပွဲသို့ တက်ရောက်လိုသော **နိုင်ငံသားရတနာကုန်သည်များကို ၂၀၂၁ ခုနှစ်၊ မတ်လ(၂၄) ရက်နေ့မှစ၍ ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်အတွက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရုံးချုပ်) နေပြည်တော်** တွင် ရတနာကုန်သည်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## "ပျောက်ဆုံးကြောင်း"

ကျွန်တော်များ Standard International MFG CO.,LTD, MICB ဘဏ်စာအုပ် အမှတ်(FDS-110314)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Standard International MFG CO.,LTD**
**Ph:09-966693959**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇
### ကွယ်လွန်သူ ဦးသီရိပါလ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

**ဦးပညာသာမိ** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဖျာပုံလမ်း၊ ဖျာပုံကျောင်းတိုက်၊ အမှတ်-၂၅၄/၂၅၅/၂၅၆နေ ကွယ်လွန်သူ ဦးသီရိပါလ၏ တပည့်အရင်းဖြစ်သည်ဟူ၍ ကွယ်လွန်သူ ဦးသီရိပါလမှ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုဆက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသီရိပါလ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်(၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်) နံနက်(၁၀:၀၀)နာရီတွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးပညာသာမိ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ်၊ မတ်လ(၂၄)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညှိုမီလတ်)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ဗဟိုစံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေး ငါးဒိုင်များ စည်ကားစွာ ဖွင့်လှစ်လျက်ရှိ



ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ ဈေးပေါင်း ၁၈၄ ဈေးရှိသည့်အနက်မှ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေး၊ သီရိမင်္ဂလာကုန်စိမ်းဈေးနှင့် မင်္ဂလာဒုံမြို့နယ်ထောက်ကြံ့သီရိရတနာဈေးတို့သည် ယခင် ၂၄ နာရီ ဖွင့်လှစ်ခဲ့သော်လည်း ယခုအခါ နိုင်ငံတော်၏ အချိန်ကန့်သတ်ချက်များကြောင့် နံနက် ၄ နာရီမှ ည ၈ နာရီအထိ စည်ကားစွာ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း ဈေးများဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့ စည်ကားစွာ ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးများအနက်မှ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်ကာလအတွင်း ငါးဒိုင်ပေါင်း ၁၄၆ ဒိုင် ဖွင့်လှစ်ရောင်းချခဲ့ရာ ယခုလက်ရှိကာလတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ငါးဒိုင်ပေါင်း ၇၀ ကျော်သာ ဖွင့်လှစ်ရောင်းချနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ရေချို၊ ရေငန်ငါးပိသာချိန်စုစုပေါင်း ၉၀၂၅၀ ခန့် ပုံမှန်ရောင်းဝယ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အတူ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးသည်လည်း ငါးဒိုင်ပေါင်း ၄၀၀ ကျော်ရှိသည့်အနက် လက်ရှိအချိန်တွင် ငါးဒိုင်ပေါင်း ၃၀၀ ကျော်ကို **စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❖**

# မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသား ရတနာကုန်သည်များကို ရောင်းချပွဲတက်ရောက်ခွင့် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၂၄**


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို မတ် ၂၄ ရက်မှစ၍ ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်အတွက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရုံးချုပ်နေပြည်တော်)တွင် ရတနာကုန်သည်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ပတ်ရထား အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် ခရီးစဉ်ပြေးဆွဲ



ရန်ကုန်မြို့ပတ်ရထားလမ်းပေါ်ရှိ ပိတ်ဆို့ထားသည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းဖယ်ရှားရှင်းလင်းစဉ်။

**နေပြည်တော် မတ် ၂၄**

မြန်မာ့မီးရထားတွင် ပြေးဆွဲလျက်ရှိသော ရန်ကုန်မြို့ရှိ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြေးဆွဲခြင်းလုပ်ငန်းကို အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားခဲ့ရာမှ ယနေ့နံနက်ပိုင်းတွင် အင်းစိန်ဘူတာမှ လူစီးတွဲ ငါးတွဲပါ RBE ရထားတွဲဆိုင်းကို လက်ဝဲရစ်လမ်းကြောင်းအတိုင်း နံနက် ၈ နာရီ ၃၅ မိနစ်မှ စတင်ထွက်ခွာရာ ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့သည်။

အဆိုပါ မြို့ပတ်ရထားတွဲဆိုင်းသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၉ နာရီ ၅၅ မိနစ်တွင် **စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❒**

## ကြေးမုံ ယနေ့ ဖတ်စရာ


**လွမ်းသဝဏ်ထက်က တပ်နှင့်ပြည်သူ တွဲလက်ညီသည့် သာဓကမှအစပြု၍ ...** ဆောင်းပါး စာမျက်နှာ » ၈

**နိုင်ငံသားအခွင့်အရေးနှင့် တာဝန်** ဆောင်းပါး စာမျက်နှာ » ၁၀

**တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ဖိလစ်ပိုင်သို့ ထပ်မံရောက်ရှိ** စာမျက်နှာ » ၁၂

**လူမှုရေးခြိမ်းခြောက်အနိုင်ကျင့်မှုနှင့် လားရာအကျိုးဆက်** ဆောင်းပါး စာမျက်နှာ » ၂၆